မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၉၇)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တနင်္ဂနွေ။

၂၈-၇-၂၀၁၂ ထစ်ချုန်းမိုး

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နောင်လူဦးရေ သန်း ၁၀၀ အထိ မျှော်မှန်းပြီး မျိုးဆက်သစ်များရိက္ခာဖူလုံရေး အလေးထားဆောင်ရွက်ရန်လို

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ကျင်းပသည့် နိုင်ငံတော်အဆင့် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး ကောက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ နိုင်ငံတကာ ကိုယ်စားလှယ်အဖွဲ့ချင်စီမှ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စိုက်ပျိုးရေးဝန်ကြီးများနှင့် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးပညာရှင်များ၊ ကောက်ရိတ်သိမ်းပွဲကို စိတ်ဝင်တစားလေ့လာလိုကြသည့် ဒေသခံတောင်သူလယ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဤဆည်ရေသောက်စနစ် ဧက ၄၄၀ တစ်ဆက်တစ်စပ်တည်းစိုက်ကွင်းများသည် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အပေါ်တွင် လက်တွေ့ကြိုးပမ်းမှုများ၏ အောင်မြင်မှုရလဒ်အဖြစ် ထင်ရှားမြင်သာသော မှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ ပြည်သူလူထုကိုဗဟိုပြု၍ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့် အောင်မြင်မှုရလဒ်တစ်ခုဖြစ်သည့် အားလျော်စွာ ယခုကဲ့သို့စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ခဲ့ခြင်းကြောင့် မူလလယ်ယာမြေများ၏ တန်ဖိုးများသည်လည်း ပိုမိုမြင့်တက်လာခဲ့ပြီဖြစ်ပါကြောင်း၊ ကာယကံရှင်လယ်သမားများကိုယ်တိုင် ယခုအရှိန်အဟုန်အတိုင်း ကြိုးစားသမျှ ရှေ့ဆက်၍ ဆတက်ထမ်းပိုး ဧကန်မလွဲ တိုးတက်ကြီးပွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စက်မှုလယ်ယာစနစ်စိုက်ကွင်းများ အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေနှင့် တောင်သူများ လက်တွေ့အကျိုးကျေးဇူးခံစားရရှိမှုများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာစနစ် ကူးပြောင်းဆောင်ရွက်မှုကြောင့် ပြည်သူများ အကျိုးခံစားရမှု အခြေအနေများ၊ စက်မှုလယ်ယာစနစ်လယ်များအတွက် ပုဂ္ဂလိကကုမ္ပဏီများမှ

စာမျက်နှာ ၈ ကော်လံ ၁ ○

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုန်ထုတ်လမ်းမတွင် ခင်းကျင်းပြသထားသည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက် သစ်သီးဝလံထွက်ကုန်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောက်ဖြူ–ယူနန်ရထားလမ်းတည်ဆောက်မည်

မောင်သစ္စာ-ရေးသားသည်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာနိုင်ငံသည် ကုန်သွယ်မှုဖွံ့ဖြိုးရန်နှင့်စီးပွားရေးတိုးတက်လာစေရန်အတွက် နိုင်ငံဖြတ်လမ်းများအဖြစ် အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကို ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းများ ဖောက်လုပ်ရှိသလို နိုင်ငံဖြတ်ရထားလမ်း တည်ဆောက်ရေးအတွက် ကျောက်ဖြူ-ယူနန်ရထားလမ်းစီမံကိန်းကို လာမည့် ၂၀၁၅ ခုနှစ်၌ အပြီးတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ဆက်သွယ်သွားလာနိုင်သည့် ရထားလမ်းမှာ အမြန်ရထားလမ်းအမျိုးအစားဖြစ်သည်။ ယင်းအမြန်ရထားလမ်းမှာ ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်အကောင်အထည်ဖော်ပြီးပါက တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်သည်။

အဆိုပါရထားလမ်းစီမံကိန်းသည် အရှည် ၅၃၉ ဒသမ ၃၉ မိုင်ရှိသော ရထားလမ်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ကျောက်ဖြူ၊ အမ်း၊ မကွေး၊ မန္တလေး၊ လားရှိုးနှင့် မူဆယ်မြို့များကို ဖြတ်သန်းသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် ချိတ်ဆက်မည်ဖြစ်သည်။

ကျောက်ဖြူ-ယူနန် ရထားလမ်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ခန့် ကုန်ကျမည်ဖြစ်ပြီး တရုတ်နိုင်ငံက ကုန်ကျခံသွားမည်ဖြစ်သည်။ ထိုသို့ ကျောက်ဖြူ-ယူနန် ရထားလမ်းတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံမှ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံမှ Railways Engineering Corporation တို့ ၂၀၁၁ ခုနှစ် ဧပြီ ၂၇ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ▲

သ တင်း မာ တိ ကာ

ထိုင်းအရှေ့ပိုင်း၌ ရေနံယိုစိမ့်မှုဖြစ်၊ ရေနံစိမ်း တန် ၅၀ ကျော် ပင်လယ်အတွင်းစီးဆင်း — စာမျက်နှာ - ၄

ပြင်သစ်အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဂြိုဟ်တုနှစ်လုံးလွှတ်တင် — စာမျက်နှာ - ၅

စိန်ခေါ်သူ ဖိုးသားကြီး(ဝေရက်)နှင့် သားသား (T&T) တို့ အနိုင်အရှုံးမပေါ် သရေပွဲဖြစ်သွား — စာမျက်နှာ - ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သွေးလွန်တုပ်ကွေးနှင့် ခြင်အန္တရာယ်

ဇွန်၊ ဇူလိုင် မိုးဖြိုင်ဖြိုင်ရွာပြီဆိုလျှင် ကလေးများကို ခြိမ်းခြောက်နေသော ရောဂါတစ်မျိုးမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် ယင်းရောဂါပိုးရပ်စ်ပိုးတစ်မျိုးကို သယ်ဆောင်ထားသည့် အေးဒီးစ်ခြင်အကိုက်ခံရခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါခြင်သည် နေ့အခါတွင် အစာရှာထွက်လေ့ရှိပြီး လူ၏အရေပြားကို ကိုက်ဖောက်လျက်သွေးစုပ်ယူတတ်ကြသည်။

အေးဒီးစ်ခြင်များသည် လူ၏သွေးကို မစုပ်ယူမီ နှာမောင်းဖြင့် အရေပြားကို ဖောက်လိုက်ပြီး အရည်တစ်မျိုး မှုတ်သွင်းလိုက်သည်။ ထိုစဉ် ယင်း၏ကိုယ်တွင် သယ်ဆောင်ထားသော သွေးလွန်တုပ်ကွေး ဗိုင်းရပ်စ်ပိုးများ ပျံ့နှံ့သွားပြီး ရောဂါကူးစက်ခံရခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးဖြစ်စေသည့် ခြင်အမျိုးအစား ဖြစ်သော်လည်း ဗိုင်းရပ်စ်ပိုးကို သယ်ဆောင်ထားမှသာလျှင် သွေးလွန်တုပ်ကွေးသည် အမှန်တကယ် ဖြစ်စေနိုင်သည်။ သွေးလွန်တုပ်ကွေးခြင်သည် သွေးလွန်တုပ်ကွေးဖြစ်ပွားနေသူတစ်ဦးကို ကိုက်ပြီး အခြားတစ်ဦးကို ကိုက်မှသာလျှင် ရောဂါဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် ကလေးများ သွေးလွန်တုပ်ကွေးဖြစ်ပွားပါက အမြန်ဆုံး ဆေးရုံသို့ သွားရောက်ကုသရန် အရေးကြီးပေသည်။ သွေးလွန် တုပ်ကွေးဖြစ်မှန်းသိလျက်နှင့် အခြားသော အဖျားကျဆေးများ တိုက်ကျွေးကုသခြင်းသည် များစွာ အသက်အန္တရာယ်ရှိသည်ကို သတိပြုသင့်ပါသည်။

သွေးလွန်တုပ်ကွေးအန္တရာယ်မှကာကွယ်ရန် အရေးကြီးဆုံးသောအချက်မှာ မိမိတို့ သားသမီးများ ခြင်အကိုက်မခံရအောင် အထူးသတိပြုကာကွယ်ခြင်းပင် ဖြစ်သည်။ နေ့ခင်းအခါ ဖြစ်စေကာမူ အိပ်စက်သည့်အခါ ခြင်ထောင်ဖြင့် အိပ်စက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါကို ဖြစ်စေသည့် ခြင်များ မိမိတို့ အိမ်၊ ရုံး၊ ကျောင်းပတ်ဝန်းကျင်တို့တွင် ပေါက်ပွားခြင်းမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် ဟူသော ဆောင်ပုဒ်အတိုင်း ပိုးလောက်လမ်း နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အမြဲမပြတ် သတိပြုဆောင်ရွက်သင့်၏။ အထူးသဖြင့် သွေးလွန်တုပ်ကွေးရောဂါသည် မြို့ပြဆင်ခြေဖုံးရပ်ကွက်များတွင် အဖြစ်များ၍ ပိုးလောက်လမ်းနှိမ်နင်းရေးကို တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် ပြုလုပ်ပေးသင့်၏။ ပိုးလောက်လမ်းများကို ထိထိရောက်ရောက် နှိမ်နင်းနိုင်မှသာလျှင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းပပျောက်မည်ဖြစ်ပါသည်။ သွေးလွန်တုပ်ကွေးဖြစ်စေနိုင်သည့် ခြင်သည် ရေကြည်ရေသန့်တွင် ပေါက်ပွားတတ်သောကြောင့် မိုးရေများဖြင့် ပြည့်နေသော အိုးများ၊ ရေကန်များကို ဖုံးအုပ်ထားသင့်၏။ အကယ်၍ ပိုးလောက်လမ်းများ ပေါက်ပွားနေသည်ကို တွေ့ရပါက ယင်းရေများကို သွန်ပစ်ပြီး ပိုးလောက်လမ်းများကို မြေမြှုပ်ပစ်ရသည်။ သို့ပါ၍ သွေးလွန်တုပ်ကွေးရောဂါ၏ အဓိကဇာစ်မြစ်ဖြစ်သည့် ပိုးလောက်လမ်းနှိမ်နင်းရေးကို အမြဲသတိပြုဆောင်ရွက်သင့်ပါကြောင်း။ ။



ပြည်တွင်းသတင်း

တစ်ဆက်တစ်စပ်တည်း စပါးဧက ၄၄၀ စိုက်ကွင်း၌ အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်

နေပြည်တော် ဇူလိုင် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်း၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် မဟာလယ်တီစံကျောင်းတိုက်၏ ဦးစီးပဓာန နာယက နေပြည်တော် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ကုန္ဒာဝုဓအမှူးပြုသော သံဃာတော် ၂၇ ပါးတို့က ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းရှိ စိုက်ခင်းများအတွင်း ကြွချီလှည့်လည်ကြည့်ရှု၍ မေတ္တာဘာဝနာ ပွားများ စီးဖြန်းသည်။

ထို့နောက် စိုက်ခင်းအနီးမဏ္ဍပ်၌ အန္တရာယ်ကင်း ပရိတ်တော်နာယူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မဟာလယ်တီစံကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးများ အမှူးပြုသော ဧည့်ပရိသတ်များက သီလဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့က ပရိတ်တရားတော်များ၊ အန္တရာယ်ကင်းမေတ္တာသုတ် ကမ္မဝါစာများ ရွတ်ဖတ်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပရိတ်တရားတော်နာယူပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားရာတွင် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် နိုင်ငံတစ်ဝန်း သီးနှံများဖြစ်ထွန်းအောင်မြင်လျက် နိုင်ငံ၏ စားရေရိက္ခာဖူလုံမှုကိုသာမက နိုင်ငံတကာဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်နိုင်ပါစေရန် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ မေတ္တာဘာဝနာကို လေးနက်စွာ ခံယူအပ်ပါသည်ဘုရား ဟု လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များက တောင်သူလယ်သမားများအတွက် စက်မှုလယ်ယာဝန်ဆောင်မှုပေးနေသည့် Allience Stars ကုမ္ပဏီ၊ Advanced Agriculture Engineering (AAE) ကုမ္ပဏီ၊ Good Brother ကုမ္ပဏီတို့၏ ထွန်စက်ကြီးများ၊ လယ်ယာသုံး စက်ကိရိယာများကို အန္တရာယ်ကင်းစေရေး ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲများဖြင့် ပက်ဖျန်း၍ မေတ္တာဘာဝနာများ စီးဖြန်းပေးကြသည်။

ယင်းနောက် အောင်သုခကျေးရွာရှိ ရွှေသံလွင်ကုမ္ပဏီမိသားစုနှင့် Allience Stars ကုမ္ပဏီမိသားစုတို့က တည်ဆောက်ထားသော တစ်နေ့တန် ၇၀ ကျ ခေတ်မီအဆင့်မြင့် ဆာတာကေးဆန်စက်သို့ ကြွရောက်ချီးမြှင့် မေတ္တာဘာဝနာပွားများပြီး နေပြည်တော်ကောင်စီနယ်မြေ ညောင်ပင်ကြီးစုကျေးရွာရှိ အဆင့်မြင့်စက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်းတွင် စိုက်ပျိုးထားရှိသော ခေတုကင်းလွတ် သစ်သီးဝလံစိုက်ခင်းနှင့် အဆင့်မြင့် သစ်သီးဝလံ ထုပ်ပိုးသန့်စင်စက်ရုံတို့ကို ကြွချီလှည့်လည်ကြည့်ရှု၍ မေတ္တာဘာဝနာများ ပွားများကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ Allience Stars ကုမ္ပဏီ၏ သစ်သီးဝလံသန့်စင်ထုပ်ပိုးစက်ရုံ အဆောက်အအုံ၌ တောင်သူလယ်သမားများအား ဝန်ဆောင်မှုပေးရန် အသင့်စုစည်းထားရှိသော ခေတ်မီလယ်ယာသုံး စက်ကိရိယာများနှင့် သစ်သီးဝလံ သန့်စင်ထုပ်ပိုးစက်ရုံတို့ကို ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲများဖြင့် ပက်ဖျန်း၍ မေတ္တာဘာဝနာ စီးဖြန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာချောင်းကူးတံတားတစ်စင်း လိုအပ်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက်၌ မုန်းချောင်းကိုဖြတ်ကူးရန် ကျေးရွာတံတားတစ်စင်း လိုအပ်နေကြောင်း သိရသည်။ ပွင့်ဖြူမြို့၏ မြောက်ဘက်ရှိ သမုန်းကုန်း၊ သမန်းရင်း၊ ကူးရွာတို့မှ မြို့ပေါ်သို့ အကြောင်းကိစ္စကြီး ငယ်ဖြင့် သွားလာကြရာတွင် ကူးတို့ပဲ့ထောင်များကိုသာ အားကိုးနေရပြီး မုန်းချောင်းကို ဖြတ်ကူးနိုင်ရန် အမေထွားနှင့် သားများ(ဆီနှင့် ဆီထွက်သီးနှံပွဲရုံ)က ဝါးတံတားခင်း၍ ကုသိုလ်ပြုခဲ့သဖြင့် လူများနှင့် ကုန်ပစ္စည်းများအပြင် ဆိုင်ကယ်များပါ ဖြတ်သန်းနိုင်ခဲ့သည်။ သို့သော် စီးပွားရေးသမားများက ကူးတို့ပို့ခြင်း လုပ်ငန်းကို လေလံဆွဲ၍ ဆောင်ရွက်နေသဖြင့် အလှူရှင်ကပင် နောက်ဆုတ်ပေးခဲ့ရသည်။

ယခုအခါ နေ့စဉ် ကျောင်းတက်နေသော ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများသည် လူနှင့် ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ငွေကြေးကုန်ကျမှု များပြားနေရကာ ကျောင်းသား ကျောင်းသူလေးများအတွက် ပညာသင်စရိတ်ပို၍ ကုန်ကျခြင်းနှင့်မိဘများ၏ ရေဘေးအန္တရာယ် ပူပန်မှုများလည်း ရှိနေကြောင်း သိရသည်။

ထင်သာမြင်သာ ပြုပြင်စရာ



ကျောင်းသားမိဘတစ်ဦးက "မုန်းချောင်း ကားလမ်းကူးတံတားကြီးက သွားမယ်ဆိုရင် ကလေးတွေ သုံးမိုင်ကျော် လေးမိုင်နီးပါးလောက် ခြေကျင်လျှောက်ရမယ်။ မီးရထားတံတားကကူးရင်လည်း အန္တရာယ်များတယ်။ ချောင်းထဲဆင်း ဖြတ်ကူးမယ်ဆိုရင်လည်း ရေက ဒူးဆစ်ကနေခါးအထိ၊ တချို့နေရာတွေမှာ တော်တော်နက်တယ်။ အခုလို မိုးထဲလေထဲမှာ ပဲ့ထောင်နဲ့ကူးရင်လည်း ကလေးတွေ ဆော့ကစားတဲ့အခါမျိုးမှာ အန္တရာယ်ရှိနိုင်တယ်။ တစ်နေ့မှ စိတ်အေးရတယ် မရှိပါဘူးဗျာ" ဟု ပြောကြားသည်။ ချောင်းဘေး၌ နေထိုင်သူတစ်ဦးက လေလံစနစ်ကြောင့် ကူးတို့ပဲ့ထောင်များက ခရီးသည်များကို မတန်တဆတင်ဆောင်၍ ပြေးဆွဲနေကြကြောင်းနှင့် ရေဘေးအန္တရာယ်ကင်းဝေးရေးအတွက် ကျေးရွာ ချောင်းကူးတံတားလေးတစ်စင်း အမြန်ဆုံးတည်ဆောက်ပေးရန်ဒေသခံများက လိုလားတောင့်တလျက်ရှိကြောင်း ဤကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။ **ပိုင်ဇေ(မကွေး)**



ပြည်တွင်းသတင်း

နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် ပြည်သူလူထုပါဝင်ရန်အရေးကြီးသဖြင့် အသည်းဖောင်ဒေးရှင်းကဲ့သို့ အဖွဲ့အစည်းများလိုအပ်

ရန်ကုန်　ဇူလိုင်　၂၈

အသည်းဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့အသည်းရောင်အထိမ်းအမှတ်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လမ်းမတော်မြို့နယ်ရှိ UMFCCI ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အသည်းရောင်ရောဂါသည် ကမ္ဘာအနှံ့တွင် ဖြစ်ပွားလျက်ရှိကာ ကမ္ဘာ့လူဦးရေ၏ သန်း ၅၀၀ ခန့်မှာ ရောဂါကူးစက်ခံနေရပြီး တစ်နှစ်လျှင် လူဦးရေတစ်သန်းခန့် သေဆုံးနေရသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အသည်းရောင်ဘီပိုးနှင့်စီပိုး ဖြစ်ပွားမှုနှုန်းများပြားလျက်ရှိပါကြောင်း၊ အသည်းရောဂါနှင့် ယင်း၏နောက်ဆက်တွဲရောဂါများဖြစ်ခဲ့သော် ငွေကြေးကုန်ကျမှုများရှိသာမက မိသားစုပြဿနာများဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများသည် များစွာအရေးပါလှပါကြောင်း၊ ပြည်သူများ ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့် အချိန်မီကာကွယ်ကုသနိုင်ရန် လုံလောက်သော ရန်ပုံငွေချို့တဲ့ခြင်းသည် အသည်းရောဂါဖြစ်ပွားမှု များပြားခြင်း၏ အကြောင်းအရင်းများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူလူထုကပါ ကိုယ်ထူကိုယ်ထပါဝင်ရန် အရေးကြီးသောကြောင့် အသည်းဖောင်ဒေးရှင်းကဲ့သို့ အဖွဲ့အစည်းများ များစွာလိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အသည်းဖောင်ဒေးရှင်းအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အင်တိုက်အားတိုက် အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် အသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည်က အသည်းဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာ အမရဝတီ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်သို့ ရန်ကုန် INTERNATIONAL ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မိဘများက ပညာဒါန အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက အဆိုပါကျောင်းတိုက် ရန်ကင်းခန်းမ၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ဦးစိုးမြင့်

ဆွေနှင့် ဒေါ်ရည်ဝိုင်းဦး (အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးမောင်မောင်ဝင်းနှင့် ဒေါ်လွင်လွင်သန်း၊ ဒေါ်နွယ်နီစိန်နှင့် ဒေါ်ဥမ္မာစိန် (ရွှေလွန်းမိသားစု) အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၀၈ သိန်းကို ပညာဒါန ငွေပဒေသာပင်စိုက်ထူလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် တန်ဖိုးနည်း GSM/CDMAဖုန်းဆင်းကတ်များ ဖြန့်ဝေပေးအပ်

နေပြည်တော်　ဇူလိုင်　၂၈

GSM/CDMA မိုဘိုင်းဖုန်းဆင်းကတ်များကို ပြည်သူများရွေ့မှောက် ပွင့်လင်းမြင်သာစွာ မဲနှိုက်ဖြန့်ဝေပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ သိဒ္ဓိကိုးရပ်ကွက် ဓမ္မာရုံများ၌ တစ်ပြိုင်နက်တည်းကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် လှည့်လည်တက်ရောက်အားပေးသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မင်္ဂလာသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ ပညာသိဒ္ဓိ၊ ဉာဏသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ နေသိဒ္ဓိ၊ ဇေယျသိဒ္ဓိနှင့် ဝဏ္ဏသိဒ္ဓိ ရပ်ကွက်များအတွင်းရှိ မှီခိုသူဝန်ထမ်းမိသားစုဝင်များအား မိမိတို့ရပ်ကွက်အလိုက် ခွဲဝေရရှိထားသည့် GSM/CDMA မိုဘိုင်းဖုန်းဆင်းကတ် ၆၀ စီကို ပွင့်လင်းမြင်သာစွာ မဲနှိုက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး ကျန်နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်များရှိ မှီခိုသူဝန်ထမ်းမိသားစုများကိုလည်း ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်နေမှီခိုသူ ဝန်ထမ်းမိသားစုများ၏ မျှော်လင့်ချက်စကားသံများ၊ ကြည်နူးကျေနပ်ဝမ်းသာပီတိဖြစ်လျက်ရှိနေကြသည့် ရင်တွင်းစကားသံများကိုလည်း ကြားသိမြင်တွေ့ခဲ့ရသည်။

"ဂျီအက်စ်အမ် ဖုန်းတစ်လုံးကို အခုလိုလက်ဝယ်ပိုင်ပိုင်နိုင်နိုင် ကိုင်ခွင့်ရလိမ့်မယ်လို့ အဘွားဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။ အခုကံစမ်းမဲပေါက်ပြီး ကိုင်ခွင့်ရတဲ့အတွက် ဝမ်းသာတယ်၊ ပျော်လည်းပျော်တယ်" ဟု အသက် ၇၂ နှစ်အရွယ် ဘောဂသိဒ္ဓိရပ်ကွက်မှ အဘွားဒေါ်တင်အေးက ရင်ဖွင့်စကားဆိုသည်။

"အခုကံစမ်းမဲနှိုက်တာ မပေါက်သေးပေမယ့် နောက်လ၊ နောက်လတွေမှာ မျှော်လင့်ချက်တွေရှိသေးတာမို့ စိတ်အားတက်ရပါတယ်၊ အခုလို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးခဲ့လို့ အားလုံးကျေနပ်ကြပါတယ်" ဟု မင်္ဂလာသိဒ္ဓိရပ်ကွက်မှ မဝေဝေ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဇမ္ဗူ သီရိမြို့နယ် အတွင်းရှိ ရပ်ကွက် ဓမ္မာရုံများ၌ GSM/CDMA မိုဘိုင်းဖုန်း ဆင်းကတ်များ မဲနှိုက် ဖြန့်ဝေပေးရာ မဲနှိုက်မည့် ပြည်သူများအား တွေ့ရစဉ်။

ဟော့ဂျ်ဘုရားဖူးစေလွှတ်ရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲကျင်းပ

နေပြည်တော်　ဇူလိုင်　၂၈

၂၀၁၃ ခုနှစ် ဟော့ဂျ်ဘုရားဖူးစေလွှတ်ရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်းက ၂၀၁၃ ခုနှစ် ဟော့ဂျ်ဘုရားဖူးစေလွှတ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခင်နှစ်များတွင် မြန်မာနိုင်ငံမှ စေလွှတ်သည့် ဟော့ဂျ်ဘုရားဖူး ၅၀၀၀ ခန့် အနက် သာသနာရေးဝန်ကြီးဌာနက ဟော့ဂျ်ဘုရားဖူး ၃၅၀ အား ကုမ္ပဏီတစ်ခုကို တာဝန်ပေးအပ် စေလွှတ်ခဲ့ကြောင်း၊ အဆိုပါ ဘုရားဖူးများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့်အစ္စလာမ်ဘာသာရေး၊ ကိုယ်စားလှယ်များက ရွေးချယ်ပေးသူများဖြစ်ကြောင်း၊ အဆိုပါ ဟော့ဂျ်ဘုရားဖူးများကို ဈေးနှုန်းချိုသာရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေးတို့အတွက် ရွေးချယ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာန မဟုတ်သည့်အတွက် အဆိုပါလုပ်ငန်းများသည် ခေတ်စနစ်နှင့်မလျော်ညီသည့်အပြင် ဥပဒေနှင့်လည်း ကိုက်ညီမှုမရှိသဖြင့် ယခုနှစ်ဆန်းမှစ၍ ဟော့ဂျ်ဘုရားဖူးလုပ်ငန်းကို သာသနာရေးဝန်ကြီးဌာနက လုံးဝကိုင်တွယ်ဆောင်ရွက်ခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ရှင်းလင်းပြောကြား

သို့ဖြစ်၍ ဟော့ဂျ်ဘုရားဖူး ခရီးသွားကုမ္ပဏီ ၁၀၄ ခုမှ ကိုယ်စားလှယ်များက ပွင့်လင်းမြင်သာအောင် အများဆန္ဒနှင့်အညီ ရွေးချယ်၍ ဟော့ဂျ်ဘုရားဖူးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းစေခဲ့ကြောင်း၊ ထို့အပြင် အစ္စလာမ်ဘာသာရေးအဖွဲ့ ငါးဖွဲ့မှ ကိုယ်စားလှယ်များဖြင့်လည်း ဘုရားဖူးစေလွှတ်ရေး ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းစေခဲ့ပြီး လုပ်ငန်းတာဝန်များကိုလည်း အများဆန္ဒနှင့်အညီ ရေးဆွဲဆောင်ရွက်စေခဲ့ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဟော့ဂျ်ဘုရားဖူးခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုင်တွယ်ထိန်းချုပ်ထားခြင်း လုံးဝမပြုလုပ်သည်ကို စာနယ်ဇင်းများမှ သိရှိစေလို၍ ယခုကဲ့သို့ ရှင်းလင်းပွဲကို ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်း။

ဟော့ဂျ်ဘုရားဖူး တင်ဒါများကို ခေါ်ယူရွေးချယ်ရာတွင် တင်ဒါစည်းကမ်းသတ်မှတ်ချက်များနှင့် ရွေးချယ်မှုများသည် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်း ကိုက်ညီရန်လိုအပ်ကြောင်း၊ မကိုက်ညီပါက ကိုက်ညီအောင် ဆောင်ရွက်ရန်လိုကြောင်း။

သို့ဖြစ်၍ ယခုနှစ် ဟော့ဂျ်ဘုရားဖူးရာသီတွင် ဟော့ဂျ်ဘုရားဖူးများ အချိန်မီသွားရောက်နိုင်ရေး သင့်တင့်သောနှုန်းထားဖြစ်ရေးနှင့်ဝန်ဆောင်မှုကောင်းမွန်ရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နောင်နှစ်များတွင်လည်း ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းကော်မတီသို့ အချင်းချင်း ညှိနှိုင်းဆောင်ရွက်၍ ပွင့်လင်းမြင်သာစွာဖြင့် မိမိတို့ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်သာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ကြပြီ

နောင်ချို　ဇူလိုင်　၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စု ချောင်းသာကျေးရွာသည် သောက်သုံးရေရှားပါးသော ကျေးရွာဖြစ်သည့်အတွက် အလှူရှင် ဦးကျော်သိန်း ဈေးရပ်ကွက် နောင်ချိုမြို့ (ထိပ်တန်းအလင်းဆိုင်) မိသားစုက မတည်၍ ချောင်းသာကျေးရွာ ချမ်းသာရဘုရားစေတီအနီး ဘုန်းတော်ကြီးကျောင်းရှေ့၌ အဝီစိစက်ရေတွင်းအား တူးဖော်လှူဒါန်းသဖြင့် ယခုအခါ ချောင်းသာကျေးရွာတွင် သောက်သုံးရေ အခက်အခဲမရှိ ဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်သည်။

ချောင်းသာကျေးရွာသည် နောင်ချိုမြို့ မြောက်ဘက်ယွန်းယွန်းတွင် တည်ရှိပြီး ယခုဖောက်လုပ်ပြီးစီးသွားသည့် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းဘေးတွင် တည်ရှိသည်။ သောက်သုံးရေရှားပါးသည့်ရွာဖြစ်ပြီး အလှူအတန်းပွဲများပြုလုပ်လျှင် သောက်သုံးရေ အခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။ **(ဝဇြ)**

သံဖြူဇရပ်နှင့် ရေးအကြား ပိုက်လိုင်းလဲလှယ်ခြင်းနှင့်လိုင်းပေါင်းခြင်းလုပ်ငန်းများပြီးစီး

နေပြည်တော်　ဇူလိုင်　၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကန်ပေါက်-မြိုင်ကလေး လက်မ ၂၀ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ၂၀၁၃ ခုနှစ် Master Plan ဖြင့် ပိုက်လိုင်းအစားထိုးလဲလှယ်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သံဖြူဇရပ်နှင့် ရေးအကြား ၃၉ မိုင်ခန့်အပိုင်းနေရာ၌ ပိုက်လိုင်း အစားထိုးလဲလှယ်ခြင်းလုပ်ငန်းနှင့် လိုင်းပေါင်းခြင်းလုပ်ငန်းများအား ဇူလိုင် ၂၆ ရက် ညနေ ၆ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၇ ရက် ည ၁၀ နာရီတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ယင်းရထားလမ်း တည်ဆောက်ပြီးပါက ၄င်းရထားလမ်းပေါ်တွင် တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ နှုန်းဖြင့် ရထားများ မောင်းနှင်နိုင်မည်ဖြစ်သည်။ အဆိုပါ ရထားလမ်းစီမံကိန်းတွင် ရထားလမ်းတစ်လျှောက် ဘူတာရုံပေါင်း ၇၉ ရုံ၊ တံတားအစင်းပေါင်း ၄၀၉ စင်းနှင့် ရထားလမ်းဥမင် ၁၀၁ ခုတို့ တည်ဆောက်သွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၈-၇-၂၀၁၃

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့ကရိတ်မြို့တွင် ၁၀ ဒသမ ၇၁ လက်မ၊ မောင်တောမြို့တွင် ၉ ဒသမ ၈၈ လက်မ၊ စစ်တွေမြို့တွင် ၈ ဒသမ ၅၈ လက်မ၊ ကျောက်တော်မြို့တွင် ၈ ဒသမ ၅၄ လက်မ၊ မြောက်ဦးမြို့တွင် ၇ ဒသမ ၃၆ လက်မ၊ အမ်းမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ ချောင်းဆုံမြို့တွင် ၅ ဒသမ ၃၁ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၄၂ လက်မ၊ ပဲခူးမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၈၂ လက်မနှင့် ပလက်ဝမြို့တွင် ၃ ဒသမ ၆၆ လက်မတို့ဖြစ်သည်။

ဇူလိုင်လ မိုးရေချိန်စံချိန်သစ်တင်

နေပြည်တော်　ဇူလိုင်　၂၈

ယနေ့ နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကော့ကရိတ်	၂၇၂	၁၀.၇၁	၂၃၁	၉.၀၉	၂၃-၇-၁၉၉၇	၃၆

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ကမ္ဘာတစ်ဝန်း သေဒဏ်အပြစ်ပေးမှု လျော့နည်းကျဆင်း

ရောမ ဇူလိုင် ၂၈

ကမ္ဘာတစ်ဝန်းလုံး၏ သေဒဏ် သေမိန့် အပြစ်ပေးချမှတ်မှုအရေအတွက်မှာ ယမန်နှစ်အတွင်းက နည်းပါးကျဆင်းခဲ့ကြောင်း အီတလီအင်န်ဂျီအိုအဖွဲ့ တစ်ဖွဲ့၏ နှစ်လည်အစီရင်ခံစာအရ သိရသည်။

သေဒဏ်အပြစ်ချမှတ်မှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ၂၀၁၁ ခုနှစ်တွင် ၅၀၀၄ မှုနှုန်းမှ ၂၀၁၂ ခုနှစ်၌ ၃၉၆၇ အထိ ကျဆင်းခဲ့သည်။သေမိန့်ဖျက်သိမ်းလိုက်သည့် နိုင်ငံအရေအတွက်သည်လည်း အလားတူကာလအတွင်း ၁၅၅ နိုင်ငံရှိရာမှ ၁၅၈ နိုင်ငံအထိ တိုးခဲ့ကြောင်း Hands off Cain အင်န်ဂျီအိုအဖွဲ့က ထုတ်ပြန်သည်။

“သေမိန့်ပေးတာအတိအကျနည်းပါးသွားတဲ့အပေါ်မှာ တရုတ်နိုင်ငံရဲ့ ပမာဏကို အသိအမှတ်ပြုရမှာပါ။ တစ်နှစ်တည်းအတွင်းမှာ တရုတ်နိုင်ငံရဲ့ သေဒဏ်ပေးခြင်းဟာ ၄၀၀၀ ကနေ ၃၀၀၀အထိ လျော့နည်းသွားခဲ့ပါတယ်” ဟု အီတလီနိုင်ငံခြားရေးဝန်ကြီး အမ်မာဘိုနီနိုကအင်န်ဂျီအိုထုတ်ပြန်ချက်နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ် ကတည်းက သေမိန့်ပေးသည့်အရေအတွက် နှစ်စဉ် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ သေမိန့်အပြစ်ဒဏ်ကို ဗဟိုတရားရုံးချုပ်ရှေ့မှောက် စီရင်ဆုံးဖြတ်ရမည်ဟု ဥပဒေသစ်ပြဋ္ဌာန်းလိုက်ချိန်မှစတင်ကာ ယင်းသို့ အရေအတွက် ကျဆင်းခဲ့ရခြင်း ဖြစ်သည်။

တရုတ်နိုင်ငံ၏ သေဒဏ်ပေးသည့်အရေအတွက်မှာ သိသိသာသာ လျော့နည်းလာခဲ့သော်လည်း Hands off Cain အဖွဲ့၏ နာမည်ပျက်စာရင်းတွင် ထိပ်ဆုံးကပင်ရှိဆဲဖြစ်သည်။

ဒုတိယနာမည်ဆိုးစာရင်းဝင်မှာ အီရန်ဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွင်း သေဒဏ်စီရင်မှု ၅၈၀ ရှိသည်။ ယမန်နှစ်အတွင်း သေဒဏ်စီရင်မှုနှစ်ဆ နီးပါးမြင့်တက်ခဲ့သည့် အီရန်က တတိယနေရာတွင်ရှိပြီး သေဒဏ် ၁၂၉ မှု အပြစ်ပေးစီရင်ခဲ့သည်။

သေဒဏ်သေမိန့်ချမှတ်ဆဲ နိုင်ငံ ၄၀ တွင် ၃၃ နိုင်ငံရှိ အာဏာရှင် သက်ဦးဆံပိုင်များက သေစားသေစေအမိန့် ချမှတ်ပြဋ္ဌာန်းခြင်းဖြစ်သော်လည်း လစ်ဘရယ်ဒီမိုကရေစီနိုင်ငံအချို့ကလည်း သေဒဏ်အပြစ်ပေးစီရင်ခြင်းကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်ကျင့်သုံးလာကြောင်း Hands off Cain အဖွဲ့ နှစ်လည်သတင်းထုတ်ပြန်ချက်အရ သိရသည်။

“နိုင်ငံတွေက ရှေ့ဆက်သွားရမယ့်အစားနောက်ကိုပြန်လှည့်နေကြတာက ကျွန်မတို့အတွက် အလွန်ကိုပူပန်စရာဖြစ်စေပါတယ်” ဟု ဘိုနီနိုက ပြောကြားခဲ့သည်။ **ဗန်ကောက်ပို့စ်**

ကမ္ဘောဒီးယားရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ဟွန်ဆင်၏ပါတီ အနိုင်ရ

ဖနောင်ပင် ဇူလိုင် ၂၈

ကမ္ဘောဒီးယားနိုင်ငံ၏ (၅)ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲကို ဇူလိုင် ၂၈ ရက်နံနက်က စတင်ကျင်းပခဲ့ရာဝန်ကြီးချုပ်ဟွန်ဆင်၏ စီပီပီပါတီက လွှတ်တော်အမတ် ၆၈နေရာနှင့် အဓိက အတိုက်အခံပါတီ စီအင်န်အာရ်ပီက ၅၅ နေရာရရှိပြီး စီပီပီပါတီက အနိုင်ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်း မဲရုံပေါင်း ၁၉၀၀၉ ရုံတွင် မဲပေးခွင့်ရှိသူ ပြည်သူ ၉ ဒသမ ၆၇ သန်းခန့်တို့က ဇူလိုင် ၂၈ ရက်နံနက် ၇ နာရီမှ စတင်ကာ မဲရုံများသို့ သွားရောက်မဲပေးခဲ့ကြသည်။ မဲရုံများကို ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ပိတ်ခဲ့ကြသည်။ အဓိက ယှဉ်ပြိုင်ကြသည့်ပါတီကြီးနှစ်ခုမှာ ဝန်ကြီးချုပ်ဟွန်ဆင်၏ အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီနှင့် ဆမ်ရိန်းစီဦးဆောင်သည့် ကမ္ဘောဒီးယားအမျိုးသားကယ်တင်ရေးပါတီတို့ဖြစ်သည်။ ဝန်ကြီးချုပ်ဟွန်ဆင်သည် သူနေထိုင်ရာ နေအိမ်အနီးမဲရုံသို့ ကိုယ်တိုင်သွားရောက်မဲပေးခဲ့သည်။

အတိုက်အခံခေါင်းဆောင် ဆမ်ရိန်းစီသည် ကမ္ဘောဒီးယားဘုရင်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြင်သစ်နိုင်ငံမှ ဇူလိုင် ၁၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ယခုရွေးကောက်ပွဲ၌ သူ၏ပါတီပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲကျင်းပရာ နေရာများသို့ ပြည်တွင်း ပြည်ပ သတင်းထောက်များ နိုင်ငံတကာမှ လေ့လာအကဲခတ်ရေးအဖွဲ့များ လာရောက်လေ့လာ သတင်းယူခဲ့ကြသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆင်၏ပါတီက အမျိုးသားလွှတ်တော် ၁၂၃ နေရာတွင် နေရာ ၉၀ ရရှိအောင်ပွဲခံခဲ့သည်။ အသက် ၆၁ နှစ်အရွယ်ရှိ ဝန်ကြီးချုပ်ဟွန်ဆင်သည် ကမ္ဘာပေါ်၌အာဏာသက်တမ်းအရှည်ဆုံး ခေါင်းဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

(ဆင်ဟွာ)

အဝလွန်သူကို နယူးဇီလန်တွင် နေထိုင်ခွင့်ပယ်ချ

ခရစ်ချဒ် ဇူလိုင် ၂၈

တောင်အာဖရိကနိုင်ငံသား စားဖိုမှူးတစ်ဦးကို နယူးဇီလန်နိုင်ငံအာဏာပိုင်များက နိုင်ငံ၌ နေထိုင်ခွင့်ပြုရန် ဝလွန်းနေသည်ဟု ဆိုသည်။ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများ၏ အဆိုအရ အယ်ဘတ်ဘတ်တန်ဟတ်သည် ကိုယ်အလေးချိန် ၁၃၀ ကီလိုဂရမ် (၂၈၆ပေါင်) ရှိနေသဖြင့် ၎င်းအနေအထားသည် ကျန်းမာရေးစံနှုန်းအရ သင့်လျော်သော အနေအထားတစ်ခုမဟုတ်ကြောင်း ဆိုထားသည်။

နယူးဇီလန်နိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများအနက် အဝလွန်ပြည်သူ အများဆုံးနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသော ပြည်သူများမှာ အဝလွန်နေသူများဖြစ်ကြသည်ဟု သိရသည်။

အယ်လ်ဘတ်နှင့် သူ၏ဇနီးမာသီတို့သည် ၂၀၀၇ ခုနှစ်က တောင်အာဖရိကမှ ခရစ်ချဒ်မြို့သို့ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ထိုအချိန်က သူ၏ကိုယ်အလေးချိန်မှာ ၁၆၀ ကီလိုဂရမ်ထိရှိခဲ့သည်။ လွန်ခဲ့သော ခြောက်နှစ်က ပြောင်းလာခါစ ကိုယ်အလေးချိန်ထက် ကီလို ၃၀ လျော့ကျသွားပြီဖြစ်သော်လည်း ယခုအခါ အာဏာပိုင်များ၏ နှင်ထုတ်ခြင်းကို ခံနေရခြင်းဖြစ်သည်။

သူ၏နေထိုင်ခွင့် ဗီဇာသက်တမ်းပြည့်သွားချိန် ပြီးခဲ့သည့်မေလက ဗီဇာသက်တမ်းထပ်တိုးရာမှ အယ်လ်ဘတ်၏ ကိုယ်အလေးချိန်နှင့် ပတ်သက်၍ ယခုကဲ့သို့ ပြဿနာကြုံရခြင်းဖြစ်သည်ဟု သူ၏ဇနီးက ဆိုသည်။

၎င်းတို့စုံတွဲက လူဝင်မှုကြီးကြပ်ရေးဝန်ကြီးကို အနူးအညွတ်တောင်းပန်ထားကြောင်း သိရသည်။ သို့သော် လူဝင်မှုကြီးကြပ်ရေးဌာနပြောခွင့်ရသူတစ်ဦး အပြောအရ “သူရဲ့ တောင်းပန်ချက်ကို ပယ်ချလိုက်ပါပြီ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အဝလွန်မှုဟာ ဆီးချိုသွေးတိုး၊ နှလုံးရောဂါ အပါအဝင် ရောဂါဖြစ်ပွားနိုင်မှု အခြေအနေတွေ့ရှိနေလို့ပါ။ နယူးဇီလန်နိုင်ငံရဲ့ ကျန်းမာရေးဝန်ဆောင်မှုစရိတ်ကို နည်းနိုင်သမျှနည်းအောင် လျော့ချရန်အတွက် ရွှေ့ပြောင်းနေထိုင်သူများမှာ သင့်လျော်တဲ့ ကျန်းမာရေးစံနှုန်းတွေရှိဖို့ အရေးကြီးပါတယ်” ဟုဆိုသည်။

(ဘီဘီစီ)

ထိုင်းအရှေ့ပိုင်း၌ ရေနံယိုစိမ့်မှုဖြစ်၊ ရေနံစိမ်း တန် ၅၀ကျော် ပင်လယ်အတွင်းစီးဆင်း

ဗန်ကောက် ဇူလိုင် ၂၈

ထိုင်းနိုင်ငံ အရှေ့ပိုင်းတွင် ရေနံပိုက်လိုင်းတစ်ခုမှ ရေနံစိမ်းများ ဇူလိုင် ၂၇ရက်က ယိုစိမ့်မှုဖြစ်ပွားရာ ရေနံစိမ်းတန်ချိန် ၅၀ကျော်ခန့် ပင်လယ်အတွင်း စီးဆင်းခဲ့ကြောင်း ဇူလိုင် ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံရာယောင်ပြည်နယ်အရှေ့ပိုင်း မက်တာဖွတ်ဆိပ်ကမ်း၏ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ခန့်တွင်ရှိသော ရေနံပိုက်လိုင်းမှ ရေနံများ ယိုစိမ့်ထွက်ခဲ့ခြင်းဖြစ်သည်ဟု ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

အဆိုပါရေနံစိမ်းများမှာ ပိုက်လိုင်းဖြင့် မက်တာဖွတ်ဆိပ်ကမ်းရှိ ရေနံချက်စက်ရုံသို့ပေးပို့နေခြင်းဖြစ်သည်။ ယင်းရေနံပိုက်လိုင်းမှ ရေနံများယိုစိမ့်နေမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် ထိုင်းဘုရင့်ရေတပ်နှင့် ထိုင်းရေကြောင်းဌာနမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။

လောလောဆယ်တွင် ယင်းပိုက်လိုင်းမှ ရေနံပို့လွှတ်မှုကို ရပ်ဆိုင်းထားသည်။ ရေနံပိုက်လိုင်း၏ ပျက်စီးနေသော အစိတ်အပိုင်းကို ပြင်ဆင်မှုများ ပြုလုပ်ရေးကြိုးစားနေသည်။ ထိုသို့မတော်တဆဖြစ်ပွားပြီး နာရီအနည်းငယ်အကြာ၌ ယိုစိမ့်နေမှုကို ထိန်းချုပ်နိုင်ခဲ့သည်။ **(ဆင်ဟွာ)**



ကိုရီးယားစစ်ပွဲရပ်ဆိုင်းမှု နှစ် ၆၀ ပြည့်သောအခါ

မောင်နွေသစ်

တောင်နဲ့မြောက်ကိုရီးယားနှစ်နိုင်ငံအကြား စစ်ပွဲရပ်ဆိုင်းခဲ့မှုဟာ ဇူလိုင် ၂၇ ရက်က နှစ် ၆၀ ပြည့်ခဲ့ပါပြီ။ သို့ပေမယ့်လည်း နှစ်နိုင်ငံရဲ့ဆက်ဆံရေးဟာ တင်းမာနေဆဲပါပဲ။ မြောက်ကိုရီးယားရဲ့ ရန်စမှု၊ တောင်ကိုရီးယားနိုင်ငံရဲ့ အမေရိကန်နဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကြောင့် နှစ်ဖက်အခြေအနေဟာ ဒီကနေ့အထိ ပုံမှန်ဆက်ဆံရေးအခြေအနေ ရောက်မလာနိုင်ဘဲရှိပါတယ်။



အဲဒီနေ့မှာပဲ မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းမှာ ကိုရီးယားစစ်ပွဲရပ်ဆိုင်းခဲ့မှု နှစ် ၆၀ ပြည့် စစ်ရေးပြ အခမ်းအနားကြီးတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။ မြို့တော်ပြုံယမ်းမှ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်တွေက ဒုံးလက်နက်တွေနဲ့အတူ ကြီးမားတဲ့ စစ်ရေးပြအခမ်းအနားကြီး ကျင်းပခဲ့ပါတယ်။ တပ်ဖွဲ့ဝင်တွေနဲ့ ကြည့်နေတဲ့ပြည်သူတွေက မြောက်ကိုရီးယား လူငယ်ခေါင်းဆောင် ကင်ဂျုံအန်ကို ကောင်းချီး သြဘာပေးလျက် ဂုဏ်ပြုခဲ့ကြပါတယ်။

၁၉၅၀မှ ၁၉၅၃ ခုနှစ်အထိ သုံးနှစ်တိုင်တိုင် ဖြစ်ပွားခဲ့တဲ့စစ်ပွဲဟာ အပစ်အခတ်ရပ်စဲရင်း အဆုံးသတ်ခဲ့သော်လည်း နည်းပညာအားပြိုင်တဲ့ စစ်ပွဲကတော့ ရှိနေဆဲဖြစ်တယ်လို့ နိုင်ငံရေးအကဲခတ်သူများက ပြောဆိုလျက်ရှိပါတယ်။ မှန်ပါတယ်။ ယခုဆိုရင် မြောက်ကိုရီးယားက ဒုံးလက်နက်တွေနဲ့ နျူကလီးယားစမ်းသပ်မှုတွေ ပြုလုပ်ခဲ့သလို တောင်ကိုရီးယားကလည်း အမေရိကန်နဲ့အတူ ခေတ်မီစစ်ရေး လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဒီနေ့အခမ်းအနားမှာပဲ မြောက်ကိုရီးယား လူငယ်ခေါင်းဆောင် ကင်ဂျုံအန်က ဂုဏ်ပြုစစ်တီးဝိုင်းနဲ့ အတူ တပ်ကိုစစ်ဆေးပါတယ်။ အဲဒီနောက် စစ်ခေါင်းဆောင်များနဲ့ ပါတီခေါင်းဆောင်များအား နှုတ်ဆက်ခဲ့တာကို နိုင်ငံပိုင်ရုပ်မြင်သံကြားမှ တစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပါတယ်။ ပြုံယမ်းရင်ပြင်မှာ ကြီးမားသော နဖူးစီး စာတန်းများနဲ့ မြောက်ကိုရီးယားအလံများ လွှင့်ထူထားပါတယ်။

ယခုအခါမှာတော့ တောင်နဲ့မြောက်ကိုရီးယားနိုင်ငံတို့ဟာ ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ဖို့ ကြိုးစားနေကြဆဲပါ။ ဒီလစောစောပိုင်းက ပူးတွဲစက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရေး တတိယအကြိမ်ဆွေးနွေး မှု မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရပါတယ်။ ကီဆောင်စက်မှုဇုန်ဟာ ဧပြီလအတွင်း မြောက်ကိုရီးယားက ၎င်းတို့ရဲ့ အလုပ်သမားများ ရုပ်သိမ်းခဲ့ပြီးနောက် ဆိုင်းငံ့ထားခဲ့ပါတယ်။ ပြုံယမ်းရဲ့ ဖေဖော်ဝါရီလအတွင်း နျူကလီးယား စမ်းသပ်မှုပြီးနောက် တင်းမာမှုများကို တွေ့ရပါတယ်။

တောင်ကိုရီးယား နိုင်ငံမှာလည်း သမ္မတပတ်ဂွန်ဟေးက နှစ် ၆၀ ပြည့် အထိမ်းအမှတ် ပြုလုပ်ခဲ့ပါတယ်။ မြောက်ကိုရီးယားရဲ့ ရန်စမှုတွေကို လက်တုံ့ပြန်မှာ မဟုတ်ဘူးလို့ သန္နိဋ္ဌာန်ချထားကြောင်း သူမက ပြောဆိုလိုက်ပါတယ်။ သို့သော်လည်း ဆိုးလ်အနေဖြင့် မြောက်ကိုရီးယားနဲ့ ယုံကြည်မှု တည်ဆောက်သွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုရင် နျူကလီးယား လက်နက်ပိုင်ဆိုင်ဖို့ ကြိုးစားနေခြင်းကိုလည်း လက်လျှော့ပေးရမယ်လို့ သူမက တိုက်တွန်းလိုက်ပါတယ်။ အကယ်၍သာ မြောက်ကိုရီးယားက နျူကလီးယား လက်နက်ပိုင်ဆိုင်မှု ရပ်တန့်လိုက်မယ်ဆိုရင် ကိုရီးယားနှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ ပြန်လည်ကောင်းမွန်လာမယ့်အနေအထားပါပဲ။ ။

နိုင်ငံတကာသတင်း

အကျဉ်းသား ၁၂၀၀ ထောင်ဖောက်ထွက်ပြေး

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ အကျဉ်းထောင်တစ်ခု၌ ထောင်ဖောက်မှုဖြစ်ပွားရာ အကျဉ်းသား ၁၂၀၀ ခန့် ထောင်ဖောက်လွတ်မြောက်ထွက်ပြေးသွားခဲ့သည်။ လွတ်မြောက်သွားသူအများစုသည် ထောင်နှစ်ကြီးကျခံထားရသူများဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် အေပီသတင်းအေဂျင်စီက ဇူလိုင် ၂၈ ရက်တွင် ဖော်ပြသည်။ အခြားသောသတင်းတစ်ရပ်တွင် အယ်လ်ကွာဖီယာ အကျဉ်းထောင်အတွင်း အဓိကရုဏ်းဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ယင်းထောင်ဖောက်မှုသည် ဘင်ဂါဇီမြို့ ဆန္ဒပြပွဲတစ်ခု၌ နိုင်ငံရေးသမားတစ်ဦး လုပ်ကြံခံရပြီးနောက် တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အီဂျစ်ဆန္ဒပြသူများအား သတိပေး

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ထိုင်ရာမထဆန္ဒပြနေသောသူများအား မကြာမီ အပြောင်းရှင်းခံရလိမ့်မည်ဖြစ်ကြောင်း မိုဟာမက်မော်စီထောက်ခံဆန္ဒပြနေသူများအား အီဂျစ်ပြည်ထဲရေးဝန်ကြီးက သတိပေးလိုက်ကြောင်း ဇူလိုင် ၂၈ရက်က ဘီဘီစီတွင်ဖော်ပြသည်။ သို့သော်လည်း ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက ရာဘားအယ်လ်အဒါဝီယာ ဗလီအနီး ဆက်လက်ဆန္ဒပြနေထိုင်သွားမည်ဟု ပြောကြားလိုက်သည်။ ယင်းဒေသသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းဖြစ်ပြီး သွေးများရဲရဲနီနေသည့်နေရာဖြစ်သည်။ ခန့်မှန်းအားဖြင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

တာလီဘန် နှိမ်နင်းမှု ငြိမ်းချမ်းရေး ဖြစ်ပေါ်

တာလီဘန်အကြမ်းဖက်သမားများကို ရှင်းလင်းရန်အတွက် ငြိတိသျှတပ်ဖွဲ့ဝင်များသည် သီတင်းပတ်ကြာ စစ်ဆင်ရေးအတွက် အာဖဂန်သို့ ပြန်လာကြပြီဖြစ်သည်။ ၂၀၁၀ ခုနှစ်အထိ ငြိတိသျှတပ်ဖွဲ့ဝင်များက တာလီဘန်တို့ရန်မှ ကာကွယ်ပေးထားသည့် ဆာဂျင်းခရိုင်ကို ကာကွယ်ပေးရန် အာဖဂန်တပ်မှူးက မေတ္တာရပ်ခံတောင်းခံခဲ့သည်။ အမှတ် ၄ ရိုင်ဖယ်တပ်ဖွဲ့ဝင် ၈၀ခန့်သည် ဟယ်လ်မန့်ပြည်နယ်၌ အခြေစိုက်စခန်းဖွင့်လှစ်နေထိုင်ခဲ့သည်။ အကြမ်းဖက်သမားအချို့သည် ယင်းစစ်ဆင်ရေးတွင်သေဆုံးခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်

ဂြိုဟ်တုနှစ်လုံးလွှတ်တင်

ဥရောပ၏ အကြီးဆုံး မိုဘိုင်းဆက်သွယ်ရေးဂြိုဟ်တု အပါအဝင် ဂြိုဟ်တုနှစ်လုံးကို ပြင်သစ်နိုင်ငံပိုင်ရာနာအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇူလိုင် ၂၆ ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ဇူလိုင် ၂၇ ရက်၌ ဆင်ဟွာသတင်းတွင်ထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တုများကို ယင်းနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၇ မိနစ်ခန့်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံ အရီရိန်းစပေ့ကုမ္ပဏီမှထုတ်လုပ်သော အရီရိန်း-၅ ဒုံးပျံဖြင့် အာကာသသို့သယ်ဆောင်သွားခြင်းဖြစ်သည်။

အရီရိန်း - ၅ ဒုံးပျံဖြင့် ယခုဂြိုဟ်တုလွှတ်တင်ခြင်းသည် ၂၀၁၃ ခုနှစ်အတွင်း တတိယမြောက်လွှတ်တင်ခြင်းဖြစ်သည်။ ဂြိုဟ်တုများကို အာကာသသို့ အရီရိန်း -၅ ဒုံးပျံ အမျိုးအစားဖြင့် လွှတ်တင်မှုအရေအတွက် ယခုအကြိမ် အပါအဝင် စုစုပေါင်း ၅၆ ကြိမ်ရှိ ပြီဖြစ်သည်။

ယခု သယ်ဆောင်သွားသည့် ဂြိုဟ်တုနှစ်လုံးမှာ ဥရောပ၏အကြီးမားဆုံးဂြိုဟ်တုတစ်လုံးအပြင် အိန္ဒိယနိုင်ငံမှ အင်ဆက်-3D ဂြိုဟ်တုတစ်လုံးလည်းပါဝင်သည်။ ဥရောပဂြိုဟ်တုသည်လွှတ်တင်ပြီး ၂၈ မိနစ်အကြာ ဒုံးပျံမှခွဲထွက်ပြီး အာကာသအတွင်း မူလသတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းများဆောင်ရွက်ရန်အသင့် အနေအထား ရောက်ရှိသွားခဲ့သည်။ ထို့အတူ အင်ဆက်-3D ဂြိုဟ်တုမှာ ဥရောပဂြိုဟ်တုနှင့် ငါးမိနစ်အကြာတွင် အာကာသ၌ လုပ်ငန်းများ ဆောင်ရွက်ရန်အသင့်အနေအထား ရောက်ရှိ သွားခဲ့သည်။

အာကာဟိန်း-ရေးသားသည်

မင်းသမီးကင်မရွန်းဒိုင်ယက်ဇ်က ပက်တင်ဆန်အား စိတ်ဝင်စားနေ

ဟောလီးဝုဒ်မင်းသမီး ကင်မရွန်းဒိုင်ယက်ဇ်က ရောဘတ်ပတ်တင်ဆန်ကို စိတ်ဝင်စားနေကြောင်း၊ နှစ်ဦးသား တွဲကာလည်ပတ်ရန် စိတ်ဆန္ဒရှိနေကြောင်း မင်းသမီး ကင်မရွန်းက ပြောကြားသည်။

ဆုံးဖြတ်ထား

အသက် ၄၀ အရွယ်ရှိ ကင်မရွန်းဒိုင်ယက်ဇ်သည် ပတ်တင်ဆန်နှင့်အတူ တွဲဖက်ကာသရုပ်မဆောင်ဖူးသေးကြောင်း၊ သို့သော် နှစ်ဦးသားမှာ နားလည်မှုရှိစွာ သိကျွမ်းရင်းနှီးခဲ့ပြီဖြစ်ကြောင်း ဆိုထားသည်။ "သူ့ကျွန်တော့်ကို ကောင်းကောင်းသိနေပါတယ်။ ဒါပေမယ့် ချစ်သူခရစ္စတင်းစတီးဝပ်ရှိနေတာမို့ ခပ်ခွာခွာနေဖို့ သူက ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်"ဟု ပတ်တင်ဆန်က ပြောသည်။

နေခြည် - ရေးသည်

အိပ်၍မပျော်သောလပြည့်ည သံသရာလည်....

ပြည့်ဝန်းဝိုင်းစက်သော လပြည့်ညများသည် ကောင်းစွာအိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်သည်ဟု သိပ္ပံပညာရှင်တစ်စုက ကောက်ချက်ချသည်။

လပြည့်ညတွင် လပြည့်ဝန်းကြီးဆီမှ လင်းရောင်ခြည်ဖြန့်ကြက်ထားသော အရှိန်အဝါသည် အိပ်စက်ခြင်းအပေါ် သက်ရောက်မှုရှိသည်ဟု ဆိုသည်။

စေတနာလုပ်အားပေး ၃၃ ဦးဖြင့် သုတေသနခန်းတွင် စမ်းသပ်ကြည့်ရာ လရောင်ခြည်၏ အရှိန်အဝါသည် အိပ်စက်ခြင်းကို နှောင့်ယှက်သည်ဟု သုတေသနပညာရှင်များက တွေ့ရှိသည်။

ဖော်ပြ

လပြည့်ဝန်းထိန်ထိန်သာချိန်တွင် ပါဝင်သူ၃၃ဦးကိုအလင်းတိုးမပေါက်သော အမှောင်ခန်းအတွင်းထားကာ အိပ်စက်စေသော်လည်းတစ်မေ့ အိပ်စက်ရန် အချိန်ကြာရှည်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခြင်းလည်း မရှိကြောင်း ခေတ်သစ်ဇီဝဗေဒဂျာနယ်တွင် ဖော်ပြခဲ့သည်။

သဘာဝခန္ဓာကိုယ်ဇီဝနာရီ စက်ဝန်းနှင့် နီးနွယ် သက်ရောက်မှုရှိသော ဟော်မုန်းအဆင့်နိမ့်ဆင်းမှု (melatonin) သည် အမှောင်ချထားသော အခန်းတွင်းရှိနေချိန်တွင် များစွာဖြစ်စေပြီး အလင်းရှိသည့်အခါတွင် melatonin ဖြစ်စဉ် နည်းပါးစွာ ဖြစ်သည်။

နေ့အခါအလင်းအားနည်းနည်းနှင့်ညနေပိုင်းအလင်းတောက်တောက်ရှိသောအချိန်များတွင် အလင်းရောင်ကြောင့် ခန္ဓာကိုယ်ဇီဝဖြစ်စဉ်တွင် သာမန် melatonin ဖြစ်ပျက်စဉ်စက်ဝန်းကို ကတိမ်းကပါးဖြစ်စေသည်။ ယင်းက အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေသည်။ သို့သော်လည်း ဘာဆဲလ်တက္ကသိုလ်မှ ပါမောက္ခ ခရစ္စတင်းကာဂျိုချန်းနှင့်အဖွဲ့တို့၏ သုတေသနတွင် လပြည့်ည အိပ်စက်ခက်စေခြင်းသည် အလင်းရောင်မြင်တွေ့မှု၊ အလင်းကျရောက်မှုနှင့်မသက်ဆိုင်ကြောင်း ဆိုသည်။

ပါဝင်သူများအား သုတေသန၏ရည်ရွယ်ချက်ကိုအသိမပေးဘဲထားပြီး ၎င်းတို့အိပ်စက်ရာတွင်လည်း လကိုမမြင်နိုင်သည့်သုတေသန အိပ်စက်ခန်းတွင် ထားရှိကာ ခရစ္စတင်းတို့အဖွဲ့က စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

၎င်းအဖွဲ့၏ အနီးကပ်စောင့်ကြည့်ခြင်းအောက်တွင် နှစ်ညတာ သုတေသနပြုခဲ့ရာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေသည့် ဦးနှောက်လုပ်ငန်းစဉ်ကျဆင်းကြောင်းတွေ့ရှိရသည်။ ယင်းကြောင့် melatoninဖြစ်စဉ်အဆင့်သည် လပြည့်ညများတွင် နည်းပါးသည်ဟု ကောက်ချက်ချနိုင်ခဲ့သည်။

လပြည့်ညများတွင်အိပ်ပျော်သွားဖို့ရန် သာမန်ထက်ငါး မိနစ်ပိုကြာရပြီး အိပ်စက်ချိန် မိနစ် ၂၀ခန့် လျော့နည်းသည်ကို တွေ့ရှိခဲ့သည်။

"လပြည့်ဝန်းက လူတွေရဲ့ အိပ်ပျော်ခြင်းပေါ် အရှိန်အဝါသက်ရောက်ပါတယ်။ လကိုမမြင်မကြည့်ဘဲဖြစ်စေ၊ လပြည့်မပြည့်ကိုလည်း သတိမထားဘဲနေပြီးပဲဖြစ်စေ အိပ်စက်မှုပေါ် အကျိုးသက်ရောက်မှုရှိနေတာကအမှန်ပါ" ဟု ပါမောက္ခခရစ္စတင်းက ဆိုသည်။

ဆောင်းပါး

ကျွန်တော်နဲ့ ဘွဲ့လွန်ပါရဂူ

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ပြီးခဲ့တဲ့အပတ်က ကျွန်တော်နဲ့ ပါရဂူဘွဲ့ဆောင်းပါးကို ရေးသားခဲ့ပါတယ်။ ဒီလိုရေးသားခဲ့တာဟာ ဘယ်သူဘယ်ဝါကိုမှ ရည်ရွယ်ပြီးပြစ်တင်ဝေဖန်တဲ့သဘောနဲ့ ရေးခဲ့တာမဟုတ်ပါဘူး။ ရှိနေ၊ ဖြစ်နေတဲ့ အခြေအနေကိုသာ အများသိအောင်တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်သင်တန်းတစ်ခုမှာ စာသင်ပြီး တက်ရောက်လာတဲ့ ကျောင်းသား ကျောင်းသူတွေကို မေးခွန်းမေးစေပါတယ်။ ကျွန်တော်သင်တဲ့ ဘာသာရပ်ဆိုင်ရာမေးခွန်းတွေ မေးလိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ ဒါပေမယ့် ဘာသာရပ်မေးခွန်းကိုမမေးဘဲ Ph.D ဆိုတာဘာလဲ ရှင်းပြပေးပါလို့ မေးခဲ့ပါတယ်။

Ph.Dဆိုတာ အမှန်တော့ Doctor of Philosophyကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကို နားလည်သဘောပေါက်ဖို့လိုအပ်ပါတယ်။ Doctorဆိုတဲ့ စကားကို အများက ဆရာဝန်ပဲလို့ နားလည်ကြတာဖြစ်ပါတယ်။ အမှန်တော့ မြန်မာနိုင်ငံမှာ ဆေးပညာဘွဲ့ရတဲ့သူတွေဟာ M.B.,B.Sဘွဲ့ကိုသာ ရထားသူတွေဖြစ်တယ်။ တစ်နည်းပြောရရင် Bachelor of Medicine ဆေးပညာဘွဲ့နဲ့ Bachelor of Surgeryခွဲစိတ်ပညာဘွဲ့ ဘွဲ့နှစ်ခုဖြစ်ပါတယ်။ အစဉ်အလာတစ်ခုသာ M.B.,B.Sဘွဲ့ရထားသူတွေကို Doctorလို့ ခေါ်ခြင်းဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာတော့ ဆရာဝန်တွေအတွက် M.Dဘွဲ့ယူရပါတယ်။ တစ်နည်းပြောရရင် Doctor of Medicineဖြစ်ပါတယ်။ Philosophy ဆိုတာက အတွေးအခေါ်ပညာဖြစ်ပါတယ်။ ဒါ့ကြောင့် Ph.Dဟာ အတွေးအခေါ်နဲ့ပတ်သက်ပြီး ဘွဲ့ထူးရထားခြင်းဖြစ်တယ်။ Ph.Dဟာ စီးပွားရေးပညာနဲ့လည်းရနိုင်တယ်၊ သိပ္ပံပညာနဲ့လည်းရနိုင်တယ်၊ စက်မှုသိပ္ပံနဲ့လည်း ရနိုင်တယ်။ ဘာသာရပ်အမျိုးမျိုးမှာ Ph.Dပါရဂူဘွဲ့ကို ရယူနိုင်ပါတယ်။ တချို့တက္ကသိုလ်တွေမှာတော့ Ph.Dဘွဲ့အစား D.Phil ဘွဲ့ကိုပေးတာတွေ့ရပါတယ်။ တစ်နည်းပြောရင် Doctor of Philosophyဖြစ်ပါတယ်။

ကျွန်တော်စီးပွားရေးတက္ကသိုလ်မှာ ပါရဂူဘွဲ့ရရှိပြီး ကိုးနှစ်လောက် လုပ်သက်ရလာတဲ့အချိန်မှာ အထူးရခဲတဲ့ အခွင့်အရေးတစ်ခုကို ရခဲ့ပါတယ်။ ငယ်ငယ်တုန်းက ပညာရေးခရီးရဲ့အဆုံးဟာ ပါရဂူဘွဲ့လို့ထင်ခဲ့တယ်၊ သိခဲ့တယ်။ Ph.Dဘွဲ့ရပြီးရင် နောက်ထပ်ယူစရာဘွဲ့မရှိတော့ဘူးလို့ ထင်ခဲ့တယ်။ ဒါပေမယ့် ပါရဂူဘွဲ့ရထားတဲ့သူတွေဟာ ဘွဲ့လွန်ပါရဂူဘွဲ့ (Post-Doctoral Fallowship)ကို ယူနိုင်ကြောင်း သိလာခဲ့တယ်။

၁၉၈၄-၁၉၈၅ ခုနှစ်လောက်မှာ ဒီအကြောင်း သိခွင့်ရခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ပညာနဲ့ပတ်သက်ပြီး ဘွဲ့လွန်ပါရဂူဘွဲ့ကိုယူဖို့ ကြိုးစားခဲ့ပါ တယ်။ ဒီတုန်းက ဂျာမနီနိုင်ငံမှာ အနောက်နဲ့အရှေ့နိုင်ငံ နှစ်နိုင်ငံခွဲထားပါတယ်။ အနောက်ဂျာမနီက ဘွဲ့လွန်ပါရဂူဘွဲ့ယူနိုင်တဲ့အခွင့်အရေးတွေ ပေးနေတယ်လို့ ကြားသိရတာနဲ့ ဘယ်နည်းဘယ်ပုံရနိုင်မယ်ဆိုတာကို သံရုံးမှာ သွားစုံစမ်းခဲ့တယ်။ ဒီတုန်းက ဆက်သွယ်ခဲ့ရတဲ့သူက ဦးအေးဝင်းဖြစ်ပါတယ်။ အခုတော့သူက UNICမှာ တာဝန်ယူနေပါတယ်။

ဒီပညာသင်ဆုကို Alexander Von-humboldt Foundationက ပေးအပ်တာ အတိုကောက်က Humboldtဖောင်ဒေးရှင်းပေါ့။ တချို့ကလည်း Von-humboldtလို့ သိကြတာ။ ဒီဖောင်ဒေးရှင်းက တစ်နှစ်ကို ပညာသင်ဆု ၂၀၀လောက် ပေးတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပါရဂူဘွဲ့ရထားတဲ့သူတွေကိုသာပေးတာ။ ပညာသင်ဆုရချင်တဲ့သူက သူလုပ်ချင်တဲ့ သုတေသနအစီအစဉ်ကို အသေးစိတ်ရေးသားတင်ပြရတယ်။

ဒီတင်ပြတဲ့ သုတေသနအစီအစဉ်တွေကို ဖောင်ဒေးရှင်းက ရွေးချယ်ပြီး ပညာသင်ဆုကိုပေးတာ။ ကျွန်တော်က သုတေသနအစီအစဉ်ကို တင်ဖို့ ပြင်ဆင်တော့ အခက်အခဲတွေ့ခဲ့ရတယ်။ အဲဒီ ၁၉၈၄-၁၉၈၅ခုနှစ်လောက်တုန်းက မျက်မှောက်ခေတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးနဲ့ပတ်သက်ပြီး သုတေသနလုပ်ခွင့်မရဘူးလို့ သက်ဆိုင်ရာက ကျွန်တော့်ကို အသိပေးခဲ့တယ်။ တော်တော်လေး စိတ်ညစ်ရတဲ့ကိစ္စဖြစ်တယ်။ ကိုယ်ကလည်း ဒီတုန်းကဖြစ်နေတဲ့ စီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေကို သုတေသနလုပ်နေတာဖြစ်တာမို့ ဒါတွေကိုပဲ ဆက်လုပ်ချင်တယ်။ အခုလိုမလုပ်ရဘူးလို့ တားမြစ်တော့ တော်တော်ကလေး ကသိကအောက်ဖြစ်ရတယ်။ တိုင်ပင်စရာအနေနဲ့ ဘွဲ့လွန်ပါရဂူယူခဲ့ဖူးတဲ့သူကလည်း ကိုယ့်အနီးမှာ တစ်ဦးမှမရှိဘူး။ ကျွန်တော်အမျိုးမျိုးစဉ်းစားခဲ့တယ်။ အကြံထုတ်ခဲ့တယ်။ ဘယ်ခေါင်းစဉ်ရွေးပြီး သုတေသနအစီအစဉ်တင်ရင် အဆင်ပြေမလဲဆိုတာ။ အခု ပြန်စဉ်းစားရင် ယုံတမ်းစကားလိုပါပဲ။

သုတေသနဆိုတာက မိမိစိတ်ဝင်စားတဲ့ကိစ္စကို လေ့လာမှ အဓိပ္ပာယ်ရှိတာ။ Academic Freedomဖြစ်တဲ့ပညာရေးနဲ့ ပတ်သက်ပြီး လွတ်လပ်ခွင့်မရှိခဲ့တဲ့၊ ဗဟိုချုပ်ကိုင်မှုအပြည့်အဝရှိခဲ့တဲ့ အခြေအနေဖြစ်တာမို့ အခုလို အကျပ်အတည်းတွေ့နေရင်း ကျွန်တော်အဖြေတစ်ခုရခဲ့ပါတယ်။ ဒီအဖြေဟာလည်း ကျွန်တော့်ရဲ့ ဆရာတွေဖြစ်တဲ့ ဒေါက်တာ ဦးအေးလှိုင်နဲ့ ဒေါက်တာ မောင်ရှိန်တို့က ပေးခဲ့တဲ့ နမူနာဖြစ်တယ်။

ဆရာကြီး ဦးအေးလှိုင်ဟာ ဝိဇ္ဇာဘွဲ့ကို လန်ဒန်တက္ကသိုလ်က ယူခဲ့တယ်။ အဲဒီနောက် မြန်မာပြည်ပြန်လာပြီး စီးပွားရေးတက္ကသိုလ်မှာ အမှုထမ်းရင်း ပါမောက္ခချုပ်တာဝန်ကို ယူခဲ့သူဖြစ်ပါတယ်။ ဆရာကြီးဟာ ပါရဂူကျမ်းကြီးကို ရန်ကုန်မှာပြုစုပြီး ကျမ်းကြီးနှုတ်ဖြေစာမေးပွဲကို လန်ဒန်မှာဖြေဆိုခဲ့သူ။ သူ့ရဲ့ ကျမ်းကြီးရဲ့ခေါင်းစဉ်က ကိုလိုနီခေတ် မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုဖြစ်တယ်။ တစ်နည်းပြောရရင် စီးပွားရေးသမိုင်းကို လေ့လာတာဖြစ်တယ်။ ဆရာဒေါက်တာ မောင်ရှိန်ဟာလည်း အခုလိုပဲ စီးပွားရေးသမိုင်းနဲ့ Cambridge တက္ကသိုလ်က ပါရဂူဘွဲ့ယူခဲ့သူ။ သူတို့လိုပဲ စီးပွားရေးသမိုင်းကို သုတေသနလုပ်ရင်းတင်မယ်ဆိုပြီး လိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်ခဲ့ရတယ်။ အခုလို စီးပွားရေးသမိုင်းနဲ့ သုတေသနအစီအစဉ်လုပ်မယ်လို့ တာဝန်ရှိသူတွေကို တင်ပြတော့ ခွင့်ပြုချက်ရရှိခဲ့တယ်။

အခုလိုခွင့်ပြုချက်ရလို့ ကျွန်တော်က သုတေသနအစီအစဉ်ကို ဖော်ထုတ်ခဲ့ရတယ်။ တစ်ချိန်က ကျွန်တော်တင်ပြခဲ့သလို တက္ကသိုလ်ပညာရေးရဲ့ အနှစ်သာရက သုတေသနပဲဖြစ်တယ်။ ရိုးရိုးပြောရရင် ရှာဖွေမှုဖြစ်တယ်။ ဘယ်သူမှမသိသေးတာကို သိအောင်ကြိုးစားတာ၊ အများသိထားတာကို ပုံစံတစ်မျိုးနဲ့ သိနားလည်အောင်လုပ်တာ၊ ဒါက သုတေသနပဲဖြစ်တယ်။ သုတေသနအတွက် အရေးအကြီးဆုံးက သုတေသနမေးခွန်းဖြစ်တယ်။ မေးခွန်းလို့ပြောရင် သာမန်မေးခွန်းမျိုးမဟုတ်ပါဘူး။ စနစ်တကျ စုံစမ်းစိစစ်ပြီးမှ အဖြေထုတ်လို့ရတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။

ဒီမေးခွန်းထုတ်ပြီး မေးခွန်းအတွက်သင့်တော်မယ့်အဖြေကို ဖော်ထုတ်ပြီး Hypothesis အဆိုပြုချက်တွေ ထုတ်ရတယ်။ ဒီအဆိုပြုချက်တွေ မှန်ကန်မှုရှိမရှိကို စာရင်းဇယားကိန်းဂဏန်းတွေ စုစည်းကောက်ယူပြီး အဆိုပြုချက်တွေကို ငြင်းဆိုနိုင်မှု ရှိ မရှိကို သုံးသပ်ရတယ်။ လက်ခံမှုရှိ မရှိကို ဆန်းစစ်တာမဟုတ်ပါဘူး။ သုတေသနလုပ်တာဟာ ဝါသနာပါမှ ဖြစ်တာ၊ ခိုင်းလို့လုပ်ရတာမျိုး မဟုတ်ပါဘူး။ Passion လို့ခေါ်တဲ့ စိတ်ဓာတ်ပြင်းပြင်းပြပြရှိပြီး ဒီလုပ်ငန်းထဲ စိတ်ရောကိုယ်ရောမြှုပ်နှံနိုင်မှဖြစ်မှာ။

သုတေသနလုပ်ငန်းကို ရုံးဆန်ဆန်လုပ်လို့မရဘူး။ တစ်ချိန်က ဆောင်ရွက်ခဲ့သလို ကျွန်တော်ကြားရတော့ ကိုယ့်နားကိုတောင် ကိုယ်မယုံနိုင်ဖြစ်ခဲ့ရတယ်။ ပါရဂူသုတေသနလုပ်တာကို စခန်းသွင်းပြီး ဝန်ကြီးဌာနတစ်ခုမှာ လုပ်သွားတယ်လို့ သိခဲ့ရတယ်။ ထူးဆန်းတဲ့ဖြစ်ရပ်တစ်ခုပေါ့၊ အခုလို စီးပွားရေးသမိုင်းနဲ့ ပတ်သက်ပြီး သင့်တော်မယ့်ခေါင်းစဉ်ရွေးချယ်တဲ့အခါ စီးပွားရေးပညာရဲ့ အခြေခံဖြစ်တဲ့ စွန့်ထွင်ဦးစီးမှု (Entrepreneurship) ကို အထူးပြုလေ့လာခဲ့ရတယ်။ ကျွန်တော့်ရဲ့ ပါရဂူဘွဲ့က စီမံခန့်ခွဲမှုသိပ္ပံနဲ့ပတ်သက်တာ။ အခုလို ဘွဲ့လွန်ပါရဂူဘွဲ့အတွက် စီးပွားရေးပညာရော၊သမိုင်းပညာရော ပြန်ပြီးလေ့လာရတာ။

မြန်မာနိုင်ငံရဲ့ စီးပွားရေးသမိုင်းကို မညှာမတာသုံးသပ်ရင် ကိုလိုနီခေတ်မှာ အတိုးတက်ဆုံးဖြစ်တာ တွေ့ခဲ့ရတယ်။ ဒီလိုသုံးသပ်ရင် တချို့က ကြိုက်ချင်မှကြိုက်မယ်။ ကျွန်တော့်ကို နုံတယ်လို့လည်း အစွပ်စွဲခံခဲ့ရတယ်။ ဒါကတော့ မဆန်းပါဘူး။ ဝေဖန်ခံရတာကို ကျေးဇူးတင်ရတယ်။

ဒါကြောင့် ကျွန်တော်ဟာ ကိုလိုနီခေတ်နဲ့ပတ်သက်ပြီး စုံစမ်းခဲ့ရတယ်။ စာရင်းအချက်အလက်တွေ စုခဲ့ရတယ်။ သမိုင်းအထောက်အထားတွေကိုလည်း ရှာဖွေခဲ့ရတယ်။ ကိုလိုနီခေတ်စီးပွားရေးသမိုင်းကို ရေးသားပြုစုခဲ့တဲ့ စာအုပ်စာတမ်းများအနက် အထင်ရှားဆုံးစာအုပ်က ဆရာကြီး J.S. Furnivall ရေးသားပြုစုခဲ့တဲ့ စာအုပ်ဖြစ်ပါတယ်။ အမည်က Colonial Policy and Practice (ကိုလိုနီစနစ်ပေါ်လစီနဲ့ လက်တွေ့ကျင့်သုံးမှုများ) ဖြစ်ပါတယ်။

ဆရာကြီးဟာ တခြားစာအုပ်တွေ၊ စာတမ်းတွေလည်း ရေးသားခဲ့ပါတယ်။ ဆရာကြီးဟာ အင်္ဂလိပ်လူမျိုး၊ တစ်ချိန်က နိုင်ငံကိုအုပ်ချုပ်စီမံတဲ့ Indian Civil Service(ICS) အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ဆရာကြီးရဲ့ ထူးခြားလှတဲ့ဆောင်ရွက်ချက်တစ်ရပ်ကတော့ မြန်မာနိုင်ငံသုတေသနအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအသင်းကြီးက သုတေသနဂျာနယ်တစ်စောင် ထုတ်ဝေပြုစုခဲ့တယ်။ နောက်ပိုင်းမှ ဒီအသင်းကြီးကိုဖျက်ပြီးပိတ်ပင်ခဲ့တယ်။ သုတေသနဂျာနယ်ကိုလည်း ထုတ်ဝေခွင့်မပေးခဲ့တော့ဘူး။ဆရာကြီးရဲ့ ရေးသားမှုတွေထဲမှာ စီးပွားရေးပညာအတွက် အလွန်ထူးခြားမှုရှိတဲ့ ဝေါဟာရတစ်ခုကို ဖော်ထုတ်ခဲ့ပါတယ်။

ဒီဝေါဟာရဟာလည်း မြန်မာနိုင်ငံရဲ့နိုင်ငံရေး၊ လူမှုရေးနဲ့စီးပွားရေးကိုသုံးသပ်ပြီး ဖော်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီဝေါဟာရက Plural Society ဆိုတဲ့ အသုံးအနှုန်းဖြစ်ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပုံသဏ္ဌာန်ကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ခဲ့ပါတယ်။

လူ့အဖွဲ့အစည်းမှာ လူတန်းစားသုံးမျိုးရှိတာကို ဖော်ထုတ်ခြင်းဖြစ်ပါတယ်။ ပထမအလွှာကတော့ အင်္ဂလိပ်လူမျိုးအပါအဝင် ဥရောပတိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒုတိယအလွှာမှာတော့ အိန္ဒိယလူမျိုး၊ တရုတ်လူမျိုးတွေရှိပြီး အောက်ဆုံးအလွှာမှာ မြန်မာတိုင်းရင်းသားတွေဖြစ်ပါတယ်။ ဒီအလွှာသုံးရပ်ဟာ ကိတ်မုန့်တစ်လုံးလို တစ်ထပ်စီဖြစ်ပြီး တစ်လွှာနဲ့တစ်လွှာ ဆက်စပ်မှုမရှိကြဘဲ သီးခြားနေထိုင် လှုပ်ရှားနေကြတယ်။

ဒီဝေါဟာရကို တစ်ကမ္ဘာလုံးမှာရှိတဲ့ စီးပွားရေးပညာရှင်တွေ အသုံးချလာတာကို တွေ့မြင်ရပါတယ်။ ဆရာကြီးရေးသားခဲ့တဲ့ စာတစ်ပုဒ်ကို ကျွန်တော်မှတ်မိပါသေးတယ်။ ကိုလိုနီခေတ်မှာ " rich nation, poor people " (နိုင်ငံကချမ်းသာပြီး မြန်မာလူမျိုးတွေက ဆင်းရဲနေကြတယ်)လို့ မှတ်ချက်ချခဲ့ပါတယ်။

မနှစ်က နေပြည်တော်မှာကျင်းပတဲ့အစည်းအဝေးတစ်ခုမှာ စီးပွားရေးနိုဘယ်ဆုရတဲ့ ပါမောက္ခ J.Stiglizt က ပြန်ပြီးသုံးသွားတာ တွေ့ရတယ်။ သူ့ရဲ့ ပြောကြားချက်ထဲမှာ ထည့်ပြောသွားတော့ ကြားဖူးပါတယ်လို့ စဉ်းစားမိတာ၊ နောက်မှ ဆရာကြီး Furnivall သုံးခဲ့တဲ့ စကားဖြစ်တာကို သွားသတိရမိတယ်။ ဆရာကြီးကို ကျွန်တော်လေးစားပါတယ်။ ကိုယ်မမီလိုက်ပေမယ့် အမှန်တော့ သူဟာ ကျွန်တော့်အဖို့ မြင်ဆရာတစ်ဦးပါ။

တိတိကျကျပြောရရင် သူ့ရဲ့စာတွေဖတ်ပြီး တပည့်ဖြစ်လာတဲ့ တပည့်ဖြစ်ပါတယ်။ မြန်မာတစ်ဦးအနေနဲ့တော့ သူ့ရေးသားချက်တစ်ခုကို ဘဝင်မကျတာရှိခဲ့ပါတယ်။ ကိုလိုနီခေတ် စီးပွားရေးဘဝမှာ မြန်မာတွေမပါဝင်ခဲ့ဘူးလို့ ရေးသားခဲ့တယ်။ စီးပွားရေးဖွံ့ဖြိုးမှုမှာ ဥရောပတိုက်သားတွေ၊ အိန္ဒိယနဲ့ တရုတ်လူမျိုးတွေသာ ပါဝင်တယ်လို့ ရေးသားခဲ့ပါတယ်။ တစ်ဆက်တည်းမှာလည်း မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေ မဖွံ့ဖြိုးတာဟာ စီးပွားရေးဥပဒေသကြောင့်သာဖြစ်တယ်လို့ ဆင်ခြေပေးခဲ့တယ်။ မော်လမြိုင်-မုတ္တမကူးတို့လုပ်ငန်းမှာ ပါဝင်လာခဲ့တဲ့ ဦးနာအောက် ကျဆုံးရတာဟာ ဈေးကွက်ယှဉ်ပြိုင်မှုကြောင့် ဖြစ်တယ်လို့ ရေးခဲ့ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ထုတ်ဝေတဲ့ စာအုပ်တွေမှာလည်း တိုင်းရင်းသားတွေကို ဖိအားပေးခဲ့တဲ့အတွက် စီးပွားရေးဘဝမှာ ပါဝင်ခွင့်မရခဲ့ဘူးလို့ ဖော်ထုတ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့ စိတ်ထဲမှာဘဝင်မကျတာတစ်ခုက ဈေးကွက်ယှဉ်ပြိုင်မှုကြောင့် မြန်မာတွေ အခုလိုစီးပွားရေးဘဝမှာ မပါဝင်နိုင်ခဲ့ဘူးဆိုတဲ့အချက်ဖြစ်တယ်။ " Survival of the Fittest"(သန်မြန်တဲ့သူတွေရှင်သန်မှုရှိတယ်)ဆိုတဲ့ အဆိုကို ကျွန်တော်က လွယ်လွယ်ကူကူနဲ့ လက်မခံချင်ဘူး။ နောက်တစ်ချက်ကလည်း မြန်မာတွေ အခုလို စီးပွားရေးဘဝမှာ မပါဝင်တဲ့အကြောင်းကို သံသယဖြစ်မိပါတယ်။ ဒီနှစ်ချက်အပေါ် အခြေခံပြီး ကျွန်တော့်ရဲ့ သုတေသနအစီအစဉ်ကို ရေးသားပြုစုခဲ့ပါတယ်။

အစီအစဉ်ကို တတ်နိုင်သမျှ သပ်သပ်ရပ်ရပ်ဖြစ်အောင်ဆောင်ရွက်ပြီး သံရုံးကတစ်ဆင့်၊ အနောက်ဂျာမနီမှာရှိတဲ့ Alexandar Von-humboldt ဖောင်ဒေးရှင်းကို တင်ပြခဲ့ပါတယ်။ အခုလို တင်ပြပြီးပညာသင်ဆုရမရကို စိုးရိမ်စိတ်အပြည့်နဲ့ စောင့်ဆိုင်းခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ သုတေသနအစီအစဉ်ကို ဆန်းစစ်ဖို့ ဖောင်ဒေးရှင်းက အနောက်ဂျာမနီနိုင်ငံ တက္ကသိုလ်တွေမှာရှိတဲ့ ပါမောက္ခတွေကို ဖြန့်ဝေခဲ့ပါတယ်။ စိတ်ဝင်စားတဲ့ပါမောက္ခက အစီအစဉ်ကို သုံးသပ်ပြီး လက်ခံသင့်မသင့်ကို ဖောင်ဒေးရှင်းထံသို့ အကြံပြုပါတယ်။

ဒါကြောင့်လည်း ကျွန်တော်ရဲ့ သုတေသနအစီအစဉ်ကို Marburg တက္ကသိုလ်ကပါမောက္ခ Ropke ကလက်ခံခဲ့ပြီး ဖောင်ဒေးရှင်းထံသို့ ထောက်ခံမှုပေးခဲ့ပါတယ်။ ပါမောက္ခ Ropke ရဲ့ ထောက်ခံချက်ကောင်းလို့ ထင်ပါရဲ့ တစ်လလောက်စောင့်ခဲ့ပြီးနောက် ဖောင်ဒေးရှင်းက ကျွန်တော့်ကို ကနဦးကာလအဖြစ် တစ်နှစ်နဲ့အဆင်ပြေရင် နောက်ထပ်တစ်နှစ်လုပ်ခွင့်ပေးဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒါနဲ့ကျွန်တော်ဟာ အနောက်ဂျာမနီကို ဘွဲ့လွန်ပါရဂူဘွဲ့ယူဖို့ ၁၉၈၆ ခုနှစ်မှာ ထွက်ခဲ့ပါတယ်။

Marburg တက္ကသိုလ်မှာ သုတေသနမဆောင်ရွက်မီ ကျွန်တော့်ကို မိသားစုတစ်စုနဲ့ နေထိုင်စေပြီး ဂျာမန်စာနဲ့စကားကို သင်စေပါတယ်။ ဂျာမန်ဘာသာစကားဟာ အင်္ဂလိပ်စကားနဲ့ နီးစပ်ပေမယ့် ကျွန်တော့်အတွက်ခက်ခဲတယ်။ နေထိုင်ရတဲ့အိမ်က မိသားစုက လုံးဝအင်္ဂလိပ်စကားမတတ်ဘူး။ ဒီလိုလုပ်တာကလည်း ဂျာမန်စကားကို ပြောအောင် တွန်းအားပေးတာဖြစ်တယ်။ အစားအသောက်မှာလည်း ကျွန်တော့်အဖို့ အခက်အခဲရှိခဲ့တယ်။ နံနက်စာနဲ့ နေ့လယ်စာအတွက်တော့ အဆင်ပြေပါတယ်။

ဂျာမန်စကားသင်တဲ့ကျောင်းကကျွေးပါတယ်။ ညဘက်ကျတော့ အိမ်မှာစားရတယ်။ ညဘက်မှာ ဂျာမန်လူမျိုးက အစားအသောက်ကို ချက်ပြုတ်မစားဘူး။ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းတွေကို မချက်ဘဲစားရတာ။ ပေါင်မုန့်ကလည်း ဂျာမန်လူမျိုးကြိုက်၊ ပေါင်မုန့်အနက် (Black Bread) တအားမာတယ်။ စားရတာအတော်ခက်တယ်။ ကြိတ်မှိတ်ပြီး စားသောက်ခဲ့ရတယ်။ အိမ်ရှင်အမျိုးသမီးက ကျွန်တော့်ရဲ့အခြေအနေကိုသိပြီး သနားလို့ထင်ပါရဲ့။ နောက်တော့ဟင်းချက်ပြီးကျွေးရှာတယ်။ ကျွန်တော့်ရဲ့ ဂျာမန်ဘာသာစကားကလည်း သိပ်တိုးတက်မလာတော့ သူကပြောရှာတယ်။ "မင်းဂျာမန်စကားတတ်တဲ့အထိ စောင့်ရင်တော့ အဆင်ပြေမှာမဟုတ်ဘူး။ ဒါကြောင့် ငါပဲ အင်္ဂလိပ်စာသင်ဖို့ လိုလိမ့်မယ်ထင်တယ်"လို့ ငြီးရှာတယ်။ လေးလကာလအပြီး တက္ကသိုလ်မှာ သုတေသနစလုပ်ခဲ့တယ်။ အချိန်ကလည်း တစ်နှစ်ပဲရတာမို့ တစ်နှစ်အတွင်းမှာ သိသာထင်ရှားအောင်ကြိုးစားရတယ်။ ဒါမှ နောက်ထပ်တစ်နှစ်တိုးပြီး လုပ်ခွင့်ရမှာ။ ဆရာလုပ်တဲ့ ပါမောက္ခက ပါမောက္ခဌာနမှူး ဖြစ်ပါတယ်။

ဂျာမန်တက္ကသိုလ်တွေအနက် စီးပွားရေးပညာမှာ အထူးချွန်ဆုံးသူဖြစ်ပြီး သိပ်ပြီးတိကျတယ်။ စဉ်းစားပုံ စဉ်းစားနည်းက တည်ငြိမ်တယ်။ ပြတ်သားတယ်။ ကျွန်တော်လုပ်တဲ့ သုတေသနက စီးပွားရေးသမိုင်းဖြစ်တာမို့ သမိုင်းဘာသာရပ်ကို ထဲထဲဝင်ဝင်လေ့လာခွင့်ရခဲ့တယ်။ အမှန်တော့ ကျွန်တော်က သမိုင်းကို နှစ်သက်တယ်။ ဝါသနာပါခဲ့တယ်။ ဒါပေမယ့် စနစ်တကျလေ့လာခွင့်မရခဲ့ဘူး။ သမိုင်းဘာသာရပ်နဲ့ စီးပွားရေးဘာသာရပ်ဟာ အသွင်ခြားနားတယ်။ စီးပွားရေးပညာက ယူဆချက်ကို အခြေပြုတယ်။ သမိုင်းပညာကတော့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံရှိမှ လက်ခံတယ်။ ဒါကြောင့် ကျွန်တော် ဒီသုတေသနဆောင်ရွက်ရင်း ငယ်ငယ်တုန်းက သတိမပြုမိတဲ့ သက်သေအထောက်အထားကို လေးစားဖို့လိုအပ်တာကို သတိပြုမိခဲ့တယ်။ ကျွန်တော့်ရဲ့ သုတေသနအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေက အင်္ဂလန်နိုင်ငံမှာရှိတာမို့ ပါမောက္ခရဲ့ ခွင့်ပြုချက်နဲ့ လန်ဒန်မှာ လေးလတိတိ သတင်းအချက်အလက်တွေ သွားရောက်စုစည်းခဲ့ပါတယ်။

လန်ဒန်မြို့မှာ ကမ္ဘာကျော်တဲ့ British Library ဆိုတာရှိပါတယ်။ ဗြိတိသျှစာကြည့်တိုက်ဖြစ်ပါတယ်။ စာကြည့်တိုက်ဆိုပေမယ့် သာမန်စာအုပ်စာတမ်းတွေစုထားရုံသက်သက် မဟုတ်ပါဘူး။ စာအုပ်စာတမ်းတွေအပြင် သုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်ပါတယ်။ British Library မှာ တစ်ချိန်က ဗြိတိသျှကိုလိုနီနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာ၊ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့စာရွက်စာတမ်းတွေ၊ အထောက်အထားတွေကို စုစည်းထားပါတယ်။ India Office Library (အိန္ဒိယရုံးစာကြည့်တိုက်)လည်းရှိပြီး ဒီစာကြည့်တိုက်ရုံးခွဲက သီးခြားဖြစ်ပါတယ်။ တာဝန်ရှိတဲ့သူတွေကတော့ စာရွက်စာတမ်း၊ စာအုပ်စုစည်းမှုဟာ ဖြန့်စီလိုက်မယ်ဆိုရင် ခုနစ်မိုင်ခန့်ရှိတယ်လို့ ပြောပါတယ်။ မြန်မာပြည်နဲ့ ပတ်သက်တဲ့ စာရင်းအချက်အလက်တွေ၊ စာရွက်စာတမ်းတွေ၊ မြေပုံတွေဟာ မျိုးစုံလှပါတယ်။ ပြည့်ပြည့်စုံစုံရှိလှပါတယ်။

စာမျက်နှာ ၇ သို့

လမ်းပန်းဖွံ့ဖြိုးတိုးတက်ဝေဆာ ပျဉ်းမနားအရှေ့တောင်ပေါ်ရွာများ....

ဒေသတစ်ခု(သို့မဟုတ်) မြို့ပြ၊ ကျေးလက်တစ်ခု ဖွံ့ဖြိုးတိုးတက်စေရန် အဓိကကျသော လိုအပ်ချက် တစ်ရပ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်ပင်ဖြစ်သည်။ သို့မှသာ တောင်ပေါ်၊ မြေပြန့်၊ ကျေးလက်၊ မြို့ပြ မည်သည့်ဒေသမဆို လမ်းပန်း ဆက်သွယ်မှု ချောမွေ့လွယ်ကူသည်နှင့်အမျှ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး များ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၏ အရှေ့ဘက် တောင်ပေါ်ဒေသသည် ယင်းကဲ့သို့ ဒေသများတွင် အပါအဝင် ဖြစ်ပါသည်။ ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းသည် တောင်ငူ၊ သံတောင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပင်လောင်း၊ ကယား ပြည်နယ် ဖယ်ခုံမြို့နယ်များနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ပျဉ်းမနားမြို့၏ မြေပြန့်နှင့်တောင်ပေါ် ဒေသကိုပေါင်းလောင်းမြစ်က ပိုင်းခြားထားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ကျော်က ထိုတောင်ပေါ်ဒေသများတွင် တစ်ရွာနှင့်တစ်ရွာ သွားလာရန် ခြေကျင်ခရီးဖြင့် လျှိုမြောင်စိမ့်စမ်းများကို ဖြတ်ပြီး တောင်ကမ်းပါးယံများကို ကွေ့ဝိုက်တက်ကာ၊ ဆင်းကာသွားလာရသည်။ စာရေးသူကိုယ်တိုင် လွန်ခဲ့သော ၁၈ နှစ်ခန့်က ယင်းဒေသများသို့ သွားရောက်ခဲ့ဖူးသည်။

ထိုကဲ့သို့ ဒေသခံပြည်သူများ တွေ့ကြုံခံစားရသော လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ပြေလည်စေရန်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(လမ်း/တံတား)က ကြီးကြပ်၍ ၂၀၁၃ ခုနှစ် မတ် ၁၂ ရက်မှ စတင်ကာ ဒေသဖွံ့ဖြိုးရေးလမ်းများကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်ခဲ့သည်။

လမ်းပန်းဆက်သွယ်ဖောက်လုပ်ခဲ့သော ကျေးရွာများမှ အိမ်ထောင်စု ၁၈၆ စု၊ လူဦးရေ ၉၆၇ ဦး နေထိုင်လျက်ရှိသော အောင်နန်းချို-အောင်ခေါင်- ကိုးတစ်ဖုန်းဆိုး- ကိုးတစ်ရွာမ-ခြောက်အိမ်စု ကျေးရွာချင်းဆက် အကျယ် ၁၂ ပေ၊ အရှည် ၁၇ မိုင်ရှိ မြေသားလမ်း၊ အိမ်ထောင်စု ၃၃၀၊ လူဦးရေ ၁၇၁၅ ဦးရှိ ဆိတ်ဖူးတောင်-ဘို့မအထက်-ကိုးတစ်တဲစု-ကိုးတစ်ရွာမ အရှည် ၂၃ မိုင် မြေသားလမ်းတို့ကို ၂၀၁၃ ခုနှစ် ဇွန် ၁၁ ရက်က ဖောက်လုပ်ပြီးစီးခဲ့သည်။ အရှည် ၂၂မိုင် လေးဖာလုံ၊ အကျယ် ၁၂ပေရှိ ပျဉ်းမနားမြို့နယ် သစ်ထွန်ကျေးရွာအုပ်စု ဇီးရိုင်း-မရမ်းတောင်အောက်-မရမ်းတောင်အထက်-မြလင်း-မြသာ-လက်ဖက်တောင် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက မြလင်းကျေးရွာ၌ ကျင်းပခဲ့သည်။

တောင်ပေါ်ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး လမ်းသစ်များ ဖွင့်ပွဲသို့ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဗိုလ်မှူးကြီး မြင့်အောင်သန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်၊ နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဆန်းမော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့နယ်အမျိုးသမီးရေးရာနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဝင်များ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အိမ်ထောင်စု ၅၁၆ စု၊ လူဦးရေ ၂၄၇၀ရှိ ဇီးရိုင်း-မရမ်းတောင်အောက်- မရမ်းတောင်ထိပ် မြလင်း- မြသာ- လက်ဖက်တောင် ကျေးရွာချင်းဆက်လမ်း အကျယ် ၁၂ ပေ၊ အရှည် ၂၂မိုင် လေးဖာလုံကို မြေသားလမ်းချောအဖြစ် လည်းကောင်း၊ အိမ်ထောင်စု ၄၁၆စု၊ လူဦးရေ ၁၈၉၃ ဦးရှိ ဖလောင်း- ထိန်ပြောင်-စလူး အရှည် ခြောက်မိုင်၊ ခြောက်ဖာလုံ၊ ထိန်ပြောင်-လေးအိမ်လမ်း နှစ်မိုင် ခြောက်ဖာလုံ၊ စလူ-ရစ်ပြုတ် နှစ်မိုင် ခြောက်ဖာလုံ အကျယ် ၁၂ပေ မြေသားလမ်းချောအဖြစ်လည်းကောင်း ၂၀၁၃ ခုနှစ် ဇွန်လ ၁၁ ရက်တွင် ဖောက်လုပ်ပြီးစီးခဲ့ရာ စုစုပေါင်း လမ်းအရှည် ၇၄ မိုင် ခြောက်ဖာလုံ ဖောက်လုပ်ပေးခဲ့သည်။

ယခုကဲ့သို့ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်းကြောင့် ပျဉ်းမနားမြို့နယ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လွယ်ကူချောမွေ့လျင်မြန်စွာ သွားလာနိုင်ကြသည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝတိုးတက်

မြင့်မားပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ထို့အပြင် လာမည့် နွေရာသီတွင် ကျေးရွာချင်းဆက်လမ်းများအဖြစ် (၂၇/၄)မိုင်ရှိ တောင်မြင့်ရွာမ-အလယ်ချောင်း ဖုန်းဆိုး- အလယ်ချောင်းရွာမ-ဘောကထအထက်-ဘောကထက်အလယ်- ဘောကထ ပြဋ္ဌာန်း-ဘောကထအောက်-တောင်မြင့်ရွာသစ်လမ်း၊(၃/၄)မိုင်ရှိ ခရိုင်ချင်းဆက်လမ်း-မြေပြိုပြဒါးချောင်း-မြသီတာလမ်း(၀/၄)မိုင်ရှိ တောင်ပတ်-ငါးတဲစုလမ်း၊ (၃/၂)မိုင်ရှိ ဝေသာလီ-လမ်းကောလမ်း ခြောက်မိုင်ရှိ ဘိုမသံတောင်-ဘိုမကန့်ဖလာ-ဘိုမအထက်ရွာလမ်း(၃/၄)မိုင်ရှိ တောင်ပတ်ဆန်းသစ်လွင်လမ်းတို့ကို ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းများ အောင်မြင်ပြီးစီးသည်နှင့်အမျှ ပျဉ်းမနားအရှေ့ တောင်ပေါ်ဒေသ၊ ကျေးရွာအုပ်စု ခုနစ်အုပ်စု ကျေးရွာပေါင်း ၅၈ရွာတို့သည် တစ်ရွာနှင့်တစ်ရွာ အချိန်မရွေး ရာသီမရွေး လွယ်ကူချောမွေ့လျင်မြန်စွာ သွားလာနိုင်တော့မည် ဖြစ်ရာ ဝမ်းသာကြည်နူးပီတိအပြုံးများဖြင့် တိုးတက်ဝေဆာ ပျဉ်းမနား အရှေ့တောင်ပေါ်ရွာများဟု ဆိုရတော့မည်ဖြစ်ပါကြောင်း. . .။

ဇော်မျိုးနိုင်

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဘေလီတံတားခုနစ်စင်း ပေးအပ်

တမူး ဇူလိုင် ၂၈

အိန္ဒိယနိုင်ငံ အင်ဖာရ်မြို့ The headquarters of Red Shield Division, Leimakhong ၌ ဇူလိုင် ၂၃ ရက်မှ သုံးရက်ကြာ ကျင်းပသော နှစ်နိုင်ငံနယ်စပ်ရေးရာ ကော်မတီအစည်းအဝေးအတွင်း အိန္ဒိယနိုင်ငံမှ ဒုတိယဗိုလ်ချုပ်ကြီး Arun Kumar Sahni က အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်အား ဘေလီတံတားခုနစ်စင်းပေးအပ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံမှ သတင်းဌာနတစ်ခု၏ ဖော်ပြချက်အရ သိရသည်။

"အိန္ဒိယနိုင်ငံက ဖောက်လုပ်ပေးတဲ့လမ်းက တမူးမြို့ကနေ ကလေးမြို့အထိ ကောင်းပါတယ်။ အဓိကမကောင်းတာက တံတားတွေပါ။ ကလေးမြို့နဲ့ ကလေးဝလမ်းမှာတော့ လမ်းပိုင်းအချို့ သိပ်မကောင်းသေးဘူး။ အရင်ကထက် တိုးတက်လာတယ်ဆိုပေမယ့် နိုင်ငံတကာအာရှပတ်လမ်း အစိတ်အပိုင်းဝင်၊ အာဆီယံပတ်လမ်း အစိတ်အပိုင်းဝင်ဆိုပြီး နိုင်ငံတကာအဆင့်နဲ့ တိုင်းတာမယ်ဆိုရင်တော့ လိုအပ်ချက်တွေရှိနေပါသေးတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ကလည်း တိုင်းပြည်ရဲ့ကုန်းတွင်းပိတ် အရှေ့မြောက်ဒေသရဲ့ ထွက်ပေါက်က မြန်မာနိုင်ငံပါ။ မြန်မာနိုင်ငံရဲ့လမ်းတွေကောင်းမွန်မှ အိန္ဒိယနိုင်ငံရဲ့ အရှေ့မြောက်ဒေသဟာ နိုင်ငံတကာနဲ့ ဆက်သွယ်ရတာအဆင်ပြေမယ်။ ဒါကြောင့်အရှေ့မျှော်ဝါဒဆိုပြီး လုပ်နေတာပါ"ဟု အိန္ဒိယ-မြန်မာနယ်စပ်အရေးကို လေ့လာသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေးလမ်းမကြီးဟု လူသိများသော တမူး- ကလေး-ကလေးဝလမ်းပေါ်တွင် တည်ရှိသော တံတားခုနစ်စင်းကို ကွန်ကရစ်တံတားများအဖြစ် အိန္ဒိယနိုင်ငံ BRTF အဖွဲ့က ပြုပြင်မှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး မုံရွာ-ယာကြီး-ကလေးဝကားလမ်းကို ၂၀၁၆ ခုနှစ်မတိုင်မီ အဝေးပြေးလမ်းမကြီးအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ထုတ်ပြန်သည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးတွဲကြေညာချက်အရ သိရသည်။

ချင်းတွင်းသား

စာမျက်နှာ ၆ မှ

ကျွန်တော်သိရှိရတာက ကိုလိုနီခေတ်တုန်းက အုပ်ချုပ်တဲ့ အစိုးရဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်း၊ စာရင်းအချက်အလက်နှစ်စုံ စုဆောင်းထားကြောင်း သိရပါတယ်။ တစ်စုံကိုတော့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာထားရှိပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျပန်တွေ ဗုံးကြဲစဉ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မီးလောင်ကျွမ်းခဲ့ပြီး တန်ဖိုးရှိလှတဲ့ စာအုပ်တွေ၊ စာတမ်းတွေ၊ စာရင်းအချက်အလက်တွေ ဆုံးရှုံးခဲ့ရပါတယ်။ အခြားတစ်စုံကတော့ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှာ ထိန်းသိမ်းထားပြီး နောက်ဆုံးတစ်ခုကတော့ India Office Library မှာ ရှိပါတယ်။

စာကြည့်တိုက်မှာရှိတဲ့ စာရွက်စာတမ်းတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာသိုက်ကြီးဖြစ်ပါတယ်။ ဖြစ်များဖြစ်နိုင်ရင် ဒါတွေအားလုံးကို မြန်မာပြည်ကို ပြန်သယ်ပြီး ယူချင်လိုက်တာ။ ကျွန်တော်ဟာ လေးလတိတိ နေ့စဉ် ဒီစာရွက်စာတမ်းတွေ၊ စာအုပ်တွေကြားထဲနေပြီး မိမိသုတေသနအတွက် လိုအပ်မယ်လို့ယူဆရတာတွေကို ကူးယူပြီး စုဆောင်းခဲ့ပါတယ်။ ကျေနပ်လောက်တဲ့အထိ ကူးယူပြီးမှ လေးလပြည့်တဲ့အချိန်မှာ ဂျာမနီနိုင်ငံကို ပြန်ခဲ့ပါတယ်။

တစ်နှစ်ပြည့်သွားတဲ့အချိန်မှာ ပါမောက္ခဆရာက ကျေနပ်လို့ နောက်ထပ်တစ်နှစ်ထပ်ပြီး သုတေသနလုပ်ခွင့်ပြုပါတယ်။ ရရှိတဲ့အချက်အလက်တွေကို စုစည်းပြီး ကျွန်တော်ဟာ ဘွဲ့လွန်ပါရဂူအတွက် ကျမ်းကြီးတစ်စောင် စတင်ပြုစုခဲ့ပါတယ်။ ဆရာလုပ်တဲ့သူက ကျမ်းကြီးကို စာအုပ်တစ်အုပ်အဖြစ် ရေးသားပြုစုဖို့ အကြံပေးခဲ့ပါတယ်။ ကျွန်တော့်ရဲ့ သုတေသနအကြောင်းကို ဂျာမနီနိုင်ငံမှာ နာမည်ကြီးတက္ကသိုလ်ဖြစ်တဲ့ Heidelberg မှာ သွားရောက်ပြီး စာတမ်းကို ဖတ်ခဲ့ပါတယ်။ ဒီတက္ကသိုလ်မှာ ပါမောက္ခကြီးတစ်ဦးကို တွေ့ခဲ့ရပါတယ်။

ဒီဆရာကြီးဟာ မြန်မာပြည်ကို အထူးပြုလေ့လာတဲ့သူဖြစ်ပြီး အထူးသဖြင့် ဗုဒ္ဓဘာသာအတွေးအခေါ်တွေကို လေ့လာတဲ့သူဖြစ်ပါတယ်။ မြန်မာပြည်ကိုလည်း မကြာခဏရောက်ဖူးသူဖြစ်တယ်။ ဒီပုဂ္ဂိုလ်လိုလူမျိုးနဲ့တွေ့ခွင့်ရတာဟာ ကျွန်တော့်အတွက် အလွန်အကျိုးရှိတဲ့ အတွေ့အကြုံတစ်ရပ်ပါပဲ။ ဆရာကြီးက ကျွန်တော်လုပ်နေတဲ့ သုတေသနလုပ်ငန်းကို အားပေးတယ်။ တွေ့ရှိချက်တွေကို သူ့ရဲ့တက္ကသိုလ်က စာအုပ်အဖြစ် ထုတ်ဝေခွင့်ပြုမယ်လို့ ပြောပါတယ်။ သုတေသနလုပ်ငန်းတွေ ပြီးဆုံးပြီးတဲ့အတွက် မိမိရဲ့ တွေ့ရှိချက်ကို ကျမ်းကြီးတစ်ခုအဖြစ် ပြုစုဖို့ဆောင်ရွက်ခဲ့ပါတယ်။

ကျမ်းကြီးတစ်စောင်လုံးအကြောင်းမပြောတော့ဘဲ ထူးခြားတဲ့တွေ့ရှိချက် သုံးရပ်ကိုသာ တင်ပြချင်ပါတယ်။ ပထမအချက်ကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးသမိုင်းမှာ အမြဲတမ်းဖော်ပြထားသလို ကိုလိုနီခေတ်အတွင်း မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေကို "ခေါင်းပုံဖြတ်"မှုတွေဟာလည်း စာရင်းဇယား၊ စာရွက်စာတမ်းတွေမှာ ခိုင်လုံတဲ့သက်သေတွေ တွေ့ရှိရပါတယ်။ ဥပမာတစ်ခုအနေနဲ့ မြန်မာတိုင်းရင်းသားတွေက ဓာတ်မီးခြစ်ကို တီထွင်ထုတ်လုပ်ခဲ့တယ်။ ဒီမီးခြစ်ဟာ ရိုးရိုးသစ်သားမီးခြစ်ထက်ကောင်းပါတယ်၊ သုံးစွဲသူတွေကလည်း နှစ်သက်ကြတယ်။ ဒါပေမယ့် သစ်သားမီးခြစ်တွေကို ထုတ်လုပ်နေကြတဲ့သူတွေက အိန္ဒိယလူမျိုးတွေဖြစ်ခဲ့တယ်။ ဒါကြောင့်လည်း ဓာတ်မီးခြစ်ထုတ်လုပ်သူတွေကို ဥပဒေအရတားမြစ်ပိတ်ဆို့ခဲ့ပါတယ်။ ဒါက သာဓကတစ်ခုကလေးသာ ဖြစ်ပါတယ်။ ကျန်တဲ့ ဥပမာတွေ အမြောက်အမြားရှိခဲ့ပါတယ်။

ဒုတိယတွေ့ရှိချက်က အခုလို "ခေါင်းပုံဖြတ်"ခြင်းခံခဲ့ရပေမယ့် ထူးချွန်တဲ့ မြန်မာတိုင်းရင်းသားတွေဟာ စွန့်ထွင်ဦးစီးမှုတွေကျင့်သုံးပြီး ရှင်သန်တဲ့သာဓကတွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ကိုလိုနီခေတ်မှာ မြန်မာ့စီးပွားရေးဟာ ဆန်စပါးအပေါ် အခြေခံထားပါတယ်။ ဆန်စပါးတွေတင်ပို့တဲ့နေရာမှာ ကမ္ဘာ့နံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့ပါတယ်။ အခုလိုတင်ပို့ရောင်းချတဲ့နေရာမှာ အင်္ဂလိပ်နဲ့ ဥရောပကုမ္ပဏီတွေက ကြီးစိုးနေပါတယ်။ ဆန်စက်ကြီးတွေကိုလည်း နိုင်ငံခြားသားတွေ ပိုင်ဆိုင်ကြပါတယ်။ တောင်သူလယ်သမားအများစုကတော့ မြန်မာနိုင်ငံသားတွေ ဖြစ်ကြတယ်။

ဒါပေမယ့် အခုလို စိုက်ပျိုးတဲ့ ဆန်စပါးတွေကို ဆန်စက်တွေဆီရောက်အောင် ဆောင်ရွက်ပေးသူတွေက ပွဲစားတွေပဲဖြစ်ပါတယ်။ ဒီပွဲစားတွေဟာ မြန်မာတွေသာဖြစ်ပါတယ်။ အမှန်တော့ မြန်မာတွေစီးပွားရေးမလုပ်တာ မဟုတ်ပါဘူး။ လုပ်ရှားကြတာ တက်တက်ကြွကြွပါပဲ။ ဒါပေမယ့် သူတို့ရဲ့ လုပ်ရပ်တွေကို စွန့်ထွင်ဦးစီးမှုအဖြစ် သတ်မှတ်ခြင်းမရှိတာသာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ စွန့်ထွင်ဦးစီးမှုရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုသုံးသပ်ပြီး မြန်မာနိုင်ငံသားတွေရဲ့ စီးပွားရေးဘဝမှာ ပါဝင်ပတ်သက်တာကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

နောက်ဆုံးအချက်ကတော့ မြန်မာ့စီးပွားရေးသမိုင်းမှာ လူတိုင်းမသိတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ဖြစ်ပွားခဲ့တဲ့ ၁၈၂၄ ခုနှစ်နဲ့ ဒုတိယကမ္ဘာစစ်ဖြစ်ခဲ့တဲ့ ၁၈၅၂ ခုနှစ်အတွင်း မြန်မာနိုင်ငံမှာ ထူးခြားတဲ့ပြောင်းလဲမှုတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ဧရာဝတီတိုင်းဒေသကြီးဟာ ဆန်စပါးအကြီးအကျယ်ထုတ်လုပ်လာနိုင်ခဲ့တဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ သိရှိတဲ့ ဧရာဝတီတိုင်းဒေသကြီးဟာ တစ်ချိန်က ငှက်ဖျားထူပြောပြီး မြစ်ချောင်းအင်းအိုင်ပေါများပြီး မကြာခဏစစ်ပွဲတွေဖြစ်ခဲ့တဲ့ဒေသဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဒီဒေသဟာ ဧရာဝတီမြစ်ကြီးရဲ့ မြစ်ဝှမ်းဒေသဖြစ်ပါတယ်။ မြစ်ဝှမ်းဒေသဖြစ်တဲ့အလျောက် စိုက်ပျိုးရေးအတွက် အလွန်သင့်တော်တဲ့ဒေသတစ်ခု ဖြစ်ပါတယ်။

အခုလိုပါပဲ အီဂျစ်နိုင်ငံက Nile မြစ်ဝှမ်းဒေသ၊ Vietnam နိုင်ငံက Red River မြစ်ဝှမ်းဒေသနဲ့ ထိုင်းနိုင်ငံက Chao Phra မြစ်ဝှမ်းဒေသတို့မှ စိုက်ပျိုးရေးလုပ်ငန်းတွေ ဖြစ်ထွန်းလာခဲ့ပြီး နိုင်ငံတွေရဲ့ စီးပွားရေး၊ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးသက်ရောက်မှုရှိခဲ့တာ သမိုင်းသာဓကတွေ ရှိပါတယ်။ အခုလိုပါပဲ မြန်မာပြည်မှာလည်း ဧရာဝတီမြစ်ဝှမ်းဒေသဟာ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

အခုလို တစ်ချိန်က ဘာမှမရှိခဲ့တဲ့ဒေသကို ကမ္ဘာ့စပါးကျီဖြစ်လာအောင် ဘယ်လိုဆောင်ရွက်ခဲ့သလဲ၊ ဘယ်လိုမဟာဗျူဟာတွေချမှတ်ခဲ့သလဲ၊ ဒီအကြောင်းကို လူတွေမသိကြဘူး။ အမှန်တော့ ဒီတုန်းက အသုံးချတဲ့ မဟာဗျူဟာတွေဟာ မျက်မှောက်ခေတ်အတွက် အသုံးဝင်နိုင်တာ တွေ့ရပါတယ်။ အင်္ဂလိပ်အစိုးရဟာ ယခုလို ဆန်စပါးစိုက်ပျိုးရေး၊ ထုတ်လုပ်ရေးနဲ့ နိုင်ငံခြားတင်ပို့ရေးအတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေကို ဆောင်ရွက်ခဲ့တယ်။ ပင်လယ်ရေမဝင်အောင် တာတမံတွေ တည်ဆောက်ခဲ့ပြီး "ဓားမဦးချ"စနစ်ကို အကောင်အထည်ဖော်ခဲ့တယ်။ ဆန်ကတစ်ဆင့် စပါးထွက်နိုင်အောင် ဆန်အိတ်တွေ သယ်ဆောင်ဖို့ ပံ့ပိုးခဲ့တယ်၊ လိုအပ်တဲ့ချေးငွေတွေ ထုတ်ပေးခဲ့တယ်။

ပဓာနအကျဆုံးအခန်းကိုတော့ မြန်မာလယ်သမားတွေ ပါဝင်တာဝန်ယူခဲ့တာဖြစ်တယ်။ ဒီလယ်သမားတွေ ဘယ်ကလာကြသလဲ။ သမိုင်းအထောက်အထားအရ သူတို့တစ်တွေဟာ အညာဒေသက ရွှေ့ပြောင်းလာတဲ့သူတွေဖြစ်တယ်။ သိကြတဲ့အတိုင်း ဒီတုန်းက အထက်မြန်မာပြည်မှာ မြန်မာမင်းတွေ အုပ်ချုပ်ဆဲကာလဖြစ်တယ်။ ဒါပေမယ့် အောက်မြန်မာပြည်မှာ အခုလိုအခွင့်အရေးပေါ်ပေါက်လာတဲ့အတွက် အလုံးအရင်းနဲ့ ရွှေ့ပြောင်းလာခဲ့တာတွေ့ရပါတယ်။ ဒါကြောင့်လည်း ရွှေ့ပြောင်းလုပ်သားဆိုတာ အခုမှ ပေါ်လာတဲ့ ကိစ္စမဟုတ်ပါဘူး၊ ဟိုတစ်ချိန်ကတည်းက "ရေကြည်ရာ၊ မြက်နုရာ"သွားကြ၊ ရွှေ့ကြတာပဲ ဖြစ်ပါတယ်။

မြန်မာလယ်သမားတွေဟာ အမှန်တော့ "စွန့်ထွင်ဦးစီး"တဲ့ သူတွေသာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တွေ့ရှိချက်တွေကို စနစ်တကျစုစည်းပြီး ကျမ်းကြီးတစ်စောင်ပြုစုခဲ့ပါတယ်။ ပါမောက္ခဆရာက သဘောကျကျေနပ်ပြီး စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေဖို့ ညွှန်ကြားခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော့်ရဲ့ ကျမ်းကြီးကို " Burmese Entrepreneurship; Crative Response in the Colonial Economy " အမည်နဲ့ Heidelberg တက္ကသိုလ်က စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေပေးခဲ့ပါတယ်။ "မြန်မာ့စွန့်ထွင်ဦးစီးမှု၊ ကိုလိုနီစီးပွားရေးစနစ်အတွင်း ရှင်သန်တဲ့ တုံ့ပြန်မှု" အမည်သာဖြစ်ပါတယ်။ ဒီစာအုပ်ကို ပြန်လည်ထုတ်ဝေဖို့ စီစဉ်ထားပါတယ်၊ အရင်တုန်းက ထုတ်ခဲ့တဲ့စာအုပ်တွေ မရှိတော့ပါဘူး။ နိုင်ငံခြားတက္ကသိုလ်က စာကြည့်တိုက်အချို့မှာသာ ကျွန်တော်တို့ တွေ့ရပါတယ်။

ကျွန်တော်ဟာ ဂျာမနီနိုင်ငံမှာ နှစ်နှစ်ကျော်နေပြီး ဘွဲ့လွန်ပါရဂူဘွဲ့ယူပြီး ၁၉၈၈ ခုနှစ်အကုန်မှာ ပြန်ရောက်ခဲ့ပါတယ်။ မိမိရဲ့ အောင်မြင်မှုကို ကျေနပ်အားရပေမယ့် တစ်ဖက်မှာတော့ ဘယ်လိုမှ အစားမထိုးနိုင်တဲ့ ဆုံးရှုံးမှုတစ်ခုကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ မိခင်ဟာ ကျွန်တော် ဂျာမနီမှာရှိစဉ်က ကွယ်လွန်ခဲ့ပါတယ်။ အသည်းအသန်ဖြစ်တုန်းကတော့ ကျွန်တော် လူကြီးတွေကို ခွင့်တောင်းပြီး နှစ်ပတ်လောက် မြန်မာပြည်ပြန်ပြီး မိခင်ကို ပြုစုခဲ့ပါတယ်။

မိခင်အတွက်ရည်စူးပြီး သက်န်းကပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်အသားမစားတော့ပါဘူး။ လောကမှာ ပေးဆပ်မှုမရှိဘဲ အောင်မြင်မှုမရ နိုင်ဘူးဆိုတာ သဘောပေါက်မိပါတယ်။ ကျွန်တော်ပါရဂူဘွဲ့ယူတုန်းကလည်း ဒီအတိုင်းဖြစ်ခဲ့ပါတယ်။ ပါရဂူဘွဲ့ရပြီး မြန်မာပြည်ပြန်ရောက်ပြီး မကြာမီပဲ ဖခင်ဆုံးခဲ့ပါတယ်။ ဒါကြောင့်လည်း ဘဝမှာ ပေးဆပ်မှုတွေ များလွန်းလှတယ်လို့ သုံးသပ်မိပါတယ်။ ။

ပြည်တွင်းသတင်း

○ ရှေ့ဖုံးမှ

ဝန်ဆောင်မှုပေးမည့် အစီအစဉ်များနှင့် ကျွမ်းကျင်စက်မောင်းများ လေ့ကျင့်မွေးထုတ်ပေးမှုအခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက မြေတစ်ယူနစ် တစ်ဧကပေါ်တွင် ဝင်ငွေတွက်ခြေကိုက်မည့် သီးနှံပုံစံများ စိုက်ပျိုးခြင်း၊ ဈေးကွက်ဝင် တွက်ခြေကိုက်မည့် ပုလဲသွယ်စပ်မျိုးစပါးနှင့် စပ်မျိုးသီးနှံများ အမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးစိုက်ပျိုးခြင်းနှင့် သိပ္ပံနည်းကျစိုက်စနစ်များနှင့်အညီ စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေတိုးတက်လာမှုကြောင့် နိုင်ငံတကာ၌ စားနပ်ရိက္ခာလုံခြုံရေးနှင့် စွမ်းအင်လိုအပ်ချက်တို့သည် အရေးကြီးသည့် ကိစ္စတစ်ခုဖြစ်လာပါကြောင်း၊ မြန်မာနိုင်ငံ လူဦးရေသည် ယခုအခါ သန်း ၆၀ ခန့်ရှိနေရာမှ နောင်တွင် သန်း ၁၀၀ အထိ တိုးတက်ဖြစ်ပေါ်လာမည်ဟု မျှော်မှန်းထားရာ အနာဂတ်မျိုးဆက်များအတွက် ရိက္ခာဖူလုံရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေးအတွက် စိုက်ပျိုးမြေများတိုးချဲ့ရန်မှာ ကန့်သတ်ချက်များ ရှိနေသည့်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ သိပ္ပံနည်းကျအထွက်တိုးနည်းစနစ်များ သုံးစွဲရေးတို့ကို ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ရေမြေသယံဇာတ ပေါကြွယ်ဝသည့်အပြင် သင့်တင့်မျှတသည့် ရာသီဥတုများလည်း ရှိနေပါကြောင်း၊ အလားတူ လုံလောက်သည့် လုပ်သားအင်အားများစွာလည်း ရှိပါကြောင်း၊ ပတ်ဝန်းကျင်တွင် လူဦးရေများပြားသည့် ကြီးမားသောဈေးကွက်များ တည်ရှိလျက်ရှိရာ အဆိုပါအခြေအနေကောင်းများကို ထိရောက်စွာ အကျိုးရှိရှိ အသုံးပြုနိုင်ရန်လိုအပ်ပါကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသော်လည်း သီးနှံအရည်အသွေးနိမ့်ကျမှုများကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိခြင်း မရှိသေးပါကြောင်း၊ ယင်းအခြေအနေများကို ကုစားနိုင်ရန်အတွက် လယ်ယာထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ရာတွင် တန်ဖိုးမြှင့်ထုတ်ကုန် Value Added များ ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများ ထွန်းကားရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ထွန်းကားလာရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

၂၀၁၂ ခုနှစ် FAO ၏ ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာ့စားရေရိက္ခာဖူလုံရေး၊ သမဝါယမအခန်းကဏ္ဍဖြင့် ဖော်ဆောင်ပေး" ဟူသည့် ဆောင်ပုဒ်အတိုင်း သမဝါယမကဏ္ဍကို လယ်ယာစိုက်ပျိုးရေးနယ်ပယ်ကဏ္ဍနှင့် ဆက်စပ်ဆောင်ရွက်ရေးကိုလည်း လုပ်ဆောင်သွားရန်လိုအပ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် လယ်ယာပြုပြင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဈေးကွက်ဝင်အထွက်တိုး မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီသိပ္ပံ နည်းကျစိုက်နည်းစနစ်ပြောင်းလဲမှု၊ ခေတ်မီမြေယာပြုပြင်မှု၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမှုတို့သည် အရေးပါသည့်အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

ယခင်က မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကြောင့် လယ်ယာပို့ကုန်ကဏ္ဍတွင် အခက်အခဲများစွာရှိခဲ့ပါကြောင်း၊ ယခုအခါ ယင်းအရေးယူပိတ်ဆို့မှုများ ဖယ်ရှားပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ပို့ကုန်များကို GSP အခွင့်အရေးများ ပြန်လည်ပေးအပ်ပြီးဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ အဆိုပါအခြေအနေကောင်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြု၍ ထိထိရောက်ရောက် အသုံးချရန်လိုအပ်လာပြီ ဖြစ်ပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော တောင်သူ ၁၆၇ ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Advanced Agricultural Engineering (AAE)Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က မြင်းကောင်ရေ ၇၅ ကောင်ရှိ New Holland အမျိုးအစား ထွန်စက်ကြီးနှစ်စီးအား စက်မှုလယ်ယာသင်တန်းသားများ လေ့ကျင့်မောင်းနှင်ရန်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ထွန်စက်ကြီး တစ်စီးစီပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အလျင်လိုကျေးရွာရှိ ကောက်စိုက်လုံမေများအား ဝတ်စုံလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကုန်ထုတ်လမ်းမတွင် ခင်းကျင်းပြသထားသည့် ကောက်စိုက်စက်များ၊ ကောက်ရိတ်စက်များနှင့် ဓာတုကင်းလွတ်သစ်သီးဝလံများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးစပါးရာသီအမီ အရစ်ကျစနစ်ဖြင့် တောင်သူလယ်သမားများ လက်ဝယ်အရောက် အသုံးပြုနိုင်ရန် ရောင်းချပေးပြီးဖြစ်သော လယ်ယာသုံးစက်ကိရိယာစုစုပေါင်း အစီး ၈၀ နှင့် တောင်သူများ လက်တွေ့ဝယ်ယူအသုံးပြုနေကြသည့် စက်ကိရိယာများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အလျင်လိုကျေးရွာ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများအား ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီးဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ စက်မှုလယ်ယာဧကဝတွင် ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုနှင့် မျိုးစေ့သန့်စင်စက်၊ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ အောင်သုခကျေးရွာတွင် ဂျပန်ပညာရှင်များ လာရောက်တည်ဆောက်ပေးနေသည့် အမေရိကန်ဒေါ်လာ(၁ ဒသမ ၇) သန်းတန်ဖိုးရှိ တစ်နေ့တန် ၇၀ ကျ ခေတ်မီအဆင့်မြင့် ဆာတာကေး ဆန်စက်ကို သွားရောက်ကြည့်ရှုကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ဝင်းက စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်အဆင့် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး ကောက်ရိတ်သိမ်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စက်မှုလယ်ယာ စနစ် တစ်ဆက် တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ဝတ်စုံများ ပေးအပ်ရာ တာဝန်ရှိသူမှ လက်ခံယူစဉ်။ (သတင်းစဉ်)

တရုတ်နိုင်ငံ၏ အကြီးဆုံးရှာဖွေကယ်ဆယ်ရေးသင်္ဘော ရန်ကုန်မြို့မှ မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးနှင့် လေ့လာရေးခရီးစဉ်အဖြစ် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေကြောင်းဌာနမှ အကြီးဆုံး ရှာဖွေကယ်ဆယ်ရေးသင်္ဘော M.V HAIXUM 01 သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများနှင့် သီလဝါဆိပ်ကမ်းအနီးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

မြန်မာနိုင်ငံ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ရတနာပန်းတောင်း ရေယာဉ်အား သရုပ်ပြ မီးတောက်လောင်စေပြီး မြန်မာနိုင်ငံမှ မီးသတ်ရေယာဉ်များဖြစ်သည့် နတ်မင်း(၁)၊ နတ်မင်း(၂) ရေယာဉ်တို့နှင့်အတူ M.V HAIX-UM 01 သင်္ဘောမှ မီးသတ်စွမ်းအားပြည့်ကိရိယာများဖြင့် မီးငြိမ်းသတ်မှုကိုသရုပ်ပြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းလေ့ကျင့်ခဲ့သည်။ **(ယာပုံ)**

ပူးတွဲပြုလုပ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက "တရုတ်ရေကြောင်းဌာန သင်္ဘောက ချစ်ကြည်ရေးလာရောက်တာဖြစ်တဲ့အတွက် နှစ်နိုင်ငံ ပင်လယ်ပြင်မှာပူးပေါင်းဆောင်ရွက်တဲ့ လေ့ကျင့်ခန်းတစ်ခုကို ပြုလုပ်လိုတာကြောင့် အခုလို ပင်လယ်ပြင် မီးငြိမ်းသတ်ရေး လေ့ကျင့်ခန်းကို ပူးတွဲပြုလုပ်တာဖြစ်ပါတယ်" ဟု ပြောသည်။

M.V HAIXUM 01 ရေယာဉ်သင်္ဘောသည် ဇူလိုင် ၂၄ ရက်တွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော် ဆိပ်ခံတံတားသို့ ဆိုက်ကပ်ခဲ့ပြီး သင်္ဘောမှာ အလျား ၁၂၈ ဒသမ ၆ မီတာ၊ အနံ ၁၆ မီတာ၊ ရေစူး ၅ ဒသမ ၅ မီတာနှင့် ရေတန်ချိန် ၅၄၁၈ တန်ရှိသည်။

အဆိုပါ M.V HAIXUM 01 ရေယာဉ်သင်္ဘောသည် ယနေ့နံနက် ၉ နာရီခန့်တွင် မြန်မာနိုင်ငံ သီလဝါဆိပ်ကမ်းမှတစ်ဆင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

နေလင်း(သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ အားလုံးဝိုင်းဝန်းကြိုးပမ်းစို့

ယနေ့တွင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ၌ နိုင်ငံတော်အဆင့် စက်မှုလယ်ယာစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ ပုလဲသွယ် စပ်မျိုးစပါး ကောက်ရိတ်သိမ်းပွဲအခမ်းအနား ကျင်းပစဉ်အချိန်အတွင်း စိုက်ပျိုးရေးကဏ္ဍ ပိုမိုအောင်မြင်တိုးတက်လာစေရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ဆောင်ရွက်ကြိုးပမ်းခဲ့သူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

တွေ့ဆုံမေးမြန်း
အောင်နိုင်(သတင်းစဉ်)
ဓာတ်ပုံ-မောင်မောင်သန်း(ကော့မှူး)

ဆည်မြောင်းဦးစီးဌာနမှ ဦးစီးမှူး (မြို့ပြ)ဦးသန်းဝင်းက "ကျွန်တော်တို့ ဒီဧက ၄၄၀ အဆင့်မြင့်စံပြလယ်ယာကို ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စတင်ဖော်ထုတ်ခဲ့ပါတယ်။ အဲလိုမဖော်ထုတ်ခင်မှာ ဒီအလျင်လိုကျေးရွာလယ်ကွက်ကြီးက ဖုန်းဆိုးတောကြီးနဲ့တူပါတယ်။ ဒေသခံလယ်သမားတွေအနေနဲ့ကလည်း သူတို့အင်အားနဲ့လုပ်ဆောင်ဖို့ မတတ်နိုင်ဘူးလေ။ အဲဒီတော့ GAP(Good Agriculture Practice) နဲ့အကောင်အထည်ဖော်မယ်ဆိုတော့ ဒီကွင်းကြီးက တစ်ဆက်တစ်စပ်တည်းဖြစ်နေတယ်။ ကွင်းအနေအထားကလည်း တော်တော်လေးကို အဆင်ပြေသလို မြေအနေအထားကလည်း ကောင်းမွန်တယ်။

ဦးသန်းဝင်း (ဦးစီးမှူး မြို့ပြ)
ဆည်မြောင်းဦးစီးဌာန

နဂိုက မြေသားမြောင်းတွေသုံးတော့ ရေအလေအလွင့်ဆုံးရှုံးမှုများခဲ့တယ်။ နောက်ပိုင်းဧကကွက်တွေကိုလည်းဖော်မယ်။ ဒီကြားထဲမှာ မြောင်းတွေကိုလည်း စနစ်တကျနဲ့တူးဖော်ခဲ့တယ်။ မြေပြင်ရဲ့အနေအထားအရ ဒသမ ၅ ရှိတဲ့အကွက်တွေကို စနစ်တကျဖော်ထုတ်လိုက်တယ်။ ဖော်ထုတ်ရာမှာလည်း အရင်တုန်းက အတိုင်းမဟုတ်ဘဲ မြောင်းတွေကို စနစ်တကျနဲ့ ပြန်ဖောက်ပေးတယ်။ ရေသွင်းရေထုတ်စနစ်တွေကိုပါ ထည့်သွင်းဖော်ထုတ်ပေးထားတယ်။

အဲဒီအပြင် ထွက်လာတဲ့သီးနှံတွေကို ထုပ်ပိုးသယ်ယူဖို့ လွယ်ကူအောင် ကုန်ထုတ်လမ်းကြီးကို ထည့်သွင်းဖောက်လုပ်ပေးထားတယ်။ ဒီဧက ၄၄၀ စံပြစိုက်ကွင်းထဲမှာ ကုန်ထုတ်လမ်းကြီးငါးခုပါတယ်။ ကုန်ထုတ်လမ်းတစ်ခုတစ်ခုက ပေ ၁၅၀၀၀ ကျော်ရှည်တယ်။ ကုန်ထုတ်လမ်းတိုင်းရဲ့တစ်ဖက်မှာ ရေပေးမြောင်းရှိပြီး တစ်ဖက်က ရေပိုရေလျှံထုတ်တဲ့မြောင်း၊ အဲဒီလိုစနစ်တကျထုတ်ပေးတဲ့အတွက် ဒီဧက ၄၄၀ စိုက်ကွင်းမှာ ခါတိုင်းထက် စနစ်တကျစိုက်ပျိုးနိုင်တယ်။ စပါးအလေအလွင့်နည်းတယ်။ သီးနှံတွေလည်း အထွက်နှုန်းတိုးလာတယ်။ မြောင်းတွေကိုလည်း စနစ်တကျနဲ့ဖောက်လုပ်တဲ့အခါ ကျောက်လိုဏ်တွေစီထားလိုက်တော့ ရေအလေအလွင့်နည်းသွားတယ်။ ကျောက်လိုဏ်တွေဆိုတော့ မြေကြီးရဲ့စုပ်ယူမှုနည်းသွားတဲ့အခါ အလိုအလျောက် ရေလေလွင့်မှု နည်းသွားတာပေါ့။ ဒီတော့ရေကိုလုံလောက်စွာပေးစွမ်းနိုင်တယ်။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသအသီးသီးက တောင်သူလယ်သမားတွေ ဒီစံပြစိုက်ကွင်းကြီးကို လစဉ်လတိုင်း လာရောက်လေ့လာကြပါတယ်။ လေ့လာတဲ့အတိုင်း၊ တွေ့ရှိတဲ့အတိုင်း သူတို့ဒေသမှာ ပြန်လုပ်ဆောင်ကြတဲ့အခါ ပိုမိုအဆင်ပြေတယ်ဆိုတဲ့ သတင်းမျိုးတွေလည်း စဉ်ဆက်မပြတ် ပြန်ကြားနေရပါတယ်"။

အလားတူ အလျင်လိုကျေးရွာမှ တောင်သူလယ်သမားကြီး ဦးကျော်ဝေက "ကျွန်တော်က အလျင်လိုရွာ စံပြစိုက်ခင်းထဲက တောင်သူတစ်ဦးပါ။ ကျွန်တော့်ပိုင်လယ်ခြောက်ဧကရှိပါတယ်။ အရင် အစဉ်အဆက်လုပ်တာထက်စာရင် အခုလုပ်တာက သိပ်ပြီးအဆင်ပြေပါတယ်။ အရင်ကဆို တစ်ဧကမှ ၆၅ တင်းလောက်ပဲ ထွက်တယ်။ ဆောင်းစပါးပေါ့။ အခုဆို တင်း ၈၀၊ ၉၀ ထွက်နေပြီ။ ဒီလိုပဲ နွေစပါးဆိုရင်လည်း တင်း ၁၃၀ ထိထွက်နေပြီ။ နိုင်ငံတော်က စိုက်ပျိုးနည်းစနစ်တွေ ချမှတ်ပေးထားတဲ့အတိုင်း လိုက်လုပ်ရတာ အဆင်ပြေချောမွေ့မှုရှိပါတယ်။ အခုလိုအောင်မြင်မှုတွေရလို့ဝမ်းသာလို့မဆုံးဘူး၊ ကျွန်တော်တို့ရဲ့လုပ်ထုံးလုပ်နည်းအတိုင်း တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေ လိုက်ပါလုပ်ဆောင်စေချင်ပါတယ်။ ကျိန်းသေပေါက်ကြီးပွားချမ်းသာလာမှာပါ။"

ထို့ပြင် လယ်လေးဧကပိုင် တောင်သူ ဦးစိုးလွင်ကလည်း "အရင်ကဆို မိုးစပါးက တစ်ဧကကို ၆၀၊ ၇၀ လောက်ထွက်တယ်။နွေစပါးက ၈၀ ဆို အလွန်ဆုံးပဲ။ အခုတော့ ဌာနက နည်းပေးလမ်းပြမှုတွေကို လိုက်ပါလုပ်ဆောင်တာ နွေစပါးဆိုရင် တင်း ၁၃၀ နဲ့ ၁၅၀ အကြားထိ အထွက်တိုးလာပါတယ်။ မိုးစပါးဆိုရင်လည်း တင်း ၁၀၀ ဝန်းကျင်ထိတက်လာတယ်။ ဒီလိုစနစ်ကောင်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ၊ ပုလဲသွယ်စပ်မျိုးစပါးတွေ စိုက်ပျိုးရတဲ့အတွက် မိသားစုစားဝတ်နေရေး ဖူလုံရုံတင်မကဘူး၊ လျှံဖို့တန်းဖို့အထိတောင် လက်လှမ်းမီနေပါပြီ။ တော်တော်လေးကို အဆင်ပြေတဲ့အဆင့်အထိ ရောက်နေပါပြီ။

"ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေကိုလည်း အလျင်လိုရွာမှာရှိတဲ့ စံပြစိုက်ခင်း ဧက ၄၄၀ တောင်သူတွေလို တစိုက်မတ်မတ် လိုက်လုပ်စေချင်ပါတယ်။ အဲဒီလိုလိုက်လုပ်ခဲ့ရင် ကျွန်တော်တို့ တောင်သူတွေရဲ့ဘဝ မလွဲမသွေမြင့်မားတိုးတက်လာမှာ အသေအချာပါပဲ။"

ဆည်ရေသောက် စိုက်ဧရိယာဧက ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ဖြစ်သည့်အလျောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က "မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆည်ရေသောက်ဧရိယာဧက ၄၁၆၅၂ ဒသမ ၄ ဧက ရှိနေပြီးနေရာအားဖြင့် ၃၉ ခုခွဲခြားပြီး လုပ်ကိုင်ဆောင်ရွက်နေပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံလူဦးရေနှင့် စိုက်ပျိုးမြေအကျယ်အဝန်းအရ စားနပ်ရိက္ခာထုတ်လုပ်မှုတွင် ဖူလုံပိုလျှံသောနိုင်ငံဖြစ်သော်လည်း မျှားမကြာမီကာလတွင် တိုးပွားလာနိုင်သည့် နိုင်ငံ့လူဦးရေ သန်း ၁၀၀ အတွက် တင်ကြိုမျှော်မှန်းကာ စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးသီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။

ထိုသို့ ဖူလုံပိုလျှံလာမည့် စားနပ်ရိက္ခာပမာဏကို ဒေသတွင်းလိုအပ်ချက်ရှိနေကြသည့် နိုင်ငံများနှင့် ကမ္ဘာ့ပြည်သူများအတွက် မျှဝေဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ လယ်ယာကဏ္ဍအတွက် မြေသယံဇာတ၊ ရေသယံဇာတများပေါကြွယ်ဝသည့် နိုင်ငံတစ်ခုလည်းဖြစ်သည်။

ထို့အတူ လွန်စွာဝီရိယအားကောင်းပြီး အလုပ်ကြိုးစားကြသည့် လူသားအရင်းအမြစ်များပြည့်စုံနေသော နိုင်ငံတစ်ခုဖြစ်ကာ သဘာဝရာသီဥတုအခြေအနေပေးမှုအနေဖြင့်လည်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အလားအလာအကောင်းဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့စီးပွားရေးပညာရှင်များက ရှုမြင်သုံးသပ်လျက်ရှိနေကြောင်းကိုလည်း သိရှိရသည်။

ယင်းသို့သော အခြေအနေကောင်းများအပေါ် တည်မှီကာ မိမိတို့တောင်သူလယ်သမားဦးကြီးများအနေဖြင့်လည်း နိုင်ငံ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးထမ်းဆောင်ကာ မိမိတို့၏ မိသားစုများလူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရန်အတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ် ဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်သန်၍ဖော်ပြရေးသားအပ်ပါသည်။

ရာဇာမင်းကား ဓားပြတိုက်လုယက်ရာတွင်ပါသွားသည့် လက်ဝတ်လက်စားအချို့ ပြန်လည်သိမ်းဆည်းရမိ

မော်လမြိုင် ဇူလိုင် ၂၈

မော်လမြိုင်-ရန်ကုန် ရာဇာမင်း အဆင့်မြင့် မှန်လုံကားကို မေ ၈ ရက်ညက မွန်ပြည်နယ် သထုံခရိုင်အတွင်း ဓားပြတိုက် လုယက်သူများအနက် သုံးဦးကို ဖမ်းဆီးမိပြီးနောက် ၎င်းတို့ လုယက်သွားခဲ့သည့် ပစ္စည်းများပြန်လည်ရရှိရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် အထူးအဖွဲ့ဖွဲ့စည်းကာ အရှိန်အဟုန်ဖြင့် စစ်ဆေးဖော်ထုတ်လျက်ရှိသည်။

အထူးအဖွဲ့၏ စစ်ဆေးဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူများရောင်းချခဲ့သည့် ရွှေထည်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းရမိရေးအတွက်မွန်ပြည်နယ်ရဲတပ်ဖွဲ့ (အထူးစစ်ဆေးရေးအဖွဲ့)က ကြိုးပမ်းခဲ့ရာ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ နာမည်ကြီးရွှေဆိုင်နှစ်ဆိုင်မှ ငွေကျပ်သုံးသိန်းသုံးသောင်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

မေ ၈ ရက်က သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့မှ မော်လမြိုင်သို့ ခရီးသည်များ တင်ဆောင်ကာ မော်လမြိုင် ဈေးကြိုကားဝင်းမှ ခရီးသည်များဆက်လက်တင်ဆောင်၍ရန်ကုန်သို့ ထွက်ခွာခဲ့သည့် ခရီးသည်တင် ရာဇာမင်းမှန်လုံယာဉ်ကို ဓားပြများက သထုံမြို့အဝင်တွင် ခရီးသည်ဟန်ဆောင်လိုက်ပါပြီး ဓားပြတိုက်ကာယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ကို ပစ်သတ်ပြီး ခရီးသည်များပိုင်ပစ္စည်းများ လုယက်တိမ်းရှောင်သွားရာမှ မွန်ပြည်နယ်ရဲတပ်ဖွဲ့အထူးအဖွဲ့က ဓားပြအချို့ကို ဖမ်းဆီးရမိခဲ့သည်။

ဓားပြတိုက်ခံရသည့် ရာဇာမင်းကားပေါ်တွင် လိုက်ပါစီးနင်းခဲ့ကြသည့် ခရီးသည်များ မိမိသိရှိလိုသည့် ကိစ္စအဝဝနှင့်ပါရှိသွားသည့် ပစ္စည်းများ၊ ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သူတို့အား မျက်မြင်တွေ့သူတို့က မွန်ပြည်နယ် ရဲတပ်ဖွဲ့တို့ထံ အကြောင်းကြား ဆက်သွယ်နိုင်ကြောင်းသိရသည်။ အမှုကိုသထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ကျော်သန်း(မော်လမြိုင်)**

ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းရှိ ကုန်သွယ်မှုသင်တန်းကျောင်း ပဉ္စမထပ်ညီလာခံခန်းမ၌ ဩဂုတ် ၂ ရက် (သောကြာနေ့) နံနက် ၉ နာရီခွဲတွင် President of Bangkok Training International မှ Dr.Surapit Promsit က "The New ASEAN Trade and New Roles of Managers" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

တက်ရောက်နိုင်

အဆိုပါဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

◆ *ကျော့ဖုံးမှ*

၁၉၉၇ ခုနှစ်မှ ယနေ့အထိ ပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး ၂၀၀၉ ခုနှစ်မှစ၍ အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားနှစ်ဦး၊ သမီးတစ်ဦးရှိပါသည်။ နိုင်ငံရေးနှင့်ပတ်သက်၍ လူ့အခွင့်အရေး၊ အမျိုးသမီးများ၏ အခွင့်အရေး၊ လိင်တူဆက်ဆံသူများတန်းတူအခွင့်အရေး၊ ဆွံ့အသူများ အကူအညီဆောင်ရွက်ပေးရေး၊ ဆူဒန်၊ ဆိုမာလီနှင့် မြန်မာနိုင်ငံများ၏ အရေးတို့အပေါ် အထူးစိတ်ပါဝင်စားသူဖြစ်ပါသည်။ ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.MR.JOHN BERCOW ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မကြာမီရက်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ Good Share for Human အဖွဲ့ ဆရာဝန်ကြီးများ မှော်ဘီမြို့နယ်၌ အခမဲ့ဆေးဝါးကုသပေး

ရန်ကုန် ဇူလိုင် ၂၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တောင်ကိုရီးယားနိုင်ငံ Good Share for Human အဖွဲ့တို့မှ ဆရာဝန်ကြီးများသည် ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ လူမှုဖူလုံရေးဆေးခန်း၌ လူမှုဖူလုံရေး အကျုံးဝင်အာမခံအလုပ်သမားများ၊ ဒေသခံပြည်သူများအား အခမဲ့ ဆေးဝါးကုသပေးခြင်းနှင့် ဆေးဝါးများလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးယုလွင်အောင်တို့ လာရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ကျော့ဖုံးမှ*

မိုးရွာသွန်းမှုမှာ မောင်တောမြို့တွင် ၉ ဒသမ ၈၈ လက်မ၊ စစ်တွေမြို့တွင် ၈ ဒသမ ၅၈ လက်မ၊ ကျောက်တော်မြို့တွင် ၈ ဒသမ ၅၄ လက်မ၊ မြောက်ဦးမြို့တွင် ၇ ဒသမ ၃၆ လက်မ၊ အမ်းမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ မာန်အောင်မြို့တွင် ဝ ဒသမ ၄၃ လက်မနှင့် ဂွမြို့တွင် ဝ ဒသမ ၃၂ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းကြောင့်လည်းကောင်း၊ မုတ်သုံလေအား အလွန်ကောင်းနေ၍သော်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ဤရက်ပိုင်းအတွင်း ရခိုင်ပြည်နယ်တွင် မိုးရွာသွန်းမှုများနေခြင်းဖြစ်ကြောင်း စစ်တွေမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ဇူလိုင် ၂၈ ရက်တွင် စိုက်ပျိုးရေးဌာနများ၏ တိုင်းတာချက်များအရ ရသေ့တောင်မြို့တွင် ၉ ဒသမ ၈၄ လက်မ၊ ပေါက်တောတွင် ၈ ဒသမ ၀၃ လက်မ၊ ဘူးသီးတောင်မြို့တွင် ၇ ဒသမ ၀၈ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၆ ဒသမ ၁၇ လက်မနှင့် မြေပုံမြို့တွင် ၆ ဒသမ ၀၅ လက်မ မိုးရေချိန် လက်မရရှိကြောင်း သိရသည်။ ဇူလိုင် ၂၇ ရက် ညတွင် စစ်တွေမြို့ ကသဲရပ်ကွက်၊ အုန်းတစ်ပင်ရပ်ကွက်၊ လမ်းမတော်တောင်ရပ်ကွက်၊ ရွှေပြားရပ်ကွက်တို့တွင် မိုးရေကြောင့် ရေအနည်းငယ်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

မြစ်ရေကြီးမှုအခြေအနေ

မိုးရွာသွန်းမှု ရက်ရှည်လာသောကြောင့် တောင်ကျရေများလာ၍ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ နတ်မြစ်နှင့်ဟိုးချောင်းတို့တွင် ရေအနည်းငယ်တက်မှုများရှိခဲ့သည်။

ဇူလိုင် ၂၈ရက် နံနက် ၉နာရီခွဲ အချိန်တိုင်းတာချက်များအရ ကုလားတန်မြစ်ရေသည် ၅၀၈ စင်တီမီတာ ရှိကြောင်း၊ ကျောက်တော်မြို့၏ စိုးရိမ်ရေအမှတ်မှာ ၅၅၀ စင်တီမီတာဖြစ်ကြောင်း၊ ယခုအခါ ကြောင်စွယ်ဖြူ ဂေါရောမနီ၊ လက်ခုတ်ပင်၊ အုံးပတီးနှင့် အနီးပတ်ဝန်းကျင် အိမ်ခြေတစ်ထောင်ကျော် လူဦးရေငါးထောင်ကျော်တို့သည် လည်းကောင်း၊ ပေါက်လယ်နောက်၊ ရောင်စုံရွာနှင့်အနီးပတ်ဝန်းကျင်ရွာပေါင်း ၂၀ ကျော်မှ အိမ်ခြေ သုံးထောင်ခန့် လူဦးရေ ၁၇၀၀၀ကျော်တို့သည်လည်းကောင်း မြစ်ရေကြီးမှုအန္တရာယ်ကို ကြုံတွေ့နေရကြောင်း သိရသည်။ ကျောက်တော်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဒေသအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"မြစ်ရေကြီးတဲ့ နေရာတွေကို မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်ဦးဆောင်ပြီး ခရီးထွက်သွားပါတယ်။ ကျွန်တော်တို့မြို့နယ် သဘာဝဘေးတားဆီး ကာကွယ်ရေးကော်မတီအနေနဲ့လည်း ဆောင်ရွက်စရာရှိတာတွေကို စီစဉ်ပေးနေပါတယ်။ မြစ်ကမ်းနေရွာများသို့လည်း သတိပေးချက်ထုတ်ပြန်ထားပါတယ်" ဟု ကျောက်တော်မြို့မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ပြောပြသည်။

ယိုးချောင်းမြစ်ရေကြီးမှုကြောင့် ကျောက်တော်မြို့နယ် ပန်းပဲချောင်း၊ မီးရပ်ပြင်၊ ခမောင်းတော၊ ကန်သုံးဆင့်၊ လမုလက်နား၊ ကံစောက် အနီးပတ်ဝန်းကျင်ရွာပေါင်း ၂၀ ကျော် မြစ်ရေတက်နေကြောင်း ဒေသခံများ၏ သတင်းပေးချက်အရ သိရသည်။

"ကျွန်မတို့ရွာအပါအဝင်ဆင်အိုးချေ၊ ဆင်အိုးကြီး၊ ညောင်ပင်လှ၊ ဖြုတ်ချောင်း၊ မော်ရွာ၊ ပန်းမြောင်း၊ လေညင်းတောင်စတဲ့ အနီးပတ်ဝန်းကျင်ရွာတွေ လေးမြို့မြစ်ရေတက်တာကြောင့် မြစ်ကမ်းနားကအိမ်တွေ ရေနစ်နေပါပြီ။ စိုက်ခင်းတွေလည်း ရေလွှမ်းနေပါတယ်"ဟု လေးမြို့မြစ်ကမ်းနေ ဂုဏ်ကျွန်းရွာသူတစ်ဦးက ဇူလိုင် ၂၈ ရက် နံနက်တွင် ဖုန်းဖြင့်ပြောပြသည်။

မောင်တောမြို့နယ်တွင် နတ်မြစ်ရေတက်မှုကြောင့် မြစ်ကမ်းပါးရှိရွာအချို့ မြစ်ရေနစ်ခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသဖြင့် တောင်ယာစိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ လယ်ယာများပျက်စီးမှုမှာ နည်းပါးကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ဤရက်ပိုင်းတွင် မိုးရွာသွန်းမှုမှာ ဆက်တိုက်ဖြစ်နေသဖြင့် နေရာတိုင်းလိုလိုတွင် သွားလာရေးခက်ခဲလျက်ရှိသည်။ အထူးသဖြင့် ရေလမ်းတွင် သတိထား၍ သွားလာနေရသည်။ မိုးရွာမှုမှာ ဤထက်ရက်ရှည်လာပါက စိုက်ခင်းများ ပိုမိုပျက်စီးလာနိုင်သကဲ့သို့ ကျန်းမာရေးလည်း ထိခိုက်လာမည်ကို ပြည်သူများစိုးရိမ်နေကြကြောင်း သိရှိရသည်။ **ကိုကြီးစော**

စစ်တွေမြို့ပေါ်ရပ်ကွက်အချို့ ရေဝပ်နေသည်ကို တွေ့ရစဉ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကလေးဆေးရုံကြီး (မန္တလေး) သို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

မန္တလေး ဇူလိုင် ၂၈

ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး) နှစ်နှစ်ပြည့်နှစ်ပတ်လည်နေ့နှင့် မြန်မာ့ရွှေဆောင်ဘဏ် ဥက္ကဋ္ဌ ဦးချစ်ခိုင်-ဒေါ်ခင်စိုးဝေမိသားစုက ဆေးရုံသုံးပစ္စည်းများလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ အလှူရှင်မိသားစုက ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံကြီးနှစ်ပတ်လည်နေ့အထိ တက်ရောက်ကုသမှုခံယူကြသည့် ကလေးလူနာများအား စိတ်ရောကိုယ်ပါ ကုသဝန်ဆောင်မှုပေးနေသော ဝန်ထမ်း ၃၇၄ ဦးတို့အတွက် ဂုဏ်ပြုလက်ဆောင်များနှင့် ကလေးလူနာ ၃၅၀ အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အလှူရှင်မိသားစုများက ကလေးလူနာများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က အဆိုပါဆေးရုံတွင် ခွဲစိတ်အောင်မြင်ခဲ့သည့် တင်ချင်းဆက်အမြွှာညီအစ်ကို အောင်ခန့်ကျော်နှင့် အောင်မြတ်ကျော်တို့အား သွားရောက်ကြည့်ရှုကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)ကို ၂၀၁၁ ခုနှစ် ဇူလိုင် ၂၅ ရက်က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၂ ခုနှစ်အတွင်း လူနာပေါင်း ၉၂၄၈ ဦးကို လက်ခံကုသပေးခဲ့ကာ ပြင်ပလူနာ ၁၇၈၁၀၊ ၂၀၁၃ ခုနှစ် ပထမခြောက်လအတွင်း အတွင်းလူနာ ၆၀၀၀ ခန့်နှင့် ပြင်ပလူနာ ၈၀၀၀ ကျော်ကို ကြည့်ရှုကုသပေးခဲ့သည်။ ထို့အပြင် ကလေးပန်းနာရင်ကျပ်ရောဂါ ဆေးခန်း၊ ကလေးအဝလွန်ဆေးခန်းများကို အပတ်စဉ်ဖွင့်လှစ်ကုသပေးခြင်းနှင့် မရှိနွမ်းပါးကလေးလူနာများကို တစ်ပတ်လျှင်သုံးရက် အာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နော်အောင်(မန္တလေး)

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် တရားသူကြီးများနှင့် တရားရေးအရာရှိများ ကျမ်းသစ္စာဆို

မန္တလေး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားလွှတ်တော်အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ ကျမ်းသစ္စာဆိုသည့် အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ကျမ်းသစ္စာဆို

ကျမ်းသစ္စာဆိုပွဲတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြား၍ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့မှ တရားသူကြီး ၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိလေးဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိခြောက်ဦး စုစုပေါင်း ၂၃ ဦးတို့က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၏ ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြန်မာ-အိန္ဒိယ နယ်စပ်ဈေးများ ဖွင့်လှစ်ရန်စီစဉ်

ကလေး ဇူလိုင် ၂၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာ-အိန္ဒိယ နယ်စပ်ဒေသများတွင် နယ်စပ်ဈေးများ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

နယ်စပ်ဈေးများအဖြစ် ဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ရှိ တီးတိန်၊ တွန်းဇံ၊ ကျီခါး၊ လေရှီး၊ လဟယ်၊ တမူးမြို့များရှိ ကျေးရွာများပါဝင်မည်ဖြစ်သည်။

"မြန်မာ-အိန္ဒိယပထမဆုံးနယ်စပ်ဈေးတွေ ဖွင့်လှစ်ဖို့ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ် အဆင့်ရယ်၊ ဒေသခံတွေရယ် ဆွေးနွေးပြီးရင် မကြာခင်ဖွင့်နိုင်မှာပါ။ မြန်မာနိုင်ငံဘက်က ခင်မန်း၊ လေးလက်၊ ဒါရ်ခိုင်း၊ တီအို၊ ဖာရ်တာန်နဲ့ ကဘီဟိုင်၊ ဗာဖိုင်း၊ ဟန်လန်း၊ ပန်ကွာ၊ ဇိုတဲ နယ်စပ်ဈေးတွေကို ဖွင့်ဖို့ရှိပါတယ်" ဟု ဒေသအတွင်း ကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတေဇအောင်ဝင်းက ပြောကြားကြောင်း သိရသည်။

ထို့အပြင် မြန်မာဘက်မှ ဆွန်မရာ၊ ရန်ခွင်း၊ ပုံညို၊ ခမ်းပတ်တို့နှင့် အိန္ဒိယဘက်မှ အာဗာခမ်း၊ ပန်ရှာ၊ ချီမိုးဟိုနှင့် နယူးဆွမ်တဲနယ်စပ်ဈေးများကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာဘက်တွင် စုစုပေါင်း နယ်စပ်ဈေး ၁၀ ခု ဖွင့်လှစ်ရန်ရှိပြီး ပထမဆုံးအဖြစ် ဖွင့်လှစ်မည့် ပန်ဆောင်ပတ်မှာ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည်။ နယ်စပ်ရှိ ဒေသခံများသည် ဆင်းရဲကြပြီး တောင်ပေါ်ဒေသလည်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲသောကြောင့် ဒေသခံများ၏ စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်အောင် နယ်စပ်ဈေးအဖြစ် အရင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

"နယ်စပ်ဈေးအခြေအနေကနေ တိုးတက်မှုရှိလာရင် နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သွားဖို့အစီအစဉ်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူးက ဖြည့်စွက်ပြောကြားကြောင်း သိရသည်။

ဇိုဟေဆာ(ချင်းတောင်မြေ)

၇၃ ပေခန့်ရှည်လျားသည့် တစ်လုံးထွင်းကျွန်းလှေကြီး ထိန်းသိမ်းထားရှိ

မြင်းခြံ ဇူလိုင် ၂၈

လွန်ခဲ့သည့်နှစ်ပေါင်း ၈၀ ကျော်ကတည်ဆောက်ခဲ့သည့် အလျား ၇၃ ပေ ရှည်လျားပြီး လူ ၄၀ စီးနင်းလိုက်ပါနိုင်သော တစ်လုံးထွင်းရှေးဟောင်းလှေကြီး "ဝိဇ္ဇာညွန့်" ကို မြင်းခြံမြို့ လေးအိမ်တန်းကျေးရွာ ရွှေညောင်ပင်ဘုန်းတော်ကြီးကျောင်းတိုက်၌ ပြုပြင်ထိန်းသိမ်းထားရှိကြောင်း သိရသည်။ **(ယာပုံ)**

လေးအိမ်တန်းကျေးရွာသည် မြင်းခြံမြို့ အနောက်ဘက် သုံးမိုင်အကွာ၌တည်ရှိပြီး ဧရာဝတီမြစ်နှင့် နီးကပ်သဖြင့် မြစ်ရေကြီးလွှမ်းသောနှစ်များတွင် လှော်ခတ်စီးနင်းကြသည်ဟု ဆိုသည်။ ၁၉၆၆ ခုနှစ်ရှေ့ပိုင်းက မြစ်ရေတက်ခြင်းကြောင့် မြစ်ရေဝင်ပါက လှေများနှင့် သွားလာရပြီး ဝိဇ္ဇာညွန့်ကြီးကို ရေချစီးနင်းခဲ့ကြကြောင်း၊ ရွှေညောင်ပင်ကျောင်းတိုက် ဆရာတော်ဦးဝိသုဒ္ဓက အဆိုပါလှေကြီးကို တာဝန်ယူထိန်းသိမ်းထားကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

"ဝိဇ္ဇာညွန့်" လှေကြီးနှင့်အတူ ပေ ၃၀ ခန့် ရှည်လျားပြီး တစ်လုံးထွင်းကျွန်းလှေဖြစ်သည့် "စိန်မျှား" လှေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားပြီး လေးအိမ်တန်းကျေးရွာအနီးရှိ အနောက်ဘက်ကျေးရွာမှ "ဝိဇ္ဇာညွန့်" လှေကြီးနှင့်အလျားတူညီသည့် တစ်လုံးထွင်းကျွန်းလှေကြီး "ဗိုလ်ချုပ်" ကို ရန်ကုန်မြို့ အင်းလျားကန်အနီး၌ ပြသထိန်းသိမ်းစောင့်ရှောက်ရန် သက်ဆိုင်ရာက သယ်ဆောင်သွားခဲ့ကြောင်း သိရသည်။

(၄၃၅)

နေပြည်တော် လယ်ဝေး၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၂၈

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးကျော်စိန်(မိုးကုတ်)၏စီစဉ်မှုဖြင့် လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာအုပ်စု ရွှေအင်းလျှောင်းကြီး အောင်မင်္ဂလာကျောင်းတိုက် သိမ်တော်၌ ယဉ်ကျေးလိမ္မာသင်တန်းကို ဇူလိုင် ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းဆရာ ဦးအောင်သင်းနှင့် ဦးရန်အောင်တို့က သင်ကြားပေးခဲ့ပြီး စနေ၊ တနင်္ဂနွေနှင့် ကျောင်းပိတ်ရက်များ၌ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

လှူဒါန်း

သင်တန်းဖွင့်လှစ်သော ကျောင်းတိုက်မှ ဆရာတော် သံဃာတော်များအား နဝကမ္မဝတ္ထုများ၊ ဆွမ်းများ လှူဒါန်းပြီး ရပ်မိရပ်ဖများ၊ သင်တန်းသူသင်တန်းသားများကို သမားတော်ကြီး ဒေါက်တာဦးကျော်စိန် (မိုးကုတ်)-ဒေါ်နန်းခမ်းဆာ (ဖြူစင်မေတ္တာဆေးတိုက်)မိသားစုက အာဟာရဒါနများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အဲယားကွန်းပြုပြင်ရေးဆိုင်မှ လေအိုးပေါက်ကွဲမှုဖြစ်ပွား

မန္တလေး ဇူလိုင် ၂၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ "ပါရဂူ" အဲယားကွန်းပြုပြင်ရေးဆိုင်၌ လေအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် ည ၁၁ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့ရှိ "ပါရဂူ" အဲယားကွန်းပြုပြင်ရေးဆိုင်တွင် အချင်းတစ်ပေ ပတ်လည်၊ အရှည်တစ်ပေခွဲခန့်ရှိ လေအိုးကို အဲယားကွန်ပရက်ဆာမှ လေဖြည့်စဉ် လေပေါင်ချိန်ဖိအားများပြီး လေအိုးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးတွင်ရှိသူ ဖြိုးမောင်မောင်မှာ ဒဏ်ရာများ ရရှိခဲ့၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ အဆိုပါဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသလျက်ရှိကြောင်းနှင့် အဆိုပါ ပေါက်ကွဲစေတတ်သော အရာဝတ္ထုကို ပေါ့လျော့စွာအသုံးပြု၍ လူကိုဒဏ်ရာရရှိစေခဲ့သဖြင့် ဆိုင်ပိုင်ရှင် ကိုဇင် (၂၄ နှစ်) နှင့် ဆိုင်လုပ်သား ဖြိုးမောင်မောင် (၂၆ နှစ်) တို့ကို အမှတ် (၈) မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စာအုပ်စာပေ လူ့မိတ်ဆွေ

နယ်သတင်းတိုများ

အောင်လံမြို့ အခွန်ဆိုင်ရာပညာပေးဟောပြောပွဲ ကျင်းပ

အောင်လံ ဇူလိုင် ၂၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အခွန်ဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ အခွန်ဆိုင်ရာ သိကောင်းစရာပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် ရုံးဝန်ထမ်းများ၊ အထက(၁)နှင့် အထက(၂)ရှိ ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဦးစီးမှူး ဦးဇာနည်အောင်က အခွန်လေးမျိုးနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်သန်းက အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်သော ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အလားတူ အောင်လံမြို့ အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်း မွန်းလွဲ ၂ နာရီတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာသိကောင်းစရာ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(၁၁၉)**

ငှက်ဖျားကာကွယ်ရေး ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ

ရမည်းသင်း ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများကို တိုင်းကျန်းမာရေးဦးစီးဌာန ငှက်ဖျားရောဂါကာကွယ်တိုက်ဖျက်ရေးဌာနက ထောက်ပံ့ပေးအပ်သော ငှက်ဖျားအန္တရာယ်ကာကွယ်ရေး ပါဝါနက်တာရှည်ခံဆေးစိမ်ခြင်ထောင်များကို ခရိုင်ကျန်းမာရေးဦးစီးဌာနဆေးရုံအုပ်ကြီး ဒေါက်တာနီလာထွန်း၏ ကြီးကြပ်မှုဖြင့် စံပြသိမ်ကုန်းကျေးရွာ ကျန်းမာရေးမှူး ဦးဝင်းမောင်နှင့် ဆရာ ဆရာမများဦးစီး၍ တောင်ပေါ်ဒေသကျေးရွာများဖြစ်သော ဝါးဖြူတောင်ကျေးရွာအုပ်စု၊ နန်းခွဲကျေးရွာအုပ်စု၊ အင်ဒိုင်းကျေးရွာအုပ်စု၊ နန်းလုံကျေးရွာအုပ်စု၊ ဘွက်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ ရွာ၊ အိမ်ခြေပေါင်း ၂၀၇၀၊ လူဦးရေ ၁၁၀၄၇ ဦးတို့အတွက် ငှက်ဖျားရောဂါကာကွယ်ရေးဆေးစိမ်ခြင်ထောင်အလုံး ၄၁၀၀ ကို ဇူလိုင် ၂၇ရက် နံနက် ၈နာရီက ဘွက်ကျေးရွာအုပ်စုမှစတင်၍ လူဦးရေအလိုက် အခမဲ့ဆေးစိမ်ခြင်ထောင်များ ကျေးရွာများအရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပ

ပုသိမ်ကြီး ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ချမ်းသာကြီးဆန်လှူအသင်းခွဲ ပုသိမ်ကြီးမြို့နယ် ချမ်းသာကြီးဆန်လှူအသင်း၏ (၂၉) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ဓမ္မစကြာဝိမာနကျောင်းတိုက်၌ကျင်းပရာ ဗဟိုမြို့မစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တအရိယဝံသ၊ ဓမ္မစကြာကျောင်းတိုက်ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တဝိသုတ၊ မြကျောက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရနှင့် သံဃာတော် ၄၅ ပါးကြွရောက်တော်မူကြသည်။

ဗဟိုမြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရိယဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြကျောက်ဆရာတော်ထံမှ ဩဝါဒတရားခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ ချမ်းသာကြီးဆန်လှူအသင်းမှ တာဝန်ရှိသူများနှင့် ဝတ်အသင်းများက ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်အိတ်များ လောင်းလှူကြသည်။

အဆိုပါ ပုသိမ်ကြီးမြို့ ချမ်းသာကြီး ဆန်လှူအသင်းကြီးသည် ယခုနှစ်တွင် လှူဒါန်းငွေ စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၇ သိန်းကျော်နှင့် ဆွမ်းဆန်တော်တင်းပေါင်း ၂၅၀ လှူဒါန်းခဲ့သည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

လမ်းလုပ်အားပေးသူများအား လာရောက်ဆဲဆိုသူကို အရေးယူ

ကန့်ဘလူ ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ် (၅) ရပ်ကွက် အောင်သီရိလမ်းတွင် မြေသားပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ဖောက်လုပ်နေသူများကို ဇူလိုင် ၂၅ ရက် ည ၈ နာရီက လာရောက်ဆဲဆိုခြိမ်းခြောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် (၅)ရပ်ကွက် အောင်သီရိလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်း ပေ ၂၂၀၀ ခင်းရန် လျာထားရာ လမ်းတောင်ဘက်ပိုင်း ပေ ၉၁၀ ကို ကိုယ့်အားကိုယ်ကိုး မြေသားပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာရေနုတ်မြောင်းများ ဖောက်လုပ်မှုကို ရပ်ကွက်ပြည်သူများ လုပ်ဆောင်နေစဉ် ယင်းရပ်ကွက်နေ ဖိုးထိန် (၃၅ နှစ်)သည် ဆိုင်ကယ်စီး၍ ရောက်ရှိလာပြီး လမ်းလုပ်အားဒါနပြုနေသူများကို ဆဲဆိုခြိမ်းခြောက်ခဲ့သဖြင့် အရေးယူပေးရန်တိုင်ကြားခဲ့ရာ ကန့်ဘလူရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လေဖိအားနည်းရပ်ဝန်း အိန္ဒိယဝင်ရောက်
၂၈-၇-၂၀၁၃

ယနေ့မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ပြည်တွင်းသတင်း

စိန်ခေါ်သူ ဖိုးသားကြီး(ဧဝရက်)နှင့် သားသား(T&T) တို့ အနိုင်အရှုံးမပေါ် သရေပွဲဖြစ်သွား

မန္တလေး ဇူလိုင် ၂၈

မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၂၇ ရက်ညနေ ၆နာရီခွဲက မန္တလေးမြို့ အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပရာ သုံးချီစိန်ခေါ်ပွဲ ၁၄ ပွဲ၊ လေးချီပွဲနှစ်ပွဲနှင့် ငါးချီပွဲခုနစ်ပွဲ ကျင်းပခဲ့သည်။

ယင်းနေ့က ယှဉ်ပြိုင်ခဲ့သော လက်ဝှေ့တဲ့ဆိုင်းများက လက်ရည်မညီသဖြင့် ပထမအချီနှင့် ဒုတိယအချီများတွင် ပြိုင်ပွဲ မြန်မြန်ဆန်ဆန်ပြီးဆုံးခဲ့ရပြီး လက်ဝှေ့ဝါသနာရှင်များ အကြိုက်မတွေ့ ဘဝင်မကျဖြစ်ခဲ့ကြသည်။ သုံးချီပွဲတွင် ကြည်ဇေမိုး(စွမ်းကေကေ)က ဖိုက်ကေ(ကျားမဲ)ကို ပထမအချီတွင် လည်းကောင်း၊ ညီလေးအသဲတစ်ပွင့် (မတ္တရာ)က ညီနဂါး(စစ်ကိုင်း)ကို ပထမအချီတွင်လည်းကောင်း၊ စိန်လုံးချော (စွမ်းကေကေ)က လမ်းမယူ(စစ်ကိုင်း)ကို ပထမအချီတွင်လည်းကောင်း၊ မောင်ဝေ(ကျားဖြူ)က မျိုးဆက်သစ်(မြွေပွေး)ကို ပထမအချီတွင်လည်းကောင်း၊ မင်းနိုင်ထွန်း(စွမ်းကေကေ)က ဇွဲမောင်မောင်(စစ်ကိုင်း)ကို ပထမအချီတွင်လည်းကောင်း၊ စိန်လေး(မတ္တရာ)က ရှိုးလေး(စစ်ကိုင်း)ကို ပထမအချီတွင်လည်းကောင်း၊ ရဲမာန်(ကျားဖြူ)က စောသောင်း(စွမ်းကေကေ)ကို တတိယအချီတွင်လည်းကောင်း၊ ဗထူးမောင်(ဗထူး)က ရဲရင့်သွေး(ကျားဖြူ)ကို ပထမအချီတွင်လည်းကောင်း၊ ဇော်ချစ်အောင်(စွမ်းကေကေ)က မှေးမှေး(မတ္တရာ)ကို ဒုတိယအချီတွင်လည်းကောင်း၊ ဇော်နိုင်ထွေး (ရွှေကတ်သီး)က မျိုးဆက်သစ်မြွေပွေးကို ပထမအချီတွင်လည်းကောင်း၊ ညီလေးမြင့်မောင်မောင်(ကျော်စွာ)က ရဲမာန်အောင်(ကျားဖြူ)ကို တတိယအချီတွင်လည်းကောင်း၊ အသီးသီးအနိုင်ရရှိကြပြီး မြလုံးချော(စွမ်းကေကေ)နှင့်လိပ်ကြီး(ဂေါဝိန်)၊ ဇော်ခန့်သာ(စွမ်းကေကေ)နှင့်မာန်(ကျားဖြူ)တို့ ပွဲစဉ်များသည် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားကြသည်။ လေးချီစိန်ခေါ်ပွဲတွင် မောင်ကောင်း (T&T) က ရွှေစွန်ညို(မန္တလေး)ကို ဒုတိယအချီတွင်လည်းကောင်း၊ ကျွဲကြီး(ကျားဖြူ)က ဇွဲကျောင်းသား(စစ်ကိုင်း)ကို ပထမအချီတွင်လည်းကောင်းအနိုင်ရရှိသွားသည်။ ငါးချီစိန်ခေါ်ပွဲတွင် ရှမ်းလေး(အဖြူရောင်)က မိုက်လက်သီး(မတ္တရာ)ကို ဒုတိယအချီတွင်လည်းကောင်း၊ အယ်လေး(T&T)က ဝိုင်ဝိုင်း (မန္တလေး)ကို ပထမအချီတွင်လည်းကောင်း၊ သားအသဲတစ်ပွင့် (မတ္တရာ)က နိုင်ဝဏ္ဏ(စစ်ကိုင်း)ကို တတိယအချီတွင်လည်းကောင်း၊ နေရှုဘီ (အဖြူရောင်သွေးသစ်)က ဒိန်း(မတ္တရာ)ကို ဒုတိယအချီတွင်လည်းကောင်း၊ ညီလေးမိုက်ခဲ(မတ္တရာ)က စောဇော်မင်း (အဖြူရောင်သွေးသစ်)ကို ဒုတိယအချီတွင်လည်းကောင်း၊ စောသဲဦး(T&T)က မိုးမခ(စွမ်းကေကေ)ကို တတိယအချီတွင်လည်းကောင်း အလဲထိုးပြီး အနိုင်ရရှိသွားသည်။ **(အောက်ပုံ)** စိန်ခေါ်သူ ဖိုးသားကြီး (ဧဝရက်)နှင့် သားသား (T&T) တို့ ပွဲစဉ်သည် အနိုင်အရှုံးမပေါ်ဘဲ သရေပွဲဖြစ်သွားသည်။

တင်မောင်(မန္တလေး)





ပင်လယ်ရေအောက်အင်တာနက် ကေဘယ်ဆက်ကြောင်း ဖျာပုံကုန်းတွင်းပိုင်း၌ ပြင်ဆင်လျက်ရှိ

ဖျာပုံ ဇူလိုင် ၂၈

မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်စေရန် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပင်လယ်ရေအောက် ကေဘယ်ဆက်ကြောင်းနှင့် ဆက်သွယ်ထားသော ကုန်းတွင်းပိုင်းဆက်ကြောင်း ပြတ်တောက်နေမှုကို ရန်ကုန်ရုံးချုပ် ပြည်ပဆက်သွယ်ရေးမှ အင်ဂျင်နီယာမှူးအဖွဲ့နှင့် ဖျာပုံမြို့ ပြည်ပဆက်သွယ်ရေးရုံးမှ လက်ထောက်အင်ဂျင်နီယာအဖွဲ့တို့ ပူးပေါင်း၍ ပြင်ဆင်လျက်ရှိရာ ဖျာပုံမြို့နှင့်နှစ်မိုင်၊ တစ်ဖာလုံနှင့် နှစ်မိုင်ခြောက်ဖာလုံကြား ကုန်းတွင်းပိုင်းမြေအောက်မြှုပ်ထားသော Power Cable ကြိုးပေါက်ပြီး ပါဝါယိုစိမ့်မှု(Leakage) ဖြစ်ပေါ်နေမှုကို Power Cable ကြိုးအရှည် Meter 500 အစားထိုးပြုပြင်နေပြီဖြစ်သည်။

အဆိုပါ ပြင်ဆင်မှုအဆင့်ဆင့်သည် ဖျာပုံမြို့နယ် ကုလားထိပ်ကျေးရွာ ပင်လယ်ကမ်းစပ်ရှိ Beach Man Hole ရှိ Joint ကိုဖွင့်၍ ကုန်းတွင်းပိုင်းဆက်ကြောင်းကို စစ်ဆေးရာ မြေအောက်ကေဘယ်ကြိုးများ၏Joint အဆက်များကို Closure ဘူးများတွင် Compound Jelly ထည့်၍ အသစ်ပြန်လည်ပြုပြင်ဆက်သွယ်မှုများ ပြုလုပ်ပြီး Joint အဆက်များကို Mega Tester နှင့် စစ်ဆေးပြီးPower Clear ဖြစ်ပါက Beach Man Hole ရှိ ပင်လယ်ပြင်ရေအောက်ကေဘယ်နှင့် ကုန်းတွင်းပိုင်း မြေအောက်ကေဘယ်ကြိုး Joint အဆက်ကို ပြန်လည်ဆက်သွယ်ပြီးပါက ဇူလိုင် ၃၁ ရက်ခန့်တွင် မြန်မာနိုင်ငံအတွင်းရှိ အင်တာနက်လိုင်းများ ပြန်လည်ကောင်းမွန်လာမည်ဖြစ်ကြောင်း ခန့်မှန်းသိရသည်။

(ဝ၇၁)

မဲခေါင်မြစ်ဝှမ်းဒေသ ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်အဖြစ် လေ့လာရေးခရီးထွက်ခွာ

တာချီလိတ် ဇူလိုင် ၂၈

မဲခေါင်မြစ်ဝှမ်းဒေသ ကုန်သွယ်မှုမြှင့်တင်ရေးအစီအစဉ်အဖြစ် တာချီလိတ်နယ်စပ် ကုန်သည်များအသင်းနှင့် ထိုင်းနိုင်ငံ လေးခရိုင်ကုန်သည်များ မဲခေါင်မြစ်ဝှမ်းဒေသ သုံးနိုင်ငံလေ့လာရေးအစီအစဉ်ကို ဇူလိုင် ၂၇ ရက်က ဆောင်ရွက်ခဲ့ရာ ရှေးဦးစွာ တာချီလိတ်နယ်စပ် ကုန်သည်များအသင်းဒုတိယဥက္ကဋ္ဌ ဦးငွေအောင် ဦးဆောင်သော ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ Chiangrai, Nan, Phayao, Phrae လေးခရိုင်မှ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများပါဝင်သော လေ့လာရေးအဖွဲ့သည် တာချီလိတ်မြို့အမှတ်(၁) ချစ်ကြည်ရေးတံတားမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ထိုင်းနိုင်ငံမြောက်ပိုင်း Chiang Khaung မြို့ မဲခေါင်မြစ်ဆိပ်ကမ်းသို့ရောက်ရှိကြရာ Mae Khong Delta ကုမ္ပဏီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စီးပွားရေးအခွင့်အလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် Mae Khong Delta ကုမ္ပဏီပိုင်အပျော်စီးသင်္ဘောဖြင့် ထွက်ခွာလာပြီး လာအိုနိုင်ငံ ကျော့ဒွန်းစောင်းကျွန်းကမ္ဘာ့လှည့်ခရီးသွား လုပ်ငန်းများ၊ မိန်းမောကုန်သွယ်မှုစခန်းနှင့် မြန်မာနိုင်ငံ ဝမ်ပုံဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

အုတ်ဖုတ်စက်လုပ်ငန်းသို့ လူကုန်ကူးတင်ပို့သူကို အရေးယူ

ကျောက်မဲ ဇူလိုင် ၂၈

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(လားရှိုး)မှ ရဲအုပ်ကြည်ထူး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၆) အုတ်ကျင်းရပ်နေ ဒေါ်နုနုရီ (၅၅ နှစ်)ကို လူကုန်ကူးမှုကျူးလွန်ခဲ့သဖြင့် ဇူလိုင် ၂၇ ရက်က ဖမ်းဆီးပြီး ကျောက်မဲမြို့မရဲစခန်းတွင် လူကုန်ကူးမှုဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ ဒေါ်နုနုရီသည် မတ် ၁၃ ရက်က ကျောက်မဲမြို့မှ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးတို့ကို တရုတ်နိုင်ငံဟဲနန်ပြည်နယ် လောယမ်မြို့ ပဲ့ဆာရွာရှိ အုတ်ဖုတ်စက်လုပ်ငန်းတွင် အုတ်ချပ်တင်လုပ်သားအဖြစ် လုပ်ကိုင်ရန်အတွက် ပို့ပေးခဲ့ပြီး နယ်စပ်ဖြတ်သန်းသွားလာခွင့်စာအုပ်ကို ဒေါ်နုနုရီကိုယ်တိုင် အကုန်ကျခံပြုလုပ်ပေးခဲ့ခြင်းများကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ပြီးဖြစ်သည်။ **မောင်မောင်(ကျောက်မဲ)**

အင်းတော်မူလတန်းကျောင်းသို့ စာရေးကိရိယာများလှူဒါန်း

အင်းတော် ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့မြို့မအခြေခံပညာမူလတန်းကျောင်းသို့ မန္တလေးမြို့နေ ဦးမိုးဇော်-ဒေါ်အေးလီ(အောင်စေပိုင်ကုမ္ပဏီ)က ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများနှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉နာရီကကျင်းပရာ ပညာရည်ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အလှူရှင်ဖြစ်သော မန္တလေးမြို့နေ ဦးမိုးဇော်-ဒေါ်အေးလီ(အောင်စေပိုင်ကုမ္ပဏီ)က ကျောင်းသား ကျောင်းသူ ၁၅၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၂၂၀၀တန်ဖိုးရှိ စာရေးကိရိယာများကို ပေးအပ်လှူဒါန်းပြီး ပညာရည်ထူးချွန်သော ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေကျပ် ၂၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၅၆)**

လင်းခေး၌တန်ဖိုးနည်းဖုန်းများရောင်းချပေး

လင်းခေး ဇူလိုင် ၂၈

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ခွဲဝေချထားပေးသည့် တန်ဖိုးနည်း စီဒီအမ်အေဆင်းကတ် ၅၀ နှင့် ဂျီအက်စ်အမ်ဆင်းကတ် ၁၈၀ တို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၇ ရက်က မဲနှိုက်စနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ ယခုအကြိမ်အပြင် လင်းခေးမြို့နယ်အတွက် ယခင်အကြိမ်များက စီဒီအမ်အေဆင်းကတ် ၁၃၇၀ ရောင်းချပေးခဲ့ပြီးဖြစ်သည်။

စိုင်းဇော်လတ်(ပြန်/ဆက်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နမ့်ခမ်း၌ ဆောင်ရွက်

နမ့်ခမ်း ဇူလိုင် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းကျောင်းသားကျောင်းသူများကို ဇူလိုင် ၂၆ ရက် နံနက်က နမ့်ခမ်းမြို့ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါကု လက်ထောက်ဆရာဝန် ဒေါက်တာအောင်အောင် ဦးဆောင်လျက် သူနာပြုဆရာမကြီး ဒေါ်မာမာအေးနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမများက အထွေထွေရောဂါများ စမ်းသပ်စစ်ဆေးပေးခြင်း၊ အိုင်အိုဒင်းချို့တဲ့မှုရှိမရှိစစ်ဆေးပေးခြင်း၊ ကျောင်းသားကျောင်းသူများ တစ်ကိုယ်ရေသန့်ရှင်းမှုရှိမရှိစစ်ဆေးပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းအိမ်သာများ သန့်ရှင်းမှုစစ်ဆေးခြင်း၊ ကျောင်းဈေးဆိုင်များ၌ ရောင်းချသော အစားအစာများ ကျန်းမာရေးနှင့်ကိုက်ညီမှု၊ သန့်ရှင်းလတ်ဆတ်မှုရှိ မရှိ အသေးစိတ်စစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်

ကျန်ရှိနေသော စာသင်ကျောင်းများကိုလည်း စီမံချက်အတိုင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်မင်း(နမ့်ခမ်း)

ပြည်တွင်းသတင်း

မူဆယ်ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုတိုးမြှင့်

မူဆယ် ဇူလိုင် ၂၈

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ဇူလိုင် ၂၆ ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက ကုန်သွယ်မှုလုပ်ငန်းများနှင့် တရားမဝင် ကုန်စည်စီးဆင်းမှုများအတွက် ထိန်းချုပ်ထားပုံနှင့် မှတ်တမ်းများ Mobile Team လုပ်ဆောင်ခြင်းများကို နယ်စပ်ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ရှင်းလင်းပြသခဲ့သည်။

ထို့နောက် တက်ရောက်လာသောဌာနများအနက်မှ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်သွယ်လယ်ယာဌာနများက ဆွေးနွေးတင်ပြကြပြီး မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းမှ ဦးဟန်စိန်က ကုန်သွယ်မှုမြှင့် တင်ရေးလုပ်ငန်းများ အကြံပြုဆွေးနွေးပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးလှမောင်၊ သစ်သီးကုန်စည်ဒိုင် ရေထွက်ကုန် ကဏန်းလုပ်ငန်းရှင်အသင်း၊ ဆန်၊ စပါးအသင်း အဝေးပြေးကုန်စည် ပို့ဆောင်ရေးအသင်းနှင့် ကုန်သည်ကြီးအသင်းဝင်များက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် တရားမဝင်ကုန်စည်စီးဆင်းမှုထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်နိုင်ရေးအတွက် အကြံပြုဆွေးနွေးခဲ့ပြီး မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးကဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သိန်းဇော်(ရွှေလီဦး)**

ကျောင်းကျန်းမာရေးစစ်ဆေး

ကျိုက်မရော ဇူလိုင် ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံမနင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြရာ ကျောင်းသား ကျောင်းသူ ၉၆ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး နံနက်ပိုင်းတွင် ကျုံဝမ်းကျေးရွာ အလက ကျောင်း၌လည်း ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခဲ့သည်။ **သက်ဦး(သထုံ)**

ကတ္တရာတင်ဒါရွေးချယ်

တောင်ကြီး ဇူလိုင် ၂၈

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရက စီမံခန့်ခွဲမည့်လမ်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လမ်းခင်းကတ္တရာအိတ်ဖွင့်တင်ဒါရွေးချယ်ပွဲကို ဇူလိုင် ၂၄ ရက် နံနက်က တောင်ကြီးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဝင်းခိုင်က အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကတ္တရာဝယ်ယူပေးသွင်းမည့် ကုမ္ပဏီများက ကတ္တရာအိတ်ဖွင့်တင်ဒါများ တင်သွင်းကြသည်။ **နန်းပြုံးရီ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၈-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၁၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၀၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂ - ၉၈၂	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၅ - ၁၃၀၃	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၄ - ၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၉ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၄၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၄ - ၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၂၅၀၀ - ၄၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၈၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၀၀၀ - ၅၂၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၄၀၀ - ၅၇၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀ - ၂၀၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀ - ၁၇၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

အမြန်လမ်းက ကျေးဇူးတင်စရာပါ

မန္တလေးသို့ ခေတ္တတာဝန်ထမ်းဆောင်ရန်အတွက် အဝေးပြေးယာဉ်ဖြင့် အမြန်လမ်းမအတိုင်း နေပြည်တော်မှ ထွက်လာသည်။ ယနေ့ အမြန်လမ်းမကို ခရီးသွားပြည်သူများ အတော်ပင် အသုံးပြုလာသည်မှာ လူတိုင်းအသိပင်။

ကိုယ်ပိုင်ယာဉ်ဖြင့်လည်းကောင်း၊ အဝေးပြေး ဘတ်စ်ကားကြီးများဖြင့်လည်းကောင်း ဥဒဟို နေ့ညမရွေးသွားလာနေကြသည်။ ယာဉ်တိုက်မှုတိမ်းမှောက်မှုနည်းပါးနိုင်ရန်အတွက် သတိပေးဆိုင်းဘုတ်များလည်း ရေးသားစိုက်ထူထားသည်ကိုလည်း တွေ့မြင်နေရသည်။

ရန်ကုန်မှ မန္တလေးသို့ ခရီးသွားရာတွင် ခရီးသွားပြည်သူများသည် ယခင်က မိမိတို့၏ ထိန်းမနိုင်၊ သိမ်းမနိုင်(ကျင်ကြီး၊ ကျင်ငယ်) ပြဿနာများကို ဖြေရှင်းချင်လျှင် သတ်မှတ်ရာနေရာများသို့ ရောက်မှသာ ဖြေရှင်းရသကဲ့သို့ တစ်ခါတစ်ရံ မော်တော်ယာဉ်မောင်းများကို အကူအညီတောင်း၍ လမ်းဘေးလူမမြင်ကွယ်ရာတွင် ကြုံသလိုဖြေရှင်းခဲ့သည်မှာ မကြာခဏပါ။ သို့သော် ထိုအခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်လမ်းမ၏ဘေးတွင် သန့်စင်ခန်းအဆောက်အအုံကို ရေမော်တာနှင့် ရေတိုင်ကီစင်**(အပေါ်ပုံ)**ဖြင့် ဆောက်လုပ်ပေးထားသောကြောင့် ရေအလုံအလောက်ဖြင့် မိမိတို့ပြဿနာများကို ပေါ့ပါးလွတ်လပ်စွာ ဖြေရှင်းခွင့်ရပြီဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆောက်လုပ်ပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။

နော်အောင်(ခရီးသွားတစ်ဦး)

လျှပ်စစ်အန္တရာယ်ကင်းဝေးရေး(အထူး)သတိထားရန်လိုအပ်

လျှပ်စစ်သည်သုံးတတ်လျှင် မိတ်ဆွေဖြစ်ပြီး မသုံးတတ်လျှင်ကြီးမားသောရန်သူဖြစ်သည်။ လျှပ်စစ်မီးလောင်ကျွမ်းမှုသည် မိုးရာသီတွင် မဖြစ်ပွားဟု မယူဆသင့်ပါ။ ရာသီမရွေးလောင်ကျွမ်းနိုင်ပြီး မြို့နယ်နှင့် ကျေးလက်ဒေသအချို့တွင် လျှပ်စစ်ဓာတ်လိုက်၍သေဆုံးမှုများ၊ ဓာတ်ကြိုးနင်းမိ၍သေဆုံးသူ၊ ဓာတ်တိုင်ပေါ်မှပြုတ်ကျ၍ ဆေးရုံတက်ဒဏ်ရာရရှိသူများ ရှိခဲ့သည်။ ယင်းသေဆုံးဒဏ်ရာရရှိသူများမှာ လျှပ်စစ်အသိတရားနည်းပါးမှုကြောင့်ဖြစ်သည်။ ပြည်သူတို့ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် အသိတရားများသိရှိစေရန်များစွာလိုအပ်သည်။

လျှပ်စစ်အသုံးပြုမီးလောင်မှုဖြစ်ပွားရခြင်းမှာ လျှပ်စစ်ကွိုင်များအသုံးပြုပြီး သတိမေ့၍ မီးမပိတ်ခြင်း၊ မီးအားမြင့်စက်များအသုံးပြုခြင်း၊ လျှပ်စစ်မီးအတက်အကျကြောင့် အပူချိန်ပြင်း၍ မီးလောင်ခြင်း၊ ရေနွေးဂေါက်ဖြင့်တည်ကာ မီးမပိတ်မိခြင်း စသည်တို့ကြောင့် မီးလောင်ကျွမ်းရခြင်းဖြစ်သည်။ ထို့အပြင် လေပြင်းဒဏ်ကြောင့် ဓာတ်တိုင်များယိုင်လဲခြင်း၊ လျှပ်စစ်ကျွမ်းကျင်လက်မှတ်မရှိဘဲ အိမ်တွင်းမှ လျှပ်စစ်လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ကျွမ်းကျင်မဟုတ်သူများ ဓာတ်တိုင်ပေါ်တက်၍ပြုပြင်ခြင်း စသည်များမှာလျှပ်စစ်အန္တရာယ်ဖြစ်နိုင်သော အချက်များဖြစ်သည်။ သို့ဖြစ်၍ လျှပ်စစ်အသိ၊ လျှပ်စစ်သတိ လုံးဝအန္တရာယ်မရှိစေရေးအတွက် လျှပ်စစ်လိုင်းကြိုးများနှင့် အိမ်တွင်းဝိုင်ယာကြိုးများတွင် ဓာတ်အားရှိသည်ဟုအမြဲမှတ်ယူပါ။ ဓာတ်လိုက်မှုဖြစ်ပါက မိန်းခလုတ်ကို အမြန်ပိတ်ပါ။ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ရေစိုလက်၊ ရေစိုခန္ဓာကိုယ်၊ ရေစိုအဝတ်အထည်များ ဝတ်လျက်ကိုင်တွယ်ခြင်းမပြုရ၊ သမံတလင်းမြေပြင်ပေါ်တွင် ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ အသုံးမပြုရကြောင်း လျှပ်စစ်ကျွမ်းကျင်သူက ပြောကြားသည်။ ထို့ပြင် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများအား ကလေးများ လက်လမ်းမမီသောနေရာတွင် တပ်ဆင်ပါ။ လျှပ်စစ်ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင်၊ သစ်ကိုင်းများခုတ်လှဲခြင်းကို လျှပ်စစ်ဌာန၏ ခွင့်ပြုချက်မရှိပဲ မခုတ်လှဲရ၊ နေအိမ်ခြံစည်းရိုးသံတံခါး၊ သံဆန်ခါ၊ သံပန်းများတွင် လျှပ်စစ်မီးကြိုးများ ချည်နှောင်ခြင်းမပြုရ၊ နီ၊နက်၊ဝါ ကြိုးပျော့များသုံးစွဲလျှင် ၂၅ ပေ အထက်ကျော်မသုံးရ၊ ဟောင်းနွမ်းဆွေးမြည့်ပေါက်ပြဲနေသော လျှပ်စစ်ကြိုးများနှင့်အသုံးအဆောင်ပစ္စည်းများမသုံးဘဲ အသစ်လဲလှယ်သုံးစွဲပါ။ အပြင်သွားလိုက နေအိမ်အပေါက်ပိတ်ပြီး မိန်းဆွဲအားပိတ်ရန်အဓိကဖြစ်သည်။

နိုင်ငံတော်၏ စက်ရုံ၊ အလုပ်ရုံ အဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးရန် ရုံးဆင်းချိန်များတွင် မီးများပိတ်ရန် ရေဒီယိုမှ နေ့စဉ်သတိပေးလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဌာနသည် အရေးကြီးကဏ္ဍမှပါဝင်သည်။ နိုင်ငံအတွင်း ၂၄ နာရီ မီးရရှိရေးအတွက် အခြားနိုင်ငံများနှင့်ပြည်တွင်းလုပ်ငန်းရှင်များ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြွေကိုက်လျှင်ဆေးရှိသည်၊ လျှပ်စစ်ဓာတ်လိုက်လျှင်ဆေးမရှိသဖြင့် လျှပ်စစ်သုံးစွဲသူများ လျှပ်စစ်ဥပဒေနှင့်အညီ စည်းကမ်းတကျလိုက်နာသုံးစွဲပြီး ဘေးအန္တရာယ်များမှ ကင်းဝေးကြရန် စေတနာကောင်းဖြင့် အသိပေးရေးသားလိုက်ပါသည်။

(၀၁၁)

ရန်ကုန် ဇူလိုင် ၂၈

ဇူလိုင် ၁၈ ရက်ကပြည်မြို့နေသူ မပြုံးပြုံးဝေသည် ၎င်းအိမ်အကူအဖြစ် လုပ်ကိုင်နေသော နေအိမ်၌ ည ၁၂ နာရီခန့်က အိပ်ပျော်နေစဉ် အိမ်ရှင် ဦး. . . က ခြင်ထောင်အတွင်း ဝင်ရောက်ကာ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း ဇူလိုင် ၂၁ ရက်က တိုင်တန်းခဲ့သဖြင့် သင်္ဃန်းကျွန်းမြို့မရဲစခန်းက ဦး. . . အား အရေးယူစစ်ဆေးခဲ့ကြောင်း သိရသည်။

မမှန်သတင်းပေးသူ ပြန်လည်အရေးယူခံရ

တင်ပြ

အမှုနှင့်ပတ်သက်၍ စစ်ဆေးနေစဉ်အတွင်း တိုင်တန်းသူ မပြုံးပြုံးဝေက အိမ်ရှင် မ. . . နှင့် ဖခင်ဖြစ်သူ ဦး. . . တို့သည် ၎င်းအားရိုင်းစိုင်းစွာဆက်ဆံခဲ့ကြ၍ မကျေနပ်သဖြင့် လိမ်လည်တိုင်တန်းခြင်းဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်က သင်္ဃန်းကျွန်းမြို့နယ်တရားရုံး၌ ၎င်း၏ဆန္ဒအလျောက် ကြိုတင်ထွက်ဆိုချက်ပေးခဲ့ကြောင်းနှင့် အမှုကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် ဇူလိုင် ၂၅ ရက်က ရဲစခန်းသို့ တင်ပြလာခဲ့သည်။

ထိုသို့တင်ပြလာမှုအပေါ် ရဲစခန်းက သက်သေများရှေ့တွင် ၎င်းအား အသေးစိတ်ထပ်မံစစ်ဆေးရာ ၎င်းအနေဖြင့် အိမ်ရှင် မ . . . နှင့် ဖခင်ဖြစ်သူ ဦး . . . . တို့က မောက်မာရိုင်းစိုင်းစွာဆက်ဆံသဖြင့် မကျေနပ်၍ လိမ်လည်တိုင်တန်းခဲ့ခြင်း ဖြစ်ကြောင်း အစစ်ခံထွက်ဆိုခဲ့သည်။

အရေးယူ

ထိုသို့ စစ်ဆေးထွက်ဆိုချက်များအရ လိမ်လည်တိုင်တန်းသူ မပြုံးပြုံးဝေကို သင်္ဃန်းကျွန်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စိုးဝင်း(SP)

ယာဉ်စီးခနှုန်းပုံမှန်မရှိသည့် မြို့ပတ်မော်တော်ယာဉ်များ

မန္တလေးမြို့သည် မိတ္ထီလာနှင့် ၉၈ မိုင်ခန့်ကွာဝေးပြီး မန္တလေးရောက်တိုင်း မဖြစ်မနေ မြို့ပတ်မော်တော်ယာဉ်(လိုင်းကား)များစီးရသည်။ စိတ်အနှောင့်အယှက်ဖြစ်ရသည်မှာ ယာဉ်နောက်လိုက်က တောင်းခံသည့် မော်တော်ယာဉ်စီးနင်းခသည် တစ်ကြိမ်နှင့်တစ်ကြိမ် မတူညီခြင်းဖြစ်သည်။ ကျွဲဆည်ကန် ကားကြီးဝင်းအနီးမှ ဘုရားကြီး၊ ဈေးချိုသို့ ငွေကျပ် ၃၀၀၊ အချို့ကားက ငွေကျပ် ၄၀၀ ယူသည်။ ခရီးချင်းတူ ပါလျက် ယာဉ်စီးခ မတူညီသည်ကို မကြာခဏကြုံတွေ့ရသည်။

"နယ်မြို့တွေက လာတဲ့သူတွေကို ပိုတောင်းတယ်။ မန္တလေးရောက်ရင် မန္တလေးမြို့သားလိုနေ၊ မြို့ပတ်မော်တော်ယာဉ် ယာဉ်စီးခပိုအတောင်းမခံရဘူး" ဟု ဒေသခံသူငယ်ချင်းတစ်ဦးက ပြောပြသည်။

စစ်ဆေးဆောင်ရွက်

ယခင်က ယာဉ်စီးနင်းခကို ရေးထားသော်လည်း ယခု ယာဉ်စီးခနှုန်းထားများရေးထားခြင်းမရှိဘဲ ယာဉ်စီးခပိုမိုတောင်းခံလျှင် ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကိုလည်း မမြင်ရတော့ပါ။ ပိုမိုပွင့်လင်းထင်သာမြင်သာလာသည့် ခေတ်ကြီးတွင် မန္တလေးမြို့ပတ် မော်တော်ယာဉ်စီးခနှုန်းထားများသည် မပွင့်မလင်း မထင်သာမမြင်သာ ဖြစ်နေသည်ကို သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သင့်သည်။

ပြောကြား

"ရန်ကုန်မှာ ယာဉ်စီးခပိုတောင်းရင် ဖုန်းဆက်တိုင်လို့ရတယ်။ နေပြည်တော်မှာလည်း အဲဒီအတိုင်းပဲ။ မန္တလေးက မြို့ပတ်မော်တော်ယာဉ်တွေကိုလည်း ရန်ကုန်၊ နေပြည်တော်ကလို ထိထိရောက်ရောက် စစ်ဆေးအရေးယူတာမျိုးပြုလုပ်ရင် ခရီးသွားပြည်သူတွေအားလုံး စိတ်ချမ်းမြေ့စွာသွားလာနိုင်မှာပါ"ဟု ခရီးသွားတစ်ဦးက ပြောကြားသည်။

"ပြည်ကြီးတံခွန် ၆၂ လမ်းမှ ချမ်းအေးသာစံ ပိုက်ကျိုးနားအထိ မြို့ပတ်မော်တော်ယာဉ် စီးနင်းခတရားဝင်ငွေကျပ် ၃၀၀ သတ်မှတ်ထားတယ်။ ဈေးချိုအထိဆိုရင် ငွေကျပ် ၂၀၀ ပဲ၊ အဲဒါကို တစ်ခါတလေ ပိုက်ကျိုးအထိငွေကျပ် ၄၀၀ တောင်းတာမျိုး၊ ဈေးချိုအထိငွေကျပ် ၃၀၀ တောင်းတာမျိုး ကြုံတွေ့ရတယ်။ မော်တော်ယာဉ်တိုင်းတော့ ယာဉ်စီးခပိုတောင်းတာမဟုတ်ပါဘူး။ ပုံမှန်တောင်းတဲ့ မော်တော်ယာဉ်တွေလည်း ရှိပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် ပြေလျှော့ဆောင်ရွက်ပေးနေ

စာရေးသူမိသားစု၏ အိမ်ထောင်စုလူဦးရေစာရင်းသည် နှစ်ပေါင်း ၂၃ နှစ် ကျော် ကြာမြင့်နေပြီဖြစ်သောကြောင့် ဟောင်းနွမ်းနေပြီ၊ အကြောင်းကိစ္စအထွေထွေကြောင့် အိမ်ထောင်စုစာရင်းကိုထုတ်ယူလိုက်၊ မိတ္တူကူးဆွဲလိုက်၊ ပြန်သိမ်းလိုက်နှင့် လိုအပ်သောကိစ္စကြောင့်ထပ်ပေးလိုက်ဖြင့် အကြိမ်ပေါင်း ရာထောင်ချီသုံးစွဲလာခဲ့၍လည်းဖြစ်ပေမည်။ ယင်းအတွက် စာရေးသူနေထိုင်သော မင်္ဂလာတောင်ညွန့်မြို့နယ် လဝကရုံးသို့ ဇူလိုင် ၂၄ ရက်က သွားရောက်၍အိမ်ထောင်စုလူဦးရေစာရင်း၊ မိတ္တူစာရွက်အသစ် ထုတ်ပေးနိုင်ရန် မည်သည့်အချက်အလက်များ လိုအပ်သည်ကို မေးမြန်းစုံစမ်းခဲ့သည်။ တာဝန်ကျဝန်ထမ်းက လက်ရေးလျှောက်လွှာ၊အိမ်ထောင်ဦးစီး၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့် မိတ္တူ ဟောင်းနွမ်း အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ရပ်ကွက်အတွင်းနေထိုင်ခြင်း မှန်ကန်ကြောင်း ထောက်ခံချက်တို့ ယူဆောင်လာရန် မှာကြားလိုက်သည်။ ယူဆောင်လာရန် မှာကြားလိုက်သည်များကလည်း ခက်ခဲမှုမရှိသဖြင့် အလွယ်တကူပင်စုစည်းကာ နောက်တစ်နေ့နံနက် ၁၀ နာရီခန့် ရုံးသို့သွားရောက်တင်ပြခဲ့သည်။ တာဝန်ကျဝန်ထမ်းကလိုအပ်သည့်မေးမြန်းမှုများ အနည်းငယ်ပြုလုပ်ပြီး စာရင်းဇယားများ ရှာဖွေရေးသွင်းဆောင်ရွက်ခြင်း ပြုလုပ်ကာ ညနေ ၃ နာရီခန့်တွင် မိသားစုအိမ်ထောင်စုလူဦးရေစာရင်း မိတ္တူအသစ်ကို တစ်စုံတစ်ရာ ငွေကြေးကောက်ခံခြင်းမပြုဘဲ လွယ်လင့်တကူရရှိခဲ့သည်။

အသိပေးကြေညာ

ခေတ်ပြောင်း၍ စနစ်ပြောင်းသည်ပဲလား၊ အချိန်မကုန် ငွေမကုန်ဘဲ နေ့ချင်းပြီး လွယ်လင့်တကူပြီးစီးသွားသဖြင့် အံ့သြဝမ်းမြောက်နေချိန်တွင် အဆိုပါဝန်ထမ်းကပင် လက်ကမ်းကြော်ငြာစာရွက်ကလေး ထုတ်ပေးသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပြည်သူလူထုထံ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းပင်ဖြစ်သည်။

လက်ကမ်းကြော်ငြာစာရွက်တွင် အိမ်ထောင်စုလူဦးရေစာရင်းပြောင်းဝင်/ပြောင်းထွက်ခြင်း၊ လူဦးရေတိုးခြင်း/လျော့ခြင်း အစရှိသည့်ကိစ္စရပ်များအတွက် အထောက်အထားများ ပြည့်စုံပါက နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးမည့်အပြင် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား အသစ်လျှောက်ထားသူများကိုလည်း သတ်မှတ်အထောက်အထားများပြည့်စုံပါက ၂၈ ရက်အတွင်းဆောင်ရွက်ပေးမည်ဟု ဖော်ပြထားသည်။

ရှင်းပြ

မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်ညွန့်နှင့် တွေ့ဆုံရာ "သွေးနှောနိုင်ငံသားကလွဲပြီး တိုင်းရင်းသားတိုင်းရော၊ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားလာတဲ့သူတိုင်းရော၊ မွေးရာပါ တိုင်းရင်းသားနိုင်ငံသားဖြစ်လို့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား အက်ဥပဒေပုဒ်မ(၅) အရ ဦးစီးမှူးရဲ့ လုပ်ပိုင်ခွင့်ဘောင်အရ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်။ သွေးနှောနိုင်ငံသားဖြစ်ရင်တော့ ပြောင်းဝင်/ပြောင်းထွက်မွေးဖွားစာရင်းသွင်း၊ သေဆုံးပယ်ဖျက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာမှာလည်း တိုင်းဒေသကြီး၊ ခရိုင်အထိ အဆင့်ဆင့်စိစစ်ရလို့ အချိန်အတိုင်းအတာတစ်ခုထိ စောင့်ဆိုင်းပေးရပါတယ်"ဟု ရှင်းပြပြောဆိုသည်။

မောင်ကျော်တံတား

အင်ကြင်းဈေးမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၈

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ အင်ကြင်းဈေးမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဈေးတာဝန်ခံရုံး အန္တရာယ်ကင်းရေစက်ချအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက အင်ကြင်းဈေးတာဝန်ခံရုံးသစ်၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် သဒ္ဓမ္မဝေပုလ္လ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစာရိတ္တက ငါးပါးသီလချီးမြှင့်ပြီး ဓနသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစောလင်း၊ အင်ကြင်းဈေးတာဝန်ခံဦးစီးမှူး ဦးမောင်မောင်လွင်နှင့် ဈေးသူဈေးသားများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အင်တာနက်လိုင်းများ ပုံမှန်ဖြစ်လာရန် နှစ်ပတ်အချိန်ယူမည်

ရန်ကုန် ဇူလိုင် ၂၈

အင်တာနက်လိုင်း ဆက်သွယ်မှုများ၌ ပင်လယ်ရေအောက်ဖိုက်ဘာဆက်ကြောင်း ချွတ်ယွင်းသွားခဲ့သည့်အတွက် ပြန်လည်ကောင်းမွန်လာစေရန် ပြုပြင်နေမှုများသည် တစ်လနီးပါးကြာမြင့်မည်ဟု အများပြည်သူကိုကြေညာအသိပေးထားသော်လည်း ယခုလက်ရှိ ကုန်းတွင်းဆက်ကြောင်းကို မြန်နှုန်းမြင့် အသုံးပြုနိုင်စေရန်အတွက် ပြုပြင်မှုများ ပြုလုပ်ပေးလျက်ရှိပြီး နှစ်ပတ်အတွင်း အင်တာနက်လိုင်းများ ပုံမှန်ပြန်ဖြစ်လာစေရန်ကြိုးစားနေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဆက်လက်ပြောကြား

ပြန်လည်ပြုပြင်နေသည့် အပိုင်းများကို စင်ကာပူနိုင်ငံအခြေစိုက် ရေအောက်ကေဘယ်လ်လိုင်းကြိုးများကို ပြုပြင်ထိန်းသိမ်းရေးအဖွဲ့နှင့် ဆက်သွယ်ပြုပြင်နေပြီး အခြားတစ်ဖက်တွင်လည်း နယ်စပ်ဖြတ်ကျော် ကုန်းတွင်းဆက်ကြောင်းအသစ်ကို အမြန်ဆုံးလွယ်ကူစွာအသုံးပြုနိုင်စေရေးဆောင်ရွက်နေကြောင်း၊ ယခုလက်ရှိ သုံးစွဲနေကြသော အင်တာနက်လိုင်းများကိုလည်း မြန်နှုန်း မြှင့်တင်နိုင်စေရန် ကြိုးစားလုပ်ဆောင်နေပါကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

စိုးဝင်း(SP)

ကန့်ဘလူမြို့၌ တံတားငါးစင်း တည်ဆောက်ပြီးစီး

ကန့်ဘလူ ဇူလိုင် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ် (၅)ရပ်ကွက်အတွင်း ဇူလိုင် ၂၅ ရက်က တံတားငါးစင်း တည်ဆောက်ပြီးစီးသွားပြီဖြစ်သဖြင့် ပြည်သူများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၀၆ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ငါး ပေ၊ အမြင့်နှစ်ပေ ခြောက်လက်မ အသီးသီးရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လျာထား

ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီက အောင်သီရိလမ်း မြို့မိမြို့ဖအဖွဲ့ဝင် ဦးစောလွင်နှင့် ဦးဖိုးသောင်း၊ အမှတ် (၅)ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်တို့က ကြီးကြပ်၍ ဒေသခံပြည်သူ ၄၀ ဖြင့် မြေသားလမ်းပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ယင်းလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောခင်းရန်လျာထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာအားကစားသတင်း

စပါး၊ ရီးရဲမက်ဒရစ်နှင့် ဂါရတ်ဘေးလ်တို့သည်....

စပါးက ဂါရတ်ဘေးလ်ကို စာချုပ်သစ်ချုပ်ဆိုလိုက်ပေမယ့် ရီးရဲမက်ဒရစ်တို့ကတော့ ဂါရတ်ဘေးလ်ကို ခေါ်ယူဖို့ ငွေထုပ်ပိုက်ပြီး လိုက်နေဆဲပါပဲ။ စပါးနည်းပြ ဘိုအာ့စ်ကလည်း ရောင်းချဖို့တွင် တွင်ငြင်းနေဆဲပါပဲ။ ခက်တာက ဂါရတ်ဘေးလ်ကိုယ်တိုင်က ရီးရဲမက်ဒရစ်မှာ သွားရောက်ကစားလိုတဲ့ ဆန္ဒရှိနေခြင်းဖြစ်ပါတယ်။

ဘောလုံးသမားအပြောင်းအရွှေ့ ဈေးကွက်ပိတ်ခါနီးလေလေ၊ ရီးရဲမက်ဒရစ်တို့ကလည်း ဈေးပိုပေးလေလေဖြစ်နေပါတယ်။ ဂါရတ်ဘေးလ်အတွက် ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ကြေးပေါင် ၈၅ သန်းပေးမယ်လို့ ဈေးခေါ်နေပြီဖြစ်ပါတယ်။ စပါးအသင်းပိုင်ရှင်တွေကတော့ ဒီဈေးနဲ့ရောင်းချလိုတဲ့ စိတ်တွေဖြစ်ပေမယ့် စပါးအသင်းအတွက် ဂါရတ်ဘေးလ်ကလည်း မရှိမဖြစ်မို့ ဒွိဟစိတ်တွေဖြစ်နေပါတယ်။

ဂါရတ်ဘေးလ်ရဲ့ အတိုး၊ အလှုပ်တွေဟာ ပြိုင်ဘက်ခံစစ်မှူးတွေရဲ့ အာရုံကို ထွေပြားစေနိုင်တာတော့ အမှန်ပါပဲ။ လျှင်မြန်မှု၊ ရဲဝံ့မှု၊ အဟုန်ပြင်းပြင်းထိုးဖောက်မှုနဲ့ အဆုံးသတ်သချာမှုတွေက ဂါရတ်ဘေးလ်ရဲ့ စွမ်းရည်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ရီးရဲမက်ဒရစ်ဟာ ဂါရတ်ဘေးလ်ကို ငွေကြေးပမာဏ မကြည့်ဘဲ ရအောင်ခေါ်ယူနိုင်ရေးကိုသာ အာရုံစိုက်နေတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်ကတည်းက စာချုပ်ချုပ်ဆိုထားတာမို့ ဂါရတ်ဘေးလ်ဟာ လာမယ့် ၂၀၁၇ ခုနှစ်အထိ စပါးအသင်းမှာပဲ ဆက်လက်ရှိနေဦးမှာဖြစ်ပါတယ်လို့ နည်းပြဘိုအာ့စ်က ဆိုနေပါတယ်။ ဒါပေမယ့် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်မပိတ်မချင်း ခေါ်ယူဖို့ လက်လျှော့မှာ မဟုတ်တဲ့ ရီးရဲမက်ဒရစ်တို့က ငွေထုပ်နဲ့ စပါးတို့ကို ကိုင်လှုပ်နေတာဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ဂါရတ်ဘေးလ်ဟာ ပရီမီယာလိဂ်ပွဲပေါင်း ၁၄၆ ပွဲကစားပေးခဲ့ပြီး စုစုပေါင်း ၄၂ ဂိုးသွင်းယူပေးထားနိုင်သူလည်းဖြစ်ပါတယ်။ မိခင်ဝေလအသင်းအတွက်လည်း ပွဲပေါင်း ၄၁ ပွဲကစားပေးထားသူဖြစ်ပြီး အမိကအားထားရတဲ့ ဘောလုံးသမားအဖြစ်ရပ်တည်နေသူပါပဲ။ ဆောက်သမ်တန် ကစားသမားဟောင်း ဂါရတ်ဘေးလ်ဟာ ကျွန်တော်တို့နဲ့ စာချုပ်သက်တမ်းတွေရှိနေသေးတာမို့ အသင်းပြောင်းရွှေ့ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ အသင်းပိုင်ရှင်တွေအနေနဲ့ ငွေကြေးကိုစွဲရှိတာမှန်ပေမယ့် အသင်းရဲ့ အောင်မြင်မှုကိုပိုပြီး ဦးစားပေးမယ်ဆိုတာ ယုံကြည်ပါတယ်လို့ နည်းပြဘိုအာ့စ်က ထုတ်ဖော်ပြောကြားနေပါတယ်။

စပါးအသင်းဟာ လောလောဆယ်မှာ အာရှခြေစမ်းပွဲခရီးစဉ်အဖြစ် ဟောင်ကောင်ကို ရောက်ရှိနေပြီးလာမယ့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ စပါးအသင်းဟာ ဗလင်စီယာအသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ၂၄ ဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူး ဆိုလ်ဒါဒိုကိုလည်းခေါ်ယူဖို့ ကမ်းလှမ်းထားပါတယ်။

စောင့်ကြည့်

ဂါရတ်ဘေးလ်ကတော့ အသက်ငယ်ရွယ်တဲ့အချိန် ခြေစွမ်းအထက်မြက်ဆုံးအချိန်တွေမှာ ထိပ်တန်းကလပ်တွေကိုလှည့်ပြီး အတွေ့အကြုံတွေရရှိအောင် ကစားလိုတဲ့ ဆန္ဒပြင်းပြနေတာတော့ အမှန်ပါပဲ။ ဒါကြောင့် နည်းပြ ဘိုအာ့စ်ကလည်း စည်းရုံးရေးနဲ့ ဂါရတ်ဘေးလ် ထွက်မသွားအောင် ကြိုးစားနေတာမို့ အပြောင်းအရွှေ့ကာလမကုန်မီအထိ ဂါရတ်ဘေးလ်ရဲ့အနေအထားကိုစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်

ဟီဂူအင်ကို နာပိုလီ ငါးနှစ်စာချုပ်

ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်သည် နာပိုလီအသင်းက အပြီးသတ်စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်ရှိ အာဂျင်တီးနားကစားသမား ဟီဂူအင်အား နာပိုလီက ပေါင် ၃၄ ဒသမ ၅ သန်း ဖြင့်ငါးနှစ်စာချုပ်ချုပ်လိုက်ခြင်းဖြစ်သည်။

နာပိုလီနည်းပြ ဘင်နီတက်ဇ်က ပီအက်စ်ဂျီသို့ ပြောင်းရွှေ့သွားသော အက်ဒီဆင်ကာဗာနီနေရာတွင် အစားထိုးရန် ပြင်ဆင်ထားသည်။ ဟီဂူအင်သည် ၂၀၀၆ခုနှစ်တွင် ရစ်ဗားပလိတ်အသင်းမှ ရီးရဲမက်ဒရစ်သို့ ပြောင်းလာပြီး ခုနစ်နှစ်တာအတွင်း လိဂ်ဂိုး ၁၀၇ ဂိုးသွင်းယူပေးခဲ့သူ ဖြစ်သည်။

ဝီဂန်က နောက်ခံလူ ဂါစီယာအား ခေါ်ယူ

ဟွန်ဒူးရပ်စ် နောက်ခံကစားသမား ကာလို့စ်ဂါစီယာအား အလွတ်ပြောင်းရွှေ့မှုဖြင့် ဝီဂန်က စာချုပ်ချုပ်မည်ဖြစ်သည်။ အသက် ၂၅ နှစ်အရွယ်ရှိ ကာလို့စ်ဂါစီယာသည် အိုလံဘီယာကလပ်မှ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ဝီဂန်နှင့် သုံးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ပြီဖြစ်သည်။

ဝီဂန်အသင်းအတွက် ကာလို့စ်ဂါစီယာသည် ငါးဦးမြောက် ဟွန်ဒူးရပ်စ်ကစားသမားဖြစ်လာမည်ဖြစ်သည်။ ဝီဂန်အသင်းတွင် ယခင်က ဖီဂွီရိုရာ၊ ဝီလ်ဆင်ပါလက်ဇစ်၊ သောမက်စ်နှင့် အက်စ်ပင်နိုဇာတို့ ကစားလျက်ရှိသည်။

မန်စီးတီးနောက်တန်းကစားသမားဒဏ်ရာပြင်းထန်စွာရရှိ

မန်စီးတီးနောက်တန်းကစားသမားတစ်ဦးဖြစ်သည့် မာတစ်ချား နာစတာဆစ်သည် ဟောင်ကောင်၌ ကစားသည့် အာရှဖလားနောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဆန်းဒါးလန်းနှင့် ကစားစဉ် ခြေမျက်စိဒဏ်ရာ ပြင်းထန်စွာရရှိသွားသဖြင့် ကွင်းအတွင်းမှ ထမ်းစင်ဖြင့်ထွက်သွားခဲ့ရသည်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီကတော့ ၎င်းအတွက် ကွင်းမကောင်းခြင်းကို အပြစ်ပြောဆိုလျက်ရှိသည်။ ဆာဘီးယားနောက်တန်းကစားသမား နာစတာဆစ်သည် ၎င်းပြိုင်ပွဲတွင် ၇၆ မိနစ်အထိသာ ကစားခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်စီးတီးနည်းပြသစ် ပယ်လီဂရီနီက အသက် ၃၀ အရွယ်ရှိ ရီးရဲမက်ဒရစ် နောက်ခံလူ ပီပီအား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် စာချုပ်နိုင်ရေး ကြိုးစားနေသည်။
- ဘာစီလိုနာက ချယ်လ်ဆီးကစားသမားဒေးဗစ်လုစ်အား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။
- ပီအက်စ်ဂျီအသင်းက အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဗာရက်တီအား ရောင်းချမည်မဟုတ်ဟု ထုတ်ဖော်ပြောကြားသည်။
- အဲဗာတန်အသင်းက မန်စီးတီးတောင်ပံကစားသမား ဆင်ကလဲယားကို စာချုပ်ရန် ကြိုးစားနေသည်။
- အသက် ၂၅ နှစ်အရွယ်ရှိ အက်စ်ပန်ညို နောက်ခံကစားသမား မိုရီနိုကို ဆွမ်ဆီးက ခေါ်ယူမည်ဖြစ်သည်။
- အသက် ၂၇နှစ်အရွယ်ရှိ လိုင်ယွန်တိုက်စစ်မှူး ဂိုမစ်အားနယူးကာဆယ်က ပြောင်းရွှေ့ကြေးပေါင် ၈ ဒသမ ၆ သန်းဖြင့် စာချုပ်တော့မည်ဖြစ်သည်။
- အသက် ၂၅ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဆာဂဘိုကို ဟားလ်စီးတီးက ခေါ်ယူမည်ဖြစ်သည်။
- ချယ်လ်ဆီးက မည်သည့်တိုက်စစ်မှူးအသစ်ကို ခေါ်သည်ဖြစ်စေ မိမိအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း တိုက်စစ်မှူး ဒမ်ဘာဘာက ပြောကြားသည်။
- ရုရှားကလပ်ကာဇန်အသင်းက ပြန်လည်ခေါ်ယူလိုနေသော ရက်ဒင်းတိုက်စစ်မှူး ဘိုင်နစ်က မိမိမပြန်လိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ဗာရက်တစ်က မန်ယူသို့ ပြောင်းရွှေ့ကစားလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)
ပညာရပ်ဆိုင်ရာဟောပြောပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၏ CME ဟောပြောပွဲနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ် ဩဂုတ် ၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၃၀နာရီမှ ၁၁း၃၀ နာရီအထိ
နေရာ - မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းရုံးခန်းမ သံသုမာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

CME Topics:
(1) "Ethical considerations related to good dental practice" by Dr.U Kyaw Sein
(2) "CANCER PATIENTS; Are they not any of your concern? " by Prof.U Ko Ko Maung

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်သူများသို့ အသိပေးတင်ပြချက်

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဝန်ဆောင်မှုပေးလျက်ရှိသော CDMA မိုဘိုင်းဖုန်းများမှ နိုင်ငံခြားသို့ ဖုန်းခေါ်ဆိုရာတွင် နိုင်ငံခြားငွေလက်မှတ် (FEC) နှင့် ကျခံသုံးစွဲနေရာမှ မြန်မာကျပ်ငွေနှင့် ကျခံသုံးစွဲနိုင်ရေးအတွက် Software Upgrade ပြုလုပ်ခြင်းကို ၁-၈-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါနေ့ရက်တွင် Software Upgrade ပြုလုပ်ဆောင်ရွက်ရာ၌ လက်ရှိသုံးစွဲလျက်ရှိသော CDMA မိုဘိုင်းဖုန်းသုံးစွဲသူများ၏ FEC Account တွင် ကျန်ရှိနေသည့် FEC ငွေများအား 1 FEC လျှင် မြန်မာကျပ်ငွေ ၉၀၀နှုန်းဖြင့် တွက်ချက်ပြီး KYATS Account သို့ ပေါင်းထည့်ပေးမည်ဖြစ်ပါသည်။ ထိုသို့ ပေါင်းထည့်ပြီးသည့်နောက် ပြည်တွင်းခေါ်ဆိုမှု (Local Call) နှင့် ပြည်ပခေါ်ဆိုမှု (IDD Call) အားလုံးသည် မြန်မာကျပ်ငွေဖြင့် ပုံမှန်အတိုင်း ခေါ်ဆို၍ ရရှိနိုင်မည်ဖြစ်ပြီး (SMS Service) နှင့် (Internet Service) များသည် ၁-၈-၂၀၁၃ရက် နံနက် ၀၁း၀၀နာရီမှ ၀၂း၀၀နာရီခန့်အထိ ယာယီအသုံးပြု၍ ရရှိနိုင်မည်မဟုတ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

လူပျောက်



အထက်ပါဓာတ်ပုံရှင် မဏိရတနာ စာသင်တိုက်၊ အမှတ်(၂၀) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေ ရှင်ဝါယမ သက်တော် ၁၁နှစ်သည် ၁၉-၇-၂၀၁၃ ရက် နံနက် ၁၀နာရီတွင် လှိုင်သာယာမြို့နယ်အတွင်း ဆွမ်းခံထွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၁၀၄၃၂၀၂ ၀၉-၄၂၁၁၃၆၇၈၇**

အမြန်အလိုရှိသည်

ဂျပန်စကား ကျွမ်းကျင်စွာပြောဆိုနိုင်သူ အမျိုးသမီးတစ်ဦး အမြန်အလိုရှိသည်။ **ဆက်သွယ်ရန်-**3C၊ **နေသီရိတာဝါ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၃၁၁၄၉၆၄၀၊ ၀၉-၄၂၀၁၂၅၆၈၀

ဒေါ်စန်းစန်းအေး ၁၂/ကမန(နိုင်)၀၁၄၄၂၃
အမှတ် ၁၀၁၊ ခုနစ်လွှာ/အေ၊ ၁၂၃လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိရှိရန်
ကြေညာအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဌာန်းလမ်း၊ အမှတ် ၆၉၄၊ မြေညီထပ် ဒေါ်တင်တင်ဝင်း ၁၃/နစန(နိုင်)၀၂၅၈၈၂ လက်ရှိပိုင်ဆိုင်သော တိုက်ခန်းနှင့် စပ်လျဉ်း၍ ၃-၄-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဒေါ်စန်းစန်းအေးက ပေးရန်ကျန်သည့် တိုက်ခန်းဖိုးငွေကို ဒေါ်တင်တင်ဝင်းထံ ၃-၈-၂၀၁၃ရက်တွင် အပြေအကျေပေးချေရန် ဖြစ်ပြီး ပျက်ကွက်ပါက စရန်ငွေအဆုံးခံရန်ဖြစ်ကြောင်း ကြေညာအကြောင်းကြားအပ်ပါသည်။

ဒေါ်တင်တင်ဝင်း ၁၃/နစန(နိုင်)၀၂၅၈၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းတင့် (LL.B, LL.M) **တရားလွှတ်တော်ရှေ့နေ**

ဒေါ်သန်းနု (LL.B) **တရားလွှတ်တော်ရှေ့နေ**

အမှတ် ၅၈/၂၊အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်

ဘိန်းဖြူမှုန့်နှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

သီပေါ ဇူလိုင် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး) အဖွဲ့မှ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီက လားရှိုးမြို့နယ် မိုင်းတင်ကျေးရွာအလွန် လားရှိုး-မိုင်းယော် လမ်းပေါ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် မိုင်းယော်မှ လားရှိုးသို့ သန်းဇော်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်း၏လည်ပင်းတွင် ကြွပ်ကြွပ်ကြိုးဖြင့် ဆွဲထားသည့် အပြာရောင်ပလတ်စတစ်အိတ်အတွင်း ဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူမှုန့် ၁၃ဂရမ်ပါ ၁၁ခွက်၊ စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၄၃ ဂရမ်နှင့် အပြာရောင် ပလတ်စတစ် ကပ်ခွာအိတ်တစ်အိတ်လျှင် ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၉ ထုပ်နှင့် ၁၅၀ ပါတစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅၀၊ စုစုပေါင်း အလေးချိန် ၃၅၅ ဒသမ ၅ ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ သန်းဇော်ဦး (၂၆ နှစ်) နောင်မွန်ကျေးရွာ လားရှိုးမြို့နယ်နေသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၀၇၂)

မိုင်းမောဆိပ်ကမ်းဘက်မှ ဆိုက်ကပ်လာသည့် ရေယာဉ်ပေါ်ပါ

ပြည်တွင်းခရီးသည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉သိန်းဖိုးမိ

တာချီလိတ် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီက တာချီလိတ်မူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်ကျော်သူနှင့်ပူးပေါင်းအဖွဲ့သည် လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းဘက်မှဆိုက်ကပ်လာသည့် ခရီးသည်တင်ရေယာဉ်ပေါ်မှဆင်းလာသည့် အိုက်နပ်အား စစ်ဆေးရှာဖွေရာ WY စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဝမ်ပုံကျေးရွာ ဆိပ်ကမ်းတွင် လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းဘက်မှ ဆိုက်ကပ်လာသည့် ခရီးသည်တင်ရေယာဉ်ပေါ်မှ ဆင်းလာသည့် အိုက်နပ်အား စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် TUMA တံဆိပ်ပါ မီးခိုးရောင်အတွင်းခံဘောင်းဘီအတွင်း မိုင်းကိုင် စက္ကူဖြင့်ထုပ်ထားပြီး အပြာရောင် ပလတ်စတစ်အိတ်များဖြင့် ထည့်လျက် WY စာတန်းပါနီညိုရောင် စိတ်ကြွဆေးပြားစုစုပေါင်း ၁၉၅၀၊ အလေးချိန် ၁၉၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၃၉ သိန်းခန့်အား တွေ့ရှိရသဖြင့် ရဲအုပ်ကျော်သူမှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသော အိုက်နပ် (၂၀နှစ်)ကို ရဲအုပ်ကျော်သူက တရားလိုပြုလုပ်၍ တာချီလိတ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အရေးပေါ်လှေကားအောက် တိုးချဲ့နေထိုင်မှု ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မလိခအိမ်ရာတိုက် ၁၂ ၌ နေထိုင်သော အရေးပေါ်လှေကားအဆင်းကို ပိတ်ဆို့အခန်းဖွဲ့ပြီး အခိုင်အမာဆောက်လုပ်နေထိုင်လျက်ရှိပါသည်။ ယင်းအဆောက်အအုံအမိုးပေါ်မှ အရေးပေါ် လှေကားကို အသုံးပြုကာ မလိုလားအပ်သော မှုခင်းပိုင်းဆိုင်ရာ ဖြစ်စဉ်များ ဖြစ်ပွားနိုင်ခြင်းနှင့် အရေးပေါ်ဆင်းသက်မှုများနှင့် ကြုံတွေ့လာပါက များစွာ အခက်အခဲတွေ့ကြုံရမည်ကို တိုက်ခန်းအပေါ်ထပ်နေ မိသားစုများ စိုးရိမ်ပူပန်နေကြရပါသည်။ သို့ဖြစ်ပါသောကြောင့် အခန်းတိုးချဲ့တည်ဆောက်ထားမှုကို သက်ဆိုင်ရာက အမြန်ဆုံး ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အရေးပေါ်လှေကားရှင်းလင်းစေလိုသူ

စည်းကမ်းမဲ့ဝက်မွေးမြူခြင်းကြောင့် ပတ်ဝန်းကျင်မခံနိုင်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၆) ရပ်ကွက် မြို့မငြိမ်းလမ်းရှိ အိမ်တစ်အိမ်တွင် ဝက်များကို စည်းကမ်းမဲ့စွာ မွေးမြူထားခြင်းကြောင့် အနံ့အသက်ဆိုးများနှင့်ရေဆိုးများသည် ပတ်ဝန်းကျင်ရှိ နေအိမ်များမှကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများကို ကျန်းမာရေးထိခိုက်စေပြီး ကူးစက်ရောဂါများဖြစ်ပွားစေနိုင်သောကြောင့် သက်ဆိုင်ရာက လိုအပ်သလို ဆောင်ရွက်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

အန္တရာယ်ရှိသစ်ပင်များ ဖယ်ရှားရှင်းလင်းပေးစေလို

သုမင်္ဂလာရပ်ကွက် သုမင်္ဂလာအိမ်ရာ ဂိတ်-၃ အဝင်အနီး သုခမွာလမ်းပေါ်ရှိ အုန်းပင်နှစ်ပင်နှင့်သရက်ပင်၊ ဗာဒံပင်များသည် ယိမ်းယိုင်ကာ ကားလမ်းပေါ်သို့ ကိုင်းညွှတ်လျက်ရှိပါသည်။ အုန်းပင်မှ အုန်းသီးများ၊ အုန်းလက်များသည် လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်များပေါ်သို့ မကြာခဏ ပြုတ်ကျလျက်ရှိပါသည်။ ယခုမိုးကာလ၌ လေပြင်းများ တိုက်ခတ်နိုင်ပြီး အုန်းပင်များပြိုလဲ၍ လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်များ၊ လျှပ်စစ်ကြိုးများနှင့် ထိခိုက်မှုအန္တရာယ်ကျရောက်မည့် အခြေအနေတွင် ရှိပါသည်။

သို့ပါ၍ အများပြည်သူများကို အန္တရာယ်ကျရောက်နိုင်သော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သုမင်္ဂလာသူ

သဲလုပ်ငန်းကြောင့် ချောင်းကမ်းပါး ပြိုမည်ကို စိုးရိမ်

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း ကမ်းနားလမ်း၌ရှိသော သဲလုပ်ငန်းတွင်သုံးသော ထော်လာဂျီယာဉ်များသည် သဲဆွဲသည့်မြေမှ ကားလမ်းပေါ်သို့ အတင်းမောင်းနှင်မှုကြောင့် အသံအလွန်ဆူညံခြင်း၊ မီးခိုးများအလွန်ထွက်ခြင်း၊ လမ်းသွားလမ်းလာများအနေဖြင့် ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ ချောင်းထဲမှသဲကို စုပ်ယူမှုကြောင့် ချောင်းကမ်းပါးပြိုကျရမည့်အရေးကို စိုးရိမ်ရခြင်းတို့ကြောင့် သက်ဆိုင်ရာက အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ကမ်းနားလမ်းသားများ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါစက်အရန်ပစ္စည်းများအား ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Ball Bearing	1 Lot
၂။	Tyre	1 Lot
၃။	Raw Materials for Refractory Brick	3 Items

၂။ တင်ဒါအား ၅-၇-၂၀၁၃ရက်စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၅-၈-၂၀၁၃ ရက်ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန ရုံးအမှတ် ၄၁ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် ဖုန်း-၀၆၇-၄၀၈၂၉၈)

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 14/DHPI/Tyre/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Tyre	1 Lot

Tender No. 15/DHPI/ Battery / 2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Battery	1 Lot

Tender No. 16/DHPI/Lubricant/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Lubricant	1 Lot

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin) တို့အား ၁၅-၈-၂၀၁၃ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ရက် မွန်းတည့် ၁၂း၀၀နာရီဖြစ်ပြီး ၁၃း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၁၀၃၃ တိုယာတာဒိုင်နာ BU 82/ L/T ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၅/စကန(နိုင်) ၁၄၉၇၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ပုသိမ်တက္ကသိုလ်
ကြေညာချက်
(၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်မှ အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

(က) ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အတန်းတင်စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးဘွဲ့ (၂၀၀၈အောင်)၊ ဥပဒေဘွဲ့ (၂၀၀၈အောင်)၊ ရိုးရိုးဘွဲ့ (၂၀၀၉အောင်) ကျောင်းသား ကျောင်းသူများ။

(ခ) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ၂၀၁၃ ခုနှစ် ဧပြီလတွင် အောင်မြင်ခဲ့ကြသည့် မဟာသုတေသနဘွဲ့နှင့် မဟာဘွဲ့ (၂၀၀၆အောင်) ကျောင်းသား ကျောင်းသူများ။

(ဂ) ၁၉၉၆-၁၉၉၇ ပညာသင်နှစ်မှစ၍ ဘွဲ့ယူရန် လျှောက်လွှာမတင်ရသေးသော ကျောင်းသား ကျောင်းသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ၁-၈-၂၀၁၃ မှစတင်၍ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် အသစ်ရိုက်ကူးထားသော (၂လက်မ×၁½ လက်မ)အရွယ် ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ၃၀-၉-၂၀၁၃ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာရန်)

၃။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ပုသိမ်တက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ အထူးပြုဘာသာ၊ စာမေးပွဲခုံအမှတ် စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၄။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)ကိုပေးသွင်းရပါမည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်)အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) မိမိကြိုက်နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင် တက်ရောက်ရမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနား အစီအစဉ်ကို ထပ်မံကြေညာပါမည်။

၈။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ပုသိမ်တက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၇၇၅၆ Honda Dream ,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြင့်နွယ် ၉/မရတ(နိုင်) ၀၇၂၄၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ မီဒီယာခန်းသုံးပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၉-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

တင်ဒါသွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၇၃၀၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ် (မန္တလေး)
ပရိဘောဂဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မန္တလေး) အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Officer table (L=6' B=4' H=2'6")	၂၀ လုံး
(၂)	Book Case	၂၀ လုံး
(၃)	File Shelfs	၂၀ လုံး
(၄)	Cabinet (Leeco 4 Drawers)3'x6'	၅ လုံး
(၅)	File တင်စင်(Leeco, Taiyo, Standard)	၂၀ လုံး
(၆)	Computer Table	၃၀ လုံး
(၇)	လက်တင်ပါကုလားထိုင်	၂၀ လုံး
(၈)	သစ်သားဆက်တီ	၁ စုံ
(၉)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀ လုံး
(၁၀)	သဟာယထိုင်ခုံ(ကျွန်း၊ဆိုဖာ၊ ကနုတ်ပန်းပါ)	၁၀ လုံး
(၁၁)	စကားပြောစင်	၃ လုံး
(၁၂)	Plastic Chair (Armed)	၂၀ လုံး
(၁၃)	Plastic Chair (Armless)	၃၀ လုံး
(၁၄)	Lab Table	၂၀ လုံး
(၁၅)	Bed Stead (Single)	၃ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်နေ့ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၂၂-၈-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-၀၉-၂၀၁၆၂၃၉၊ ၀၉-၂၀၅၉၆၀၅၊ ၀၉-၆၅၂၅၃၀၄
ကွန်ပျူတာတက္ကသိုလ်(မန္တလေး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၃၁၉၄၊ Nay Min Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်အောင် ၆/မအရ(နိုင်)၀၇၉၇၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျပ်သိန်း ၅၄၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းမိ

မြစ်ကြီးနား ဇူလိုင် ၂၈

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်က မြစ်ကြီးနားမြို့ပေါ်၌ ငွေကျပ် သိန်း ၅၄၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအပြင် ရောင်းရငွေ ကျပ်သိန်း ၁၆၀ ကျော်နှင့် ကျောက်စိမ်းအရိုင်းတုံးများကို ဖော်ထုတ်ဖမ်းဆီးသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး

- Ability to collect and analyze data, draw conclusions, and make actionable recommendations.
- Overseas experiences & Goverment Dealing are preferable.

Procurement Manager (Oversea & Local) **M/F (1) Post**

- Any Graduate plus MBA or Dip. in Business Management.
- Ability to negotiate of procurement contracts for necessary materials/ products at the best price/quality balance and on the most favorable Terms and Conditions.
- Ability to evaluate existing suppliers to determine whether to consider other suppliers or continue with the same supplier.
- Ability to work with and supporting Management to ensure the contracts and vendors are being managed correctly.
- Driving the planning, budgeting and goal setting processes that establish and communicate organizational procurement goals.

DTP **F(3)Posts**

- Any Graduate
- Proficient in the use of Microsoft Office **(Word, Excel, Page Maker and Power Point)**
- Experience in 1 or 2 years in related field.

Executive Secretary **F (3) Posts**

- Any Graduate plus MBA or MPA or DMA is prefered.
- Experience in 2 or 3 years in related field
- Must be Good Personality.
- Prefer well experienced in Secretarial Field.
- Proficient in the use of Microsoft Office and English (4) skills.
- Good interpersonal skills and presentational skills.

Junior Engineer **M(150)Post / F(20) Posts**

- Must be B.E/M.E/ (EC, Mechatronic, EP, IT)
- Fresh graduate candidates are welcome.
- Must be proactive, initiative.
- Willing to learn and interested in their work scope.
- Can travel any time and also can work at location within Myanmar

HR Officer **M/F (3)- Posts**

- Any Graduate plus Certificate in Human Resources Management is prefered.
- Experience in 1 or 2 years in related field .
- Proficient in the use of Microsoft Office (Word, Advance Excel, Visio and Power Point)

INSURANCE

General Manager/Assistant General Manager **M/F (2)- Post**

- Any Graduate plus D.M.A is prefered.
- 10 years of working experiences in **Insurance field.**
- Excellent skills in teamwork, leadership and communication.
- Proficient in the use of Microsoft Office and English (4) skills. Strong analytical and reasoning abilities.

Office Staff **M/F (20)- Posts**

- Any Graduate.
- Must be Good Personality.
- Prefer proficient in English (4) skills or Chinese (4) skills and in the use of Microsoft Office.

CONSTRUCTION

Chief Engineer **M (1) Post**

- B.E, M.E (Civil).
- At least 20 years of working experiences in Engineering field.
- Experience in housing and high rising field.
- Strong knowledge in local field and oversea experience is prefered.

Deputy Chief Engineers **M (1) Post**

- Graduate for B.E, M.E (Civil).
- At least 15 years of working experiences in Engineering field.

Assistant Chief Engineers **M (1) Post**

- Graduate for B.E, M.E (Civil).
- At least 12 years of working experiences in Engineering field.

ယာဉ်မောင်း ကျား-(၂၀)ဦး

- (လစာ- ကျပ် ၁၂၀၀၀၀/-မှ ကျပ် ၂၀၀၀၀၀/-)
- အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- [illegible]
- နယ်သွားနိုင်ရမည်။
- [illegible]

Applicant who is interested to apply should submit CV including detail experience with a recent photo, a copy of N.R.C. card, labour registration card , graduate certificate, other certificate, current and expected salary to HR department, Young Investment Group Co., Ltd. No. (647-A), Pyay Road, Kamaryut Tsp, Ph- 526626, 512128 with TWO WEEKS. Only those who meet the above mentioned requirements will be interviewed.

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ



အထူးကျေးဇူးတင်ရှိပါကြောင်း

၂၂-၇-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားသည့် မိခင်ကြီး ဒေါ်နှင်း(မကွေး)အသက်(၈၀) နာမကျန်းစဉ်က ဆေးကုသပေးသော ဆရာဝန်ကြီးဒေါက်တာဦးရဲမြင့်နှင့် HOME MEDICARE SERVICE မှ ဆရာဝန် များ၊ သူနာပြုများ၊ HOME SPECIAL NURSES နှင့် NURSE AIDSများ၊ နာရေးကိစ္စသို့ ဝမ်းနည်းကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများဖြင့်သော် လည်းကောင်း၊ အီးမေးလ်များဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေး ကြပါသော ရပ်နီး၊ ရပ်ဝေးမှမိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ် ဝတ္ထုအစုစု ကောင်းမှုပြုလုပ်ပေးကြသူများ ကွယ်လွန်သည့်ရက်မှစ၍ ရက်လည်ဆွမ်းကျွေးအထိ ကူညီဆောင်ရွက်ပေးကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု



ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/ယူ-၁၀)၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊ မြေကွက်အမှတ်-၂၀၅/၂၀၆၊ အကျယ်အဝန်း ပေ(၆၈×၈၀)အကျယ်အဝန်းရှိ မြေကွက်နှစ်ကွက်၊ နှစ် ၆၀ဂရန်မြေ ဦးတင်ဝင်း MMO-၂၆၁၉၆၆ အမည်ပေါက်မြေကွက်များကို အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်မိုး ၁၂/လမန(နိုင်)၀၁၉၀၁၅ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင် LL.B,D.B.L,D.M.L **ဒေါ်ဖြူဖြူခိုင် LL.B,D.B.L,D.M.L**

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ငြိမ်းချမ်းစုရည် LL.B

အထက်တန်းရှေ့နေ

အမှတ်-၂၇(ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

အထူးကျေးဇူးတင်ရှိပါကြောင်း
ဦးမြင့်ဦး
(ဗိုလ်တထောင်)

၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသည့် ဦးမြင့်ဦး အသက် (၅၀) ၏ နာရေးကိစ္စအား ဝမ်းနည်းကြောင်းလူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများဖြင့်သော် လည်းကောင်း နှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ်ဝတ္ထု အစုစုကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသော (B.B.T Shipping) မှ သင်္ဘောသားမိသားစုများ၊ နာရေးသို့ မအားမလပ်သည့်ကြားမှ လိုက်ပါ ပို့ဆောင်ပေးကြသူများအားလုံးနှင့် ကွယ်လွန်စဉ်မှစ၍ ကူညီကြသော မိတ်ဆွေအပေါင်း အသင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရပါသော ဆရာ ဦးသန်းတင် (Auditor/Financial Consultants, Stuart Smith & Allan) ညွှန်ကြားရေးမှူး (ငြိမ်း)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၁-၇-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘဏ္ဍာရေးမိသားစု

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းမြ
အထက်တန်းပြ (ငြိမ်း) အထက(၁)တောင်ငူ
အသက်(၇၄)နှစ်

၂၅-၇-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့သည့် ကျေးဇူးရှင်ဆရာမအတွက် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ

Cyber Tech Media Group

ဘုရား၊ ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းစန်းရီ (စန်းစန်းရီယပ်တောင်-ကြည့်မြင်တိုင်)
အသက်(၆၀)

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့ နယ်၊မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ်၁၇ဘီ(ပထမ ထပ်)နေ(ဦးသိန်းမောင်-ဒေါ်ခင်ခင်)တို့၏သမီး၊ (ဦးစိန်ဝင်းမောင်)၏ညီမ၊ ဦး အေးသွင်-ဒေါ်ဆွေဆွေဝင်းတို့၏အစ်မ၊ ဦးဝမ်လှိုင်၏ဇနီး၊မနန္ဒာဝင်း၏ မိခင်သည် ၂၅-၇-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည် (နေအိမ်မှ ကားများနံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**



ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊မြေကွက်အမှတ်၆၈၀/၆၈၁၊မြေကွက်တည်နေရာ ၆၈၀/၆၈၁၊ သုမေ္ဓာလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ ဦးသိန်းထွေး အမည်ပေါက် ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးသိန်းထွေး ကွယ်လွန်သဖြင့် ဒေါ်အေးအေး ၁၂/တမန(နိုင်)၀၃၉၇၇၇က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော် မောင်ကျော်ဇင်လတ် ၁၂/ပဘတ(နိုင်)၀၂၇၇၉၀၏နိုင်ငံကူးလက်မှတ် No-767675 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၆၃၁၉၀

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီး ဒေါ်မြသွယ် (ငြိမ်း)
စစ်သူနာပြုသင်တန်းအမှတ်စဉ် (၁၁)
အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက် (၂)၊ အခန်း ၄၀၈နေ ဦးအောင်မြင့်၏ဇနီး၊ သား မောင်ခန့်ဘော်၊ မောင်ဝေထက်၊ ဗိုလ်လောင်း ကောင်းပိုင်တို့၏မိခင် ဗိုလ်ကြီးဒေါ်မြသွယ်(ငြိမ်း)သည် ၂၃-၇-၂၀၁၃ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း)-ဇနီး ဒေါ်ခင်ခင်တော် မိသားစု



ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(စ/၉၆၃)ဟု ခေါ်တွင်သော အကျယ်(၂၄ပေ×၄၇ပေ) မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးသိန်း ၁၂/မရက(နိုင်)၀၇၇၃၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်သဘောတူ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းဝင်း
LL.B, DBL, DML, DIL
(တရားလွှတ်တော်ရှေ့နေ-၇၉၀၉)
အမှတ် ၄၂၄၊ လေးလွှာ၊ သိမ်ဖြူလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်
အမှတ်(၉၉၄/က)၊ ပညာ ၁၃လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ပါမောက္ခ ကထိကများ

ဦးစီးသင်ကြား၍

ဆရာဝန် M.Sc, B.Ed, S.A.T ဆရာများ Guide လုပ်သည်။
V.I.P ပါမောက္ခဝိုင်း/ဘော်ဒါ (၉တန်း၊ ၁၀ တန်း)
A11-D ထွက်ဖို့ အချိန်မီသင်ပါ။
တိုက်-၆၊ အခန်း ၂၀၂၊ ထူးရေခဲမုန့်အရှေ့၊ ပုဇွန်တောင်ဈေးအနီး၊
ဖုန်း-၀၉-၇၃၀၃၄၈၃၈

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဟာဂျီဦးအီဘရာဟင်မ်(ခ)အီဘူးမာရည်
EBOO-Dawood-GORA MAYET

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၃၈၅-၃၈၉)၊ ခုနစ်လွှာ Globel Tower တွင်နေထိုင်သူ ဟာဂျီမဒေါ်ချိုလေးမာ၏ခင်ပွန်း ဟာဂျီ ဦးအီဘရာဟင်(မ်)သည် ၂၉-၇-၂၀၀၉ရက်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူ သွားပြီး အလ္လာဟ်သျှင်မြတ်ဂျန္နသ်၌ မြင့်မားသော ဂျန္နသ်သွလ်ဖိရ်ဒေါက်စ်ကို ချီးမြှင့်ပေးသနားတော်မူပါစေ။

အာမင်န်…

ကျန်ရစ်သူဇနီး
ဟာဂျီမဒေါ်ချိုလေးမာ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၉၆၃ဟုခေါ်တွင်သော အကျယ် ပေ(၁၀×၆၀) မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိတရားဝင်ပိုင်ဆိုင်သူ ဒေါ်မေပုလဲထူး ၁၂/မရက(နိုင်)၁၄၀၀၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူစရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ် ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းဝင်း
LL.B, DBL, DML, DIL
(တရားလွှတ်တော်ရှေ့နေ-၇၉၀၉)
အမှတ် (၄၂၄)၊ လေးလွှာ၊ သိမ်ဖြူလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊
အမှတ် (၉၉၄/က)၊ ပညာ ၁၃လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၃)၊ ရေပူစမ်းလမ်းနေ ဦးမောင်မောင်-(ဒေါ်အေးနန်းကန်)တို့၏သမီး မဝေဝေဦး ၁၃/လရန(နိုင်)၁၃၁၂၈၁သည် မိဘနှင့် မောင်နှမသားချင်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် တရားဝင်အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူ မည်မဟုတ်ပါ။

ဦးမောင်မောင်

ဝမ်းနည်းကြေကွဲခြင်း
မကျင်လန်းလွှန်
A.G.T.I (MP), B.Sc (Maths) မုံရွာ
အသက်(၃၈)နှစ်

၂၄-၇-၂၀၁၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသော သူငယ်ချင်း မကျင် လန်းလွှန် အတွက် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

1996 (MP) မုံရွာ G.T.I မှ သူငယ်ချင်းများ
ကိုကိုဦး၊ မယု၊ ပီတိ၊ ချစ်စု၊ ကောကော၊ ဘုန်းကြီး၊ မိုးကြီး၊ ကြက်ဥ

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ကျင်သီ(ခ)ဒေါ်ကျင်တီ

(ဆကာကြီး)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိလမ်း၊ အမှတ် ၁၀၊ မြေညီထပ်နေ (ဦးစိုးဝါး-ဒေါ်ထော်ဝါး)တို့၏သမီး၊ (ဦးဓားကြီး - ဒေါ်လှကြူ)တို့၏ သမီးချွေးမ၊ (ဦးမောင်တင်)၏ဇနီး၊ ဦးမျိုးညွန့်(ငွေစာရင်းဝင်၊ကာကွယ်ရေး၊ငြိမ်း)၊ ဦးသိန်းထူး(တရားလွှတ်တော်ရှေ့နေ)-ဒေါ်စန်းစန်းဝင်း[စာရင်းစစ်ချုပ်ရုံး(ငြိမ်း)]၊ ဦးကျော်သောင်း-ဒေါ်ဝင်းဝင်းမြင့်[အထက(၄) စမ်းချောင်း(ငြိမ်း)]၊ ဦးသိန်းကျော်(တိုင်းရင်းဆေးတက္ကသိုလ်)-ဒေါ်သန်းသန်းငွေး[M.P.P.E(ငြိမ်း)]၊ ဦးတိုးလွင်-ဒေါ်အေးအေးသိန်းတို့၏မိခင်၊ မအေးမွန်ဆွေ၊ မောင်ကျော်သက် (သပြေညို၊သစ်ဆိုင်၊ လှိုင်သာယာ)၊ မောင်တင်ထူးကျော်၊ မောင်ကျော်ဇောလင်း၊ မဆုဝေတိုး၊ မခိုင်ဝေတိုးတို့၏အဘွားသည် ၂၇-၇-၂၀၁၃ ရက်(စနေနေ့)ည ၁၀း၄၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ဆဖူရာ(ခ) ဒေါ်စောဖြူ (စစ်တွေမြို့)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၀၁(ပထမထပ်)နေ ဟာဂျီ ဦးအဗ္ဗုလ်ဆလမ်၏ဇနီး၊ ဒေါ်အာဆီယာ၊ ဟာဂျီ ဦးခင်မောင် (တော်ဝင်မြန်မာ ဆောက်လုပ်ရေး) ဟာဂျီမ ဒေါ်စောလှ၊ ဦးရွှေလှ၊ ဟာဂျီ အဇစ်(ခ)ဦးရွှေစိန် (တော်ဝင်ကမ္ဘာဆောက်လုပ်ရေး)၊ ဒေါ်စောခင်၊ ဦးဇော်ဝင်း(တော်ဝင်မြန်မာ)၊ ဟာဂျီမ ဒေါ်ခင်သီတာထွေးတို့၏မိခင်သည် ၂၈-၇-၂၀၁၃ရက် မွန်းလွဲ ၁း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ဇိုဟိုရ်နမာဇ်အပြီး ဗိုလ်အောင်ကျော်လမ်း၊ အာရ်ကာတီးဗလီကြီးတွင်ဂျနာဇာနမတ်(ဇ်)ဖတ်ရွတ်၍ ရေဝေးဥယျာဉ်တော်၌ မြှုပ်နှံမည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဝင်းဇော်

အထက(၁)တောင်ကြီး ကျောင်းသားဟောင်း

အသက်(၅၄)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ရှုမျှော်ခင်းလမ်း၊အမှတ် ၂၄၇နေ(ဦးတင်ဝင်း)-ဒေါ်ခင်သန်းတို့၏သား၊ (ဦးအုန်းဖေ)-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ဒေါ်မာမာအုန်း၏ခင်ပွန်း၊ ဝေယံဝင်းဇော် (ကာတွန်းဝေယံ-တောင်ကြီး)၊ သူရိန်ဇော်၊ ကောင်းမြတ်ဇော်-ယုဝါမိုးမြင့်၊ ပိုးသီရိဇော်တို့၏ဖခင်၊ ဦးကျော်ကျော်၊ ဦးမျိုးမော်၊ ဒေါ်ထားထားဝင်းတို့၏ညီ/မောင်၊ ဦးမင်းသော်၊ ဆရာလေးဒေါ်ဥဇ္ဇကာရီတို့၏အစ်ကိုသည် ၂၈-၇-၂၀၁၃ ရက် နံနက် ၄း၃၀နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့)တွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါက်တာဦးဇာနည်နေသာ

M.B.,B.S DMA(First Year)
YGN Institute of Economics
Assitant General Manager
Star Moe Yan Traing Com.LMT

အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃လမ်း၊ အမှတ် ၁၀၅နေ ဦးသိန်းမြင့်(ခ)ဦးချစ်ကျွမ်း - ဒေါ်ငွေငွေဝင်း(ခ)ဒေါ်လေးကြူးတို့၏သား၊ ဒေါက်တာဇာနည်နေသွေး၊ ဒေါက်တာဇာနည်စွမ်းထက်၊ ဒေါက်တာဇာနည်ထက်အောင် (Final Part I, IMI)၊ ဇာနည်ကျွမ်းထက်တို့၏အစ်ကိုကြီးသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့)ညနေ၆း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဘုန်းကြီးခမည်းတော်

ဦးလေးတီ

အသက်(၉၂)နှစ်

မော်လမြိုင်မြို့၊ ကျိုက္ခမီလမ်းမကြီး၊ ဈေးကြိုဆန်တန်းရပ်၊ အမှတ် ၁၀၇နေ (ဦးစိုင်ရာ - ဒေါ်ကြူငွေး)တို့၏ သား၊ (ဦးရှင်ခဲ - ဒေါ်မာလေး)တို့၏ သားသမက်၊ ဆန်တန်းကျောင်းသစ်၊ သာမညမိုးကုတ်ဝိပဿနာကမ္မဋ္ဌာန်းတိုက် ပဓာနနာယကဆရာတော် တစ်ဘဝသာသနာ ဘဒ္ဒန္တသောဘန၏ဖခမည်းတော်၊ ဒေါ်ကင်လိုင်း၏ခင်ပွန်း၊ ဒေါ်ချိုချိုလေး (လ/ထကထိက၊မြန်မာစာဌာန၊သင်္ဃန်းကျွန်း ပညာရေးကောလိပ်)၊ ဒေါ်ရင်ရင်လေး[(အထပြ)အထက(၉)မော်လမြိုင်]၊ ဒုတိယဗိုလ်မှူးကြီးကျော်ဦး-ဒေါ်မူမူစိုး (ရန်ကုန်)၊ မစန်းစန်းလေး(ခ)မစန်းစန်းမြင့် B.Sc (Botany)၊ ဦးကျင်စိန်-ဒေါ်နွဲ့နွဲ့စန်း (ဆောင်းသစ်နေ ကားအရောင်းစင်တာ၊ရန်ကုန်မြို့)တို့၏ဖခင်၊ မခိုင်ဇင်သက်[စာ/သု(တ-နှစ်)]၊ မောင်ကျော်ဇင်သီဟ(ဆေး-၁၊ဒု-နှစ်)၊ မောင်ပြည့်ဖြိုးမင်း(UFP)၊ မအိကိုစံ(Sec-2 ILBC) တို့၏အဘိုးသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့) ည ၁၀း၃၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်မုယောင်းသုသာန်သို့ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၃ရက်(သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကျော်ဦး

B.E (Mechanical)
Cost Engineer
Shell Eastern Petroleum (PTE) LTD Singapore

အသက်(၅၅)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ အမှတ် ၆၂နေ (ဦးကျော်ဇော၊ တိုင်းအင်ဂျင်နီယာ ဆောက်လုပ်ရေး) - ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် ၆၊ ငါးလွှာနေ (ဦးထွန်းရှင်၊ အင်ဂျင်နီယာ၊ ဧယျာဝတီသကြားစက်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်နီနီထွန်း၏ခင်ပွန်း၊ မောင်သက်ဇော်ဦး၊ မထူးအဥ္ဇလီတို့၏ဖခင်၊ ဦးစိုင်းလှမြင့်-ဒေါ်ရီရီလှဲ့၊ ဦးကျော်စိုးဝင်း (ဒု/ညွှန်ကြားရေးမှူး၊ ဘဏ္ဍာရေးဝန်ကြီးဌာန) - ဒေါက်တာသီသီလတ်၊ ဦးခင်မောင်ဇော်၊ဦးကျော်စိုးဝင်း(MOGE)-ဒေါ်နုထွေးလင်း(လ/ထကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ လားရှိုး)တို့၏အစ်ကိုကြီးသည် ၂၇-၇-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက်(တနင်္လာနေ့)တွင် စင်ကာပူနိုင်ငံ၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကျော်ဦး

B.E (Mechanical)
Cost Engineer
Shell Eastern Petroleum (PTE) LTD
Singapore

အသက်(၅၅)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ အမှတ် ၆၂နေ(ဦးကျော်ဇော၊ တိုင်းအင်ဂျင်နီယာ ဆောက်လုပ်ရေး) - ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သပြေညိုလမ်း၊ အမှတ် ၆၊ ငါးလွှာနေ (ဦးထွန်းရှင်၊ အင်ဂျင်နီယာ၊ ဧယျာဝတီသကြားစက်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဒေါ်နီနီထွန်း၏ခင်ပွန်း၊ မောင်သက်ဇော်ဦး၊ မထူးအဥ္ဇလီတို့၏ဖခင်၊ ဦးသန်းငွေး (မန်းရေနံမြေ၊ သယ်ပို့စက်ပြင်၊ အင်ဂျင်နီယာ)-ဒေါ်သန်းနု၊ ဦးသိန်းဖေ-ဒေါ်တင်တင်အေးထွန်း၊ဦးသန်းထွန်း(အင်ဂျင်နီယာ၊စင်ကာပူ)-ဒေါ်သန်းသန်းရှင်၊ ဦးဝင်းအောင်(အင်ဂျင်နီယာ၊ ဗီယက်နမ်)-ဒေါ်တင်တင်စိန်တို့၏ညီ/မောင်၊ ဒေါ်ခက်ခက်ထွန်း (သစ္စာမဏ္ဍိုင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)၊ ဦးစိုးပိုင်ထွန်း (Supernal) သောက်ရေသန့်တို့၏အစ်ကိုသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် စင်ကာပူနိုင်ငံ၌သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကြင်ငွေး M.A (Yale) (ရွှေဘို)

အငြိမ်းစားပါမောက္ခ၊ ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ်

အသက်(၈၄)နှစ်

(ဦးခဲရ-ဒေါ်လှဲ့၊ ရွှေဘို)တို့၏သမီး၊ (ဦးဘော့-ဒေါ်အေး)၊ (ဦးတက်ဝမ်-ဒေါ်မြမေ)၊ (ဦးကြည်-ဒေါ်ယဉ်မေ)၊ (ဦးတက်ဟန်-ဒေါ်တိုး)တို့၏ညီမ၊ အမှတ် ၂၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ခုနစ်မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီဝင်း၊ ဒေါ်ချိုချိုဝင်း(ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်၊ ငြိမ်း)-ဒေါက်တာချိုဝင်းမော်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)တို့၏အဒေါ်/မိခင်၊ မောင်ထက်ချို (University of New South Wale Sydney, Australia)၏အဘွားသည် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဘသိန်း (ညောင်ကျိုး)

ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)

အသက်(၇၁)နှစ်

အင်္ဂပူမြို့နယ်၊ ညောင်ကျိုးကျေးရွာနေ (ဦးထွန်း-ဒေါ်ပွေး)၊ ဒလမြို့နယ်၊ တဲတားကျောင်းကျေးရွာနေ (ဦးဖိုးငို-ဒေါ်နု)တို့၏သားသမက်၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်နေ ဒေါ်တင်မြ၏ခင်ပွန်း၊ ဦးသန်းဇော်ဦး-ဒေါ်ခင်မြင့်ဆွေ၊ ဗိုလ်ကြီးသိန်းထွန်းအောင်(ငြိမ်း) စစ်ဦးစီးတက္ကသိုလ် - ဒေါ်ခင်သက်မော် (တပ်မတော်ဆေးတက္ကသိုလ်)၊ ဦးဇော်မင်းသိန်း-ဒေါ်အေးအေးနွယ်၊ ဦးမျိုးမင်းသိန်းတို့၏ဖခင်၊ မနှင်းမိုမိုအောင်၊ မောင်ဟိန်းထွဋ်ဇော်၊ မောင်ညီဖုန်းဇော်မြတ်၊ မောင်မင်းသိန်းကျော်တို့၏အဘိုးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် ၅/၅၂၂ နေအိမ်၌ ၂၇-၇-၂၀၁၃ရက် (စနေနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်းအမ

ဒေါ်ခင်သန်းသန်း

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၃၉၊ ၃၂လမ်းနေ (ဦးမြင့်ဆွေ-ဒေါ်လှရွှေ)တို့၏သမီး၊ ဦးစက်လှိုင်-(ဒေါ်စန်းစန်း) ဦးသန်းထွန်းဆွေ(စည်ပင်)-ဒေါ်မြင့်မြင့်ဝင်းတို့၏ညီမ၊ (ဦးစိုးညွန့်)-ဒေါ်လှဲ့လှဲ့ဝင်း၊ (ဦးမောင်မောင်ခင်)-ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်မြင့်ဟန်-ဒေါ်ရီရီမြင့်၊ ဦးမြင့်ကျော်-ဒေါ်အေးအေးဝင်းတို့၏အစ်မ၊ မပန်းအိဖြူ၊ မောင်ဇော်မင်းသန့်(ခ)ဖိုးထောင်(ယာဉ်ထိန်းတပ်ဖွဲ့)၊ မမေမြတ်သူတို့၏မိခင်၊ မောင်ကျော်ထက်၊ မောင်ကြည်လင်မင်းသန့်တို့၏အဘွား၊ ဦးသိန်းဦး(ရဲတပ်ကြပ်ကြီး၊ ငြိမ်း)၏ဇနီးသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးသန်းဖေ(ခ) ဦးဂျီအက်(စ်)

ကြီးကြပ်ရေးမှူး
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
Myanmar Integrated Port Limited (MIPL)
ဒုအထွေထွေမန်နေဂျာ(ငြိမ်း)

အသက်(၇၆)နှစ်

မော်လမြိုင်မြို့နေ(ဦး P. ကရစ်ရှနား-ဒေါ်အပွယမား)တို့၏သားကြီး၊ဒေါ်စီစီ-ဦးမောင်မောင်တို့၏မောင်၊ ဒေါ်ဒေစီ၊ [ဦးတင်မြင့် (ကာလီဒါစ်)]တို့၏အစ်ကိုကြီး၊ ဒေါ်ဒါနလချ်မီး၏ခင်ပွန်း၊ (ဒေါ်ဥမ္မာသန်း)၊ ဦးကျော်သန်း Chief mate (Uriteam Ship Management)-ဒေါ်စံပယ်မြင့်၊ ဒေါ်သီတာသန်း-ဦးလှမျိုးလွင် Bosun (SP Ship Management)၊ ဦးကျော်မင်းသန်း Fitter (Multigate Ship Management) တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် တာမွေမြို့နယ်၊ မေတ္တာရိပ်မွန်အိမ်ရာ၊ အမှတ် ၀၁-B3၊ ဓမ္မဒါနလမ်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး ဟိန္ဒူသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးဇော်သိန်းထွန်း

အသက်(၅၅)နှစ်

မိုးမိတ်မြို့၊ မြို့မရပ်နေ (ဦးခင်-ဒေါ်တင်)၊ ညောင်ရွှေမြို့၊ ကန်သာရပ်နေ (ဦးအုံ-ဒေါ်ပေါ်)တို့၏မြေး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်မှူးထွန်းတင်-ဒေါ်အေးမြ)တို့၏သား၊ (ဦးဇော်ဝင်းမြင့်)၊ ဦးအောင်သူလတ်-ဒေါ်ဇော်ဝင်းနွဲ့တို့၏မောင်၊ မောင်စိုင်းဝေလင်းတိုး၏ အစ်ကိုသည် ၂၄-၇-၂၀၁၃ရက်တွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်မြင့်(ခ)ဦးအေးသာ

ဆက်သွယ်ရေး(ငြိမ်း)
(ကန်တော်ကလေး)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊သမာဓိ ၁လမ်း၊ အမှတ် ၂၃/ခ(ပထမထပ်)နေ (ဒေါ်စန်းစန်းမြင့်)၏ခင်ပွန်း၊မောင်ဆဏ်းဝင်း-မသန္တာအေးတို့၏ဖခင်၊ (ဦးညွန့်-ဒေါ်ကျင်)တို့၏သားကြီး၊ (ဒေါ်ရင်မြ)၊ဦးဘပု၊ ဒေါ်စန်းကြည်၊ ဦးဖေသန်း၊ဒေါ်တင်ရွှေ၊ဒေါ်ခင်အေး၊ ဒေါ်စိုးစိုးနွယ်တို့၏အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ ဦးလေးသည် ၂၈-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာမျိုးမျိုး

တွဲဖက်ပါမောက္ခ(မြန်မာစာဌာန)
သမဝါယမတက္ကသိုလ်(သန်လျင်)

အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၁၀နေ (ဦးစိန်မောင်-ဒေါ်စိန်ရီ)တို့၏သမီးထွေး၊ (ဦးသောင်အေး) - ဒေါ်ဝင်းဝင်းခင်တို့၏ တူမ၊ ဒေါ်မြမြမော်(အထက-၁၊ လှိုင်သာယာ)၊ ဒေါ်ခင်သန္တာ၊ ဒေါ်ခင်နီလာ (အမက-၂၅၊ မရမ်းကုန်း)၊ ဒေါ်ခင်မြင့်မြတ်(ပင်မစက်ပြင်၊ သစ်လုပ်ငန်း)တို့၏ ညီမ၊ ဆရာချစ် (ရုံးထိပ်ကျူရှင်၊ မင်းကုန်း)၊ မောင်မျိုးနိုင်ဦး-မဝါဝါ၊ ကိုမိုးမြင့်ဇင်-မဝင်းဝင်းမာ၊ မောင်အောင်မြင့်သိန်းတို့၏အစ်မ၊ မပြည့်ချစ်ဆုသွေး၊ မမြတ်ဖူးခိုင်၊ မအေးယဉ်ချစ်၊ မောင်အောင်ပြည့်စုံတို့၏အစ်ဒေါ်သည် ၂၇-၇-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းအပ်ကြားပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်ချန်း (မြစ်ကြီးနား)

မြို့နယ်မှူး(ငြိမ်း)၊ လဝက

အသက်(၈၁)နှစ်

မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်နေ (ဦးစက်ရီး - ဒေါ်စိန်ငွေး)တို့၏သား၊ (ဦးထွန်းဟန် - ဒေါ်သန်းငွေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တိုက် ၄၊ အခန်း၇၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်ညွန့်ညွန့်လေး(ဦးစီးအရာရှိ၊ ငြိမ်း၊ ပသအ)၏ခင်ပွန်း၊ ဒေါ်မူမူခင်၏ဖခင်၊ (ဒေါ်ရီကြိန်)၊ [ဦးချန်း(ခ)ဦးလှမြင့်-ဒေါ်လှသန်း]၊ ဦးသောင်းမြင့်-(ဒေါ်ရီလွင်ငွေး)၊ (ဦးမောင်ကို)-ဒေါ်ကြည်ကြည်ရီးတို့၏မောင်/ညီ၊ (ဦးအောင်ညွန့်)-ဒေါ်ခင်ခင်ရီးတို့၏အစ်ကိုသည် ၂၇-၇-၂၀၁၃ရက် ညနေ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြအေး(ခ) ဒေါ်မြတ်နွယ်

အသက်(၇၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ပင်းယလမ်း၊အမှတ် ၄၂၂နေ (ဦးဘရွှေ-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးစိုးတင်၊ အထက-၁၊တောင်ငူ)၏ဇနီး၊ ဒေါ်ခင်ဆက်ရည်(ဦးစီးအရာရှိ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ နေပြည်တော်)၊ ဦးမိုးကျော်သူ (Chief Officer Orkin Ship Management)-ဒေါ်ခင်ဥမ္မာအေး၊ ကိုမျိုးခိုင်အောင်၊ (မခင်စောနန်း)တို့၏မိခင်၊ မောင်ထွန်းပြည့်စုံတိုး (Grade-XI)၊ မဝင်းမြတ်မြတ်ဖြိုး (Grade-VI၊ အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးဘင်နီ (Benny D'castro)

အသက်(၇၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့နယ်၊ အမှတ် ၄၇၄၊ စွယ်တော်လမ်း၊ အောင်သုခရပ်ကွက်နေ (ဦးဘတိုး-ဒေါ်နီနီ)တို့၏သားကြီး၊ ဦးမင်းဝဏ်၊ ဦးမြင့်ကို၊ ဦးသိန်းသန်း၊ ဦးနန်းမြင့်၊ (ဒေါ်မေဘယ်လ်)၊ ဦးမင်းဆွေတို့၏အစ်ကိုကြီး၊ ဒေါ်အမ်မာ (Emma @ မာမာသီ)၏ ခင်ပွန်း၊ ဒေါ်ဒေဝီနွယ်၊ Fr. ဗညားနွယ်၊ ဒေါ်ရူပါနွယ်၊ ဦးဇာနည်နွယ်၊ ဦးနေဝင်းအောင်၊ ဦးနေလင်းစိုး၊ ဦး George Samson တို့၏ဖခင်၊ မPretty၊ မရွှန်းလဲ့ဇာနည်၊ မောင်မိုးထက်ဇာနည်၊ မောင်ရှိုင်းထက်ဇာနည်၊မကြည်ကလျာစိုးတို့၏ အဘိုး ဦးဘင်နီ(အငြိမ်းစား၊ အင်္ဂလိပ်စာ အထက်တန်းပြ)သည် ၂၅-၇-၂၀၁၃ ရက်(ကြာသပတေးနေ့)ညနေ ၅း၃၀နာရီတွင် အထက်ပါနေအိမ်၌ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ Catholic ခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ဝတ်ပြုဆုတောင်းရန်ပို့ဆောင်ပြီး မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာ Catholic သုသာန်၌ ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ကိုထွန်းအောင်ဇံ(ခ)ညီချေ

အသက် (၄၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (ဂ)ရပ်ကွက်၊ ဗိုလ်တေဇ(၂) လမ်း၊ အမှတ် ၁၃နေ ဦးဘာဘူကြီး(ခ) ဦးသာလှအောင် - (ဒေါ်အေးမေ)တို့၏ သားလတ်၊ ဒေါ်မသောင်းညွန့်-(ဦးဦးသာဇံ)၊ ဒေါ်ခင်ခင်ညွန့်-ဦးအေးသောင်း၊ ဒေါ်စောခင်-ဦးမောင်ထွေး၊ ဦးထွန်းစံဝေ-ဒေါ်မတင်ရွှေ၊ ဦးထွန်းမြင့်-ဒေါ်စိမ်းချိုချိုအေး၊ ဒေါ်ပပ-ဦးအေးထွန်း၊ ဒေါ်မိမိ-ဦးမောင်စံအေးတို့၏ညီ/မောင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏ အဘိုးလတ်သည် ၂၇-၇-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သရက်တောကျောင်းတိုက်၊ ရေလယ်ကလေးတိုက်ကျောင်း၏ ပဓာနနာယက ဆရာတော်

ဘဒ္ဒန္တကောဏ္ဍညာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဆဋ္ဌသံဂီတိ ပါဠိဝိသောဓက (ယခင်)(တိပိဋကပုစ္ဆက၊ အလယ်တောရပါဠိတက္ကသိုလ်နှင့် သရက်တောတိုက်ပါဠိတက္ကသိုလ် ကထိက၊ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာစစ်အဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်) လမ်းမတော်မြို့နယ်၊ ဩဝါဒါစရိယ (သ.စ.အ) ဓမ္မာစရိယ

သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၇၇)ဝါ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ရေလယ်ကလေးတိုက်ကျောင်း၏ ပဓာနနာယက ဘဒ္ဒန္တကောဏ္ဍညာဘိဝံသသည် (၁၃၇၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) ၂၆-၇-၂၀၁၃ရက်(သောကြာနေ့) ညနေ ၄း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) ၃၀-၇-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကေတုမာလာ(တိုင်းသံဃနာယကအဖွဲ့ဟောင်း၊ မူလဒွာရ)

သီရိသာသနိကာရမ်ကျောင်း၊ လှိုင်သာယာမြို့နယ်

သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၃)ဝါ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်အတွင်းရှိ သီရိသာသနိကာရမ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေတုမာလာသည် (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်) ၂၇-၇-၂၀၁၃ရက်(စနေနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နွဲ့

လူထုမေတ္တာကြာညို့-မုံရွာမြို့
မင်္ဂလွန်း၊ ကျောက်တန်း၊ မုံရွာ

အသက်(၈၀)

ကျောက်တန်းမြို့၊ မင်္ဂလွန်းကျေးရွာ အရှေ့ပိုင်းနေ (ဦးမောင်ကျော်-ဒေါ်တင်မြ)တို့၏ဒုတိယသမီးကြီး၊ မုံရွာမြို့၊ သိမ်တော်လမ်း၊ ဘုရားကြီးရပ်ကွက်နေ (ဦးရွှေ)၏ဇနီး၊ ဦးတင်ဦး-ဒေါ်ခင်မာကြည်၊(ဦးကျော်ဦး)-ဒေါ်စန်းနွဲ့၊ ဦးကျင်လှိုင်-ဒေါ်ဝင်းဆင့်၊ (ဦးကျင်ဟန်)၊ ဦးအောင်မင်း၊ ဒေါ်မိမိခိုင်၊ ဦးသန်းထိုက်-ဒေါ်သီတာငွေး၊ ဦးမြင့်ဦး-ဒေါ်သူဇာတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၈-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၄၀ နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မိုးမေတ္တာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအဝေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်၂၊ ဆင်ရေတွင်း ၁လမ်း၊ ကမာရွတ်မြို့နယ် ဦးမြင့်ဦး-ဒေါ်သူဇာ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမ ဒေါ်မရီးနာ

ခရစ်တော်၏အိမ်အသင်းတော်

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊အမှတ် ၄၉(ခြောက်လွှာ-B)နေ(ဦးဂျော်ဂျီ)-ဒေါ်ဆန်သီသိန်းတို့၏သမီး၊ (ဦးသန်း)-ဒေါ်ကြွတ်တို့၏သမီးချွေးမ၊ (ဦးမောင်နု)၏ဇနီး၊ မောင်မိုးဇက်နု (Bethany Bible College)၊ မောင်စတီဗင်နု(T.T.C)၊ မောင်ဒေးဗစ်နု[အဋ္ဌမတန်း (T.T.C) (M)]တို့၏မိခင်၊ (ဦးသိန်းနိုင်)၊ ဦးမိုးကျော်-ဒေါ်မဒီးနာ၊ ဦးကျော်ကျော်ဆန်း-ဒေါ်ရာဂျီနာ၊(ဦးဂျိုးဇက်)-ဒေါ်ဟယ်လင်နာ၊ ဦးဝင်းနိုင်-ဒေါ်နော်စေးခူတို့၏အစ်မ၊ တူ၊တူမ လေးယောက်တို့၏အဒေါ်၊ မြေးတစ်ယောက်တို့၏အဘွားသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဟန်

ရေယာဉ်မှူး
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

အသက်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးချစ်စိန်-ဒေါ်ခင်မြ)တို့၏သား၊ အိမ်မဲမြို့နယ်၊ ဝဲကြီးကုန်းရွာနေ ဦးတင်ညွန့်-(ဒေါ်အေးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊အမှတ်(၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၆၇၃-A နေ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးသက်ကိုဦး-ဒေါ်ခင်သီတာယဉ်၊ ဦးနန်းထွန်းရွှေ-ဒေါ်တင်တင်အေး၊ ဦးသက်နိုင်ဦး-ဒေါ်တင်တင်မြ၊ ဦးအောင်နိုင်ဦး - ဒေါ်ခင်ဆွေဦး၊ ကိုသန့်ဇင်ဦး၊ကိုပြည့်စုံအောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၁၃ရက် နံနက် ၁း၅၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းကြွယ်

(တောင်ဥက္ကလာပ)

အသက်(၆၆)နှစ်

ကျောက်ပန်းတောင်းမြို့၊ ပေါက်တောအလယ်ရွာနေ (ဦးပွား-ဒေါ်သင်းစိန်)တို့၏သမီး၊ အမှတ် ၂၀၀၊ ၁၀လမ်း၊ (၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်အောင်၏ဇနီး၊ ဒေါ်ခင်ပု-ဦးရွှေလှ၊ (ဒေါ်ယု) - ဦးထွန်းဝေတို့၏ညီမ၊ ဦးကံထွန်း-ဒေါ်ကြည်လှိုင်၊ ဦးဝင်းအောင်-ဒေါ်တင်ဝတို့၏အစ်မ၊ ဦးရာဇိန္ဒ-မခင်ဆွေဦး၊ ဒေါ်ဝေဝေလွင်-ဦးသန်းငွေး၊ ဦးအောင်နိုင်-ဒေါ်ကေသီခိုင်၊ ဒေါ်အေးအေးသန်း-Mr.ကင်ရောင်စူးတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၇-၇-၂၀၁၃ရက် (စနေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် **mmalin.npt @ gmail.com**၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ကော့ကရိတ်-ကျုံဒိုး ကားလမ်းပေါ် ရေကျော်နေခြင်းကြောင့် ကုန်တင်ယာဉ်ကြီးတစ်စီး လမ်းဘေးသို့ ချော်ကျနေမှုကို တွေ့မြင်ရစဉ်။

ကော့ကရိတ်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းပေါ်ရေကျော်

ကျုံဒိုး ဇူလိုင် ၂၈

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်၊ ချောင်းများ ရေတိုးပြီး လမ်းများရေကျော်ကာ ကျုံဒိုးမြို့ အနီးအနားကျေးရွာများ ဆက်သွယ်သွားလာမှု အခက်အခဲများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများ စက်တပ်လှေများ၊ လှေများဖြင့်သာ ဈေးရောင်းဈေးဝယ် ပြုလုပ်ကြရသည်။

ဇူလိုင် ၂၈ ရက် (တနင်္ဂနွေနေ့)တွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ကရင်ပြည်နယ်၏ အဓိကလမ်းမကြီးဖြစ်သော ကော့ကရိတ်-ကျုံဒိုး ကားလမ်း ခုနစ်တိုင်နှင့် ငါးတိုင်ကြား ကားလမ်းပေါ် တောင်ကျရေများကျလာ၍ ဆိုင်ကယ်များ၊ ကားများနှင့် ကုန်တင်ယာဉ်ကြီးများ အသွားအလာအခက်အခဲဖြစ်ပေါ်ကာ ရေစီးသန်ခြင်းကြောင့် ဒိုင်နာကားနှင့် ၁၂ ဘီးကုန်တင်ယာဉ်ကြီးများ လမ်းဘေးသို့ချော်ကာ တိမ်းမှောက်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ကားလမ်းတွင် ယာဉ်အသွားအလာ လမ်းပိတ်ဆို့မှုများ မဖြစ်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများစုပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.MR.JOHN BERCOW ၏ ကိုယ်ရေးအကျဉ်း

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.MR.JOHN BERCOW အား ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ဗြိတိန်နိုင်ငံ မစ်ဒယ်ဆက်ပြည်နယ် အက်ချ်ဝဲမြို့၌ မွေးဖွားခဲ့ပါသည်။ လန်ဒန်မြို့ ဖင်ချ်လေမနောပေး ကျောင်း၌ ပညာသင်ကြားခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် အက်စက်ခ်စ်တက္ကသိုလ်မှ နိုင်ငံ့အုပ်ချုပ်ရေး ဂုဏ်ထူးတန်း ဝိဇ္ဇာဘွဲ့ကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့ပါသည်။

၁၉၈၆-၈၇ ခုနှစ်တွင် ဗြိတိန်နိုင်ငံလုံးဆိုင်ရာ ကွန်ဆာဗေးတစ်ကျောင်းသားများအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၆-၉၀ ခုနှစ်တွင် Lambeth Borough ကောင်စီအဖွဲ့ဝင်၊ ၁၉၈၇-၈၉ ခုနှစ်တွင် Lambeth Borough ကောင်စီ၏ အတိုက်အခံ ဒုတိယခေါင်းဆောင်အဖြစ်လည်းကောင်း၊ ၁၉၉၈-၉၉ ခုနှစ်တွင် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုဆိုင်ရာ သီးသန့်ရေးကော်မတီ၏ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ဆောင်ရွက်ခဲ့

၁၉၉၉-၂၀၀၀ ခုနှစ်တွင် အတိုက်အခံပါတီ၏ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အဖြစ်လည်းကောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် အတိုက်အခံပါတီ၏ ပြည်ထဲရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အဖြစ်လည်းကောင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တော်ဝင်ဘဏ္ဍာရေးဆိုင်ရာ အတွင်းရေးမှူး၏ လုပ်ငန်းများအား အတိုက်အခံပါတီဘက်မှ စောင့်ကြပ်လေ့လာသူအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် အလုပ်သမားနှင့်ပင်စင်ဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းများအား စောင့်ကြပ်လေ့လာသူ Shadow Minister အဖြစ်လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အတိုက်အခံ (Shadow Secretary of State)အဖြစ်လည်းကောင်း၊ ၂၀၀၄-၂၀၀၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ သီးသန့်ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၅-၂၀၀၉ ခုနှစ်အတွင်း ပါလီမန်ဥက္ကဋ္ဌ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ *စာမျက်နှာ ၉ ကော်လံ ၅* ◆

ဒေါ့မွန်တို့ ဂျာမန်စူပါဖလားဆွတ်ခူး

ဝေယံဦး - ရေးသည်

ဘာလင် ဇူလိုင် ၂၈

ဂျာမန်စူပါဖလားလုပွဲ အဖြစ် ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်အသင်းတို့ ဇူလိုင် ၂၈ ရက်က ယှဉ်ပြိုင်ကစားရာ နည်းပြဂွာဒီယိုလာ၏ ဘိုင်ယန်မြူးနစ်တို့ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးပြီးရာသီအကြိုဖလားတစ်လုံး လက်လွှတ်လိုက်ရပြီဖြစ်ပြီး ဒေါ့မွန်တို့ ဂျာမန်စူပါဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။ **(အောက်ပုံ)**

လက်ဆောင်ဂိုး

ဒေါ့မွန်အတွက် ဂိုးများကို ပွဲချိန် ၆ မိနစ်၌ မာကိုရက်စ်က တစ်ဂိုး၊ ၅၆ မိနစ်၌ ဘိုင်ယန်မြူးနစ်မှ ဘိုင်တန်၏ လက်ဆောင်ဂိုး တစ်ဂိုး၊ ၅၇ မိနစ်၌ ဂန်ဒိုဂန်ကတစ်ဂိုး၊ ၈၆ မိနစ်၌ မာကိုရက်စ်က တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အတွက် ဂိုး နှစ်ဂိုးကို ပွဲချိန် ၅၄ မိနစ်နှင့် ၆၄ မိနစ်တို့၌ ရော်ဘင်က တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အတွက် ပြုပြင်မှုပြုလုပ်ရမည်ဟု ပွဲအပြီး နည်းပြဂွာဒီယိုလာက ပြောကြားသည်။

ရခိုင်ပြည်နယ်အနှံ့ မိုးသည်းထန်စွာရွာ မြစ်ရေကြီးမှုအချို့ ရှိကြောင်းသိရ

ဇူလိုင်၊ ဩဂုတ်လများသည် မြန်မာနိုင်ငံ၏ မိုးလယ်ကာလများဖြစ်သဖြင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးရွာသွန်းမှု များတတ်သည်။ ဤအချိန်တွင် မိုးနည်းဒေသများ၌လည်း အခါအားလျော်စွာ မိုးရွာသွန်းမှုများ ရှိတတ်သည်။ ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမနှင့် ဘင်္ဂလားပင်လယ်အော်ကြားတွင် တည်ရှိသဖြင့် မုတ်သုံမိုးများ အများဆုံးရွာတတ်သော ဒေသတစ်ခုဖြစ်သည်။

ယခု ရက်အနည်းငယ်အတွင်းတွင် မုတ်သုံလေအားကောင်းမှုကြောင့် ရခိုင်ပြည်နယ်အနှံ့ မိုးသည်းထန်စွာရွာသွန်းလျက်ရှိသည်။ တစ်ရက်လျှင် နာရီပိုင်းသာ မိုးတန့်ပြီးတောက်လျှောက်ရွာသွန်းသည်။ "ကျွန်တော်တို့ဘက်မှာ ဒီနေ့မိုးတော်တော် ရွာပါတယ်။ လယ်ကွင်းတွေ ရေပြည့်လျှံသွားပါတယ်။ လေလည်းအနည်းငယ်တိုက်ပါတယ်" ဟု တောင်ကုတ်မြို့နယ် ရွာမကျေးရွာမှ လယ်သမားတစ်ဦးက ပြောပြသည်။ ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဇွန် ၂၆ ရက်တွင် တောင်ကုတ်မြို့၌ ၈ ဒသမ ၆၂ လက်မ၊ ကျောက်ဖြူမြို့၌ ၅ ဒသမ ၀၀ လက်မ၊ မြောက်ဦးမြို့၌ ၄ ဒသမ ၆၉ လက်မ၊ ကျောက်တော်မြို့၌ ၄ ဒသမ ၅၇ လက်မနှင့် အမ်းမြို့၌ ၃ ဒသမ ၈၆ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။ မိုးသည် ရပ်တန့်မှုမရှိဘဲ တစ်ခါတစ်ရံ လေတိုက်ပြီးလည်းရွာသည်။

ဇူလိုင် ၂၇ ရက်ညက စစ်တွေမြို့တွင် မိုးအလွန်သည်းထန်ပြီး မိုးကြိုးပစ်မှုများလည်းရှိခဲ့သည်။ ဇူလိုင် ၂၈ရက် *စာမျက်နှာ ၉ ကော်လံ ၅* ✻

သံလွင်မြစ်ရေ ဘားအံမြို့ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေ

နေပြည်တော် ဇူလိုင် ၂၈

သံလွင်မြစ်ရေသည် ယနေ့ နံနက်၉နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ လွန်ခဲ့သော ၂၄ နာရီအတွင်းက ၄၉ စင်တီမီတာ (၁-ပေခွဲခန့်) မြင့်တက်ခဲ့ပြီး စိုးရိမ်ရေမှတ်အထက် ၄ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ၃၀ စင်တီမီတာ (၁-ပေခန့်) ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရုရှားအာကာသကုန်တင်ယာဉ် လွှတ်တင်

အာကာဟိန်း-ရေးသားသည်

ရုရှားနိုင်ငံမှ အာကာသကုန်တင်ယာဉ်တစ်စင်းကို နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ဇူလိုင် ၂၈ ရက် နံနက်က လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်သည်။

အဆိုပါ အာကာသကုန်တင်ယာဉ်ကို ကာဇက်စတန်ရှိ ဘိုင်ကူနောအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ပရိုဂရက်စ်အမ်- ၂၀အမ် ဒုံးပျံဖြင့် ဇူလိုင် ၂၈ရက် ဒေသစံတော်ချိန် နံနက် ၀၀း၄၅နာရီက အောင်မြင်စွာ လွှတ်တင်လိုက်ခြင်းဖြစ်သည်။

ယင်းအာကာသ ကုန်တင်ယာဉ်တွင် နိုင်ငံတကာအာကာသစခန်းယာဉ်အတွက် လောင်စာ၊ အောက်ဆီဂျင်၊ စားနပ်ရိက္ခာ၊ သုတေသနအထောက်အကူပြု ပစ္စည်းများနှင့် အာကာသယာဉ်မှူးများ အတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ သယ်ဆောင်သွားသည်။

တစ်ဖန် နိုင်ငံတကာအာကာသစခန်းယာဉ်ရှိ အာကာသယာဉ်မှူးများအတွက် လတ်ဆတ်သော သစ်သီးများ၊ ဟင်းသီးဟင်းရွက်များလည်း သယ်ဆောင်သွားသည်။ ယင်းအာကာသကုန်တင်ယာဉ်သည် လွှတ်တင်ပြီး ခြောက်နာရီအကြာတွင် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ရန် စီစဉ်ထားသည်။

(ဆင်ဟွာ)



ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို(က) မှ (ဃ) အထိ ပါရှိပါသည်။

ကြော်ငြာ

ပြည်သူ့အတွက်
SKY NET
၂၀၁၃ ခုနှစ် ဩဂုတ်လ(၁)ရက်မှစတင်ရောင်းချမည့်
SN-1
PACKAGE
အိမ်သုံးကြည့်ရှုရန်
အတွက်သာ
ဈေးနှုန်းချိုသာစွာဖြင့် ကြည့်ရှုနိုင်မည့် SKY NET SN-1 PACKAGE
တစ်လလျှင် ၃၆၀၀ ကျပ်နှုန်းဖြင့် SKY NET ရုပ်သံလိုင်းပေါင်း(၂၀) ကြည့်ရှုနိုင်ပါပြီ၊
MRTV
mntv
teen
KNOWLEDGE
HLUTTAW
Bloomberg
CCTV NEWS
HEALTH
arirang
POLICE CHANNEL
SKYNET HD STB
55,000 KYATS
လစဉ်ကြေး
၃၆၀၀ ကျပ်
CUSTOMER HOT LINE
01 9010101, 01 9010102, 01 9010103, 01 9010104, 01 9010105,
01 9010220, 01 9010221, 01 9010222, 01 9010223, 01 9010224

ကြော်ငြာ

ပြည်သူ့အတွက်
SKY NET
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁)ရက်မှစတင်ရောင်းချမည့်
SN-2
PACKAGE
အိမ်သုံးကြည့်ရှုရန်
အတွက်သာ
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအတွက်
ကတ္တာစုံ၊ ရသစုံ၊ ကြည့်ရှုခံစားနိုင်မည့် SKY NET SN-2 PACKAGE
SKYNET HD STB
55,000 KYATS
တစ်ပတ်လျှင် BARCLAYS PREMIER LEAGUE ပွဲစဉ် (၃) ပွဲအထိကြည့်ရှုနိုင်ပါမည်။

ကြော်ငြာ

ပြည်သူ့အတွက်
SKY NET
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁)ရက်မှစတင်ရောင်းချမည့်
SN-3
PACKAGE
အိမ်သုံးကြည့်ရှုရန်
အတွက်သာ
SKYNET SN-3 PACKAGE
SKYNET HD STB
55,000 KYATS
BARCLAYS PREMIER LEAGUE, CHAMPIONS LEAGUE, EUROPA LEAGUE,
LA LIGA, BUNDESLIGA, SERIE A, LIGUE-1, FA CUP, N POWER, CAPITAL ONE,
J-LEAGUE, K-LEAGUE, A-LEAGUE, MAJOR LEAGUE, BRAZILEIRAO
တိုက်ရိုက် (LIVE) ကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

ကြော်ငြာ

ပြည်သူ့အတွက်
SKY NET
အိမ်သုံးကြည့်ရှုရန်
အတွက်သာ
HD
PACKAGE
အိမ်သုံးကြည့်ရှုရန်
အတွက်သာ
ချစ်ခင်ခလေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအတွက်
ရုပ်သံအရည်အသွေးကြည်လင်ပြတ်သားသော်ရားစွာဖြင့် ကြည့်ရှုနိုင်မည့် SKY NET HD PACKAGE
တစ်လလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် HD Package သီးသန့်ဝယ်ယူအားပေးနိုင်ပါပြီ။
SKY NET
Sports HD
SKY NET
Movies HD
MTV
LIVE HD
HD
MOTORVISION
+
SKYNET HD STB
55,000 KYATS
SN-2
PACKAGE
SN-2+HD
SN-3
PACKAGE
SN-3+HD